# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၂)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဥရောပကော်မရှင်မှ ညွှန်ကြားရေးမှူးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

## ရခိုင်ပြည်နယ်၌ တရားဥပဒေ စိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ထပ်မံလက်ခံတွေ့ဆုံခဲ့ပြီး အထူးကိုယ်စားလှယ်၏ ခရီးစဉ်နှင့်ပတ်သက်၍ သဘောထားအမြင်များအပေါ် ဆွေးနွေးခဲ့သည်။

**MoU ကို ဆောလျင်စွာအကောင်အထည်ဖော်**

ယင်းသို့ တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်အနေဖြင့် ၎င်း၏မြန်မာနိုင်ငံခရီးစဉ်အတွင်း အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရခိုင်ပြည်နယ်ရှိ ထိခိုက်ခံစားရသော အသိုက်အဝန်းများနှင့် တွေ့ဆုံရာမှ ယေဘုယျလေ့လာတွေ့ရှိချက်များကို ပြန်လည်တင်ပြသည်။ အထူးကိုယ်စားလှယ်က ရှင်းလင်းတင်ပြရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအပါအဝင် မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ် အရေးကိစ္စ၏ သိမ်မွေ့နက်နဲရှုပ်ထွေးမှုတို့အပေါ် အသိအမှတ်ပြုခဲ့ပြီး အသိုက်အဝန်းများအကြား သဘောထားကြီးမားစွာ ကွဲလွဲနေမှုကြောင့် ပြန်လည်သင့်မြတ်ရေး အပါအဝင် နေရပ်စွန့်ခွာသူများ ပြန်လာရေးအတွက် သင့်လျော်ကောင်းမွန်သည့် အခြေအနေများ ဖန်တီးပေးရန် လိုအပ်နေမှု၊ လွတ်လပ်စွာသွားလာခွင့်နှင့် လုံခြုံရေးလိုအပ်နေမှုတို့နှင့် UNDP၊ UNHCR တို့နှင့် လက်မှတ်ရေးထိုးခဲ့သော MoU ကို ဆောလျင်စွာ အကောင်အထည်ဖော်ရေးတို့ကို ပြောကြားခဲ့သည်။

**ကုလသမဂ္ဂ၏ပံ့ပိုးကူညီမှုလည်းလိုအပ်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အသိုက်အဝန်းများအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးအတွက် သည်းခံမှုဖြင့် အချိန်ယူကြိုးပမ်းရမည် ဖြစ်ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုလည်း လိုအပ်ကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## (၃၃) ကြိမ်မြောက် ကိုရီးယားကမ္ဘာ့ခရီးသွားပြပွဲ -၂၀၁၈ တွင် မြန်မာနိုင်ငံမှ အကောင်းဆုံးပြခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်မှုဆုရရှိ

ပြည်တွင်းသတင်း | စာ » ၃

## ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်

နိုင်ငံတကာသတင်း | စာ » ၁၄

## ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

**နေပြည်တော် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ◆


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

## မြန်မာ့စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လဆန်းတွင် အသက်ဝင်တော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ အသက်ဝင်လာပါက မြန်မာလုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းကို နိုင်ငံခြားသားများ ပိုင်ဆိုင်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီတို့၏ ၉၈ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ ဤအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းလုပ်ကိုင်ရာ၌ ငွေကြေးအရင်းအနှီးအရလည်းကောင်း၊ စီမံခန့်ခွဲမှုအရလည်းကောင်း၊ နည်းပညာအရလည်းကောင်း၊ ဈေးကွက်အခွင့်အလမ်းအရလည်းကောင်းအခက်အခဲများကို ရင်ဆိုင်ရလျက်ရှိပါသည်။ မြန်မာနိုင်ငံရှိကုမ္ပဏီများက နိုင်ငံခြားကုမ္ပဏီများနှင့် စနစ်တကျတွဲဖက်လုပ်ကိုင်နိုင်ပါကအဆိုပါ အခက်အခဲများကိုကျော်လွှားရာ၌ များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိကုမ္ပဏီများအတွက် ချေးငွေအပါအဝင် ဘဏ္ဍာရေးဝန်ဆောင်မှုပေးနေကြသော ဘဏ်လုပ်ငန်းများသည်ပင် အထက်၌တင်ပြထားသည့် အခက်အခဲတို့ကို ရင်ဆိုင်ရလျက်ရှိပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရမြန်မာနိုင်ငံရှိဘဏ်လုပ်ငန်းတို့သည်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံနိုင်တော့မည် ဖြစ်ပါသည်။ သို့သော် ဘဏ်လုပ်ငန်းတို့သည် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံရယူမည်ဆိုပါက ဗဟိုဘဏ်သို့တင်ပြရမည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံရှိဘဏ်လုပ်ငန်းများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလက်ခံနိုင်တော့မည်ဖြစ်၍ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍဝန်ဆောင်မှုမြှင့်တင်ရေး၌ အထောက်အပံ့ကောင်းတို့ကို ဖြစ်စေမည်ဖြစ်ပါသည်။

ဘဏ်များအပါအဝင် မြန်မာနိုင်ငံရှိကုမ္ပဏီများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို ခွင့်ပြုလက်ခံနိုင်တော့မည်ဖြစ်သောကြောင့် တိုင်းပြည်၏စီးပွားရေးကိုမြှင့်တင်ရာ၌ တွန်းအားကောင်းတို့ကိုဖြစ်ပေါ်စေမည် ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့က တိုင်းပြည် စီးပွားရေးအားမြှင့်တင်နိုင်သည်ကို သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြည်ပတင်ပို့မှုကို ဥပမာထားလျက် တင်ပြဆွေးနွေးလိုပါသည်။ မြန်မာနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုသည် ၂၀၁၀ပြည့်နှစ်၌ အမေရိကန်ဒေါ်လာ ၅၅ သန်းသာရှိပါသည်။ သို့သော် ဤကိန်းဂဏန်းသည် ၂၀၁၆ခုနှစ်၌ အမေရိကန်ဒေါ်လာ ၁၄၁သန်းအထိ တိုးမြင့်လာခဲ့ပါသည်။ ခြောက်နှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြည်ပတင်ပို့မှုနှစ်ဆကျော်တိုးမြင့်လာခြင်းသည် အနာဂတ်ကာလ၌ တိုးချဲ့နိုင်စွမ်းရှိခြင်းကို ထင်ရှားစွာဖော်ပြနေပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကူအညီဖြင့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် ပြည်ပတင်ပို့မှုလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ပါက တိုင်းပြည်၏စီးပွားရေးကို မြှင့်တင်ရာ၌ အထောက်အပံ့ကောင်းတို့ကို ဖြစ်စေမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ဘဏ်များအပါအဝင် မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လက်ခံခွင့်ပြုပေးခြင်းကို ကြိုဆိုပါကြောင်းလေးစားစွာ တင်ပြအပ်ပါသည်။ ။

## တန့်ဆည်၌ ကျေးရွာအုပ်စု ၁၁ စုအား စိုက်ပျိုးစရိတ်များ ထုတ်ချေး

**တန့်ဆည် ဇွန် ၂၀**

တန့်ဆည်မြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေကျပ် သိန်းပေါင်းတစ်သိန်းတစ်သောင်း ထုတ်ချေးရန် လျာထားရာ ဇွန် ၁၉ ရက် အထိ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ တောင်သူ ၂၇၈၁၂ ဦး စပါး ၁၂၆၅၁ ဧကနှင့် မြေပဲ ၈၉၃ ဧကအတွက် ငွေကျပ် ၁၉၄၂၃ ဒသမ ၀၀ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စပါးစိုက်ဧက ခုနစ်သောင်း၊ မြေပဲစိုက်ဧက တစ်သောင်းထုတ်ချေးရန် လျာထားကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေး ဂျပန်ကူညီမည်

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေး ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးသွားရန် စတင်ကြိုးပမ်းလျက်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး အီချီရို မာရူရာမက ပြောသည်။

"ရန်ကုန် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဖို့အတွက် ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်ကူညီပေးသွားမှာ ဖြစ်ပါတယ်၊ ပြည်သူတွေသွားလာမှု အဆင်ပြေစေဖို့ မြို့ပတ်ရထားလမ်းကို အရှေ့ဘက်ကနေ အနောက်ဘက်၊ တောင်ဘက်ကနေ မြောက်ဘက်ကို ဘယ်လို ဖောက်မလဲဆိုတာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်၊ အဲဒီ့အတွက် ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ဂျပန်သံရုံးနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA )တို့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ စတင်လေ့လာမှုတွေလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး အီချီရို မာရူရာမက ဇွန် ၁၆ ရက်က ပြုလုပ်သည့် ရန်ကုန်ဘူတာကြီး ရထားများ ဗဟိုထိန်းချုပ်စနစ်ကို ကွန်ပျူတာစနစ်သို့ စတင်ပြောင်းလဲအသုံးပြုခြင်း အခမ်းအနားတွင် ပြောသည်။



စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပို့ဆောင်ဆက်သွယ်ရေးသည် အရေးကြီးကြောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းသည် ခရီးသွားလာရေးအတွက် အလွန်တန်ဖိုးရှိကြောင်း၊ ဘတ်စ်ကားလိုင်းများနှင့် ဘူတာများ ချိတ်ဆက်သွားနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်သံအမတ်ကြီးက ပြောသည်။

ရန်ကုန် မြို့ပတ်ရထားလမ်းတွင် RBE တွဲဆိုင်း ၁၂ ဆိုင်း၊ ရထားကြီး ၁၃ ဆိုင်း စုစုပေါင်း ၂၅ ဆိုင်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ တစ်နေ့ ပြေးဆွဲခေါက်ရေ ၂၂၀ ရှိပြီး တစ်ရက် ပျမ်းမျှခရီးသည် ၈၃၀၀၀ စီးနင်းအသုံးပြုလျက်ရှိကြောင်း၊ မြို့ပတ်ရထားလမ်း ခရီးမိုင် ၂၉ ဒသမ ၅မိုင်အတွင်း မြို့ပတ် ဘူတာပေါင်း ၃၈ ဘူတာရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပတ် ရထားသည် လက်မှတ်ခမှာ ၁၅ မိုင်အတွင်း ငွေကျပ် ၁၀၀၊ ၁၅ မိုင်အထက် ငွေကျပ် ၂၀၀ သတ်မှတ်ထား၍ ဘတ်စ်ကားနှင့်နှိုင်းစာလျှင် ကုန်ကျစရိတ်များစွာ သက်သာခြင်း၊ မြို့ပတ်ရထားလမ်းတစ်လျှောက် ဆင်ခြေဖုံးမြို့များမှ ပြည်သူများသွားလာမှု အဆင်ပြေခြင်း၊ အချိန်မှန်စွာ ထွက်ခွာခြင်းတို့ကြောင့် ရန်ကုန်မြို့နေ ခရီးသွားပြည်သူအချို့မှာ ရထားကို အားထားနေရဆဲဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

## ညောင်ရမ်းဓာတ်အားခွဲရုံသို့ ၃၃ ကေဗွီ ကြိုးသွယ်တန်းပြီးပါက ကျေးရွာ ၅၆ ရွာ လျှပ်စစ်မီးအပြည့်အဝရရှိမည်

**သာစည် ဇွန် ၂၀**

ညောင်ရမ်းကျေးရွာ ရွှေဂူကြီးဘုရားကုန်းတော်အနီးတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် (၃၃/၁၁)ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားလိုင်းကြိုးချိတ်ဆက်နိုင်ရေးအတွက် ဓာတ်အားကြိုးဆွဲနေပြီဖြစ်ရာ ယနေ့အထိ ငါးမိုင်လေးဖာလုံအထိ ဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

ညောင်ရမ်းဓာတ်အားခွဲရုံရောက်သည်အထိ မြို့တွင်းပေ ၃၀၀၀ ခန့်ဆွဲရန်ရှိရာ သာစည်မြို့အမှတ် ၄ နယ်မြေ ထိန်ကန်ရပ်ကွက်ရှိ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်းအနီးမှ ဖြတ်သန်း၍ ဆွဲရန်ရှိသော်လည်း ထိန်ကန်ရပ်ကွက်နေ ဒေသခံလူထုက ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကျရောက်နိုင်မည်ကို စိုးရိမ်ပြီး လူထုဆန္ဒထုတ်ဖော်၍ ကန့်ကွက်တားမြစ်နေကြသဖြင့် ဓာတ်အားကြိုးဆက်လက်ဆွဲရန်အတွက် အခက်အခဲကြုံတွေ့နေကြောင်း သိရသည်။

"ကျွန်တော်တို့ ဓာတ်အားကြိုးဆွဲမယ့်နေရာက အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း လမ်းနဲ့ ပေ ၄၀ ကွာဝေးပါတယ်၊ ဓာတ်တိုင်စိုက်ထူရာမှာလည်း ဓာတ်တိုင်အမြင့်က မြေဝင်မှ အပေါ်ကို ၃၆ ပေအထိ စိုက်ထူထားတာပါ၊ ဓာတ်အားကြိုးတွေက ဖိုက်ဘာ၊ဖယောင်းပလတ်စတစ်နဲ့ သုံးထပ်ကာရံထားတဲ့ ကြိုးတွေပါ၊ Spacer နဲ့ ချိတ်ဆက်သွယ်တန်းမှာဖြစ်လို့ အန္တရာယ်မရှိပါဘူး၊ ဒီလုပ်ငန်းလုပ်နေကြတာလည်း တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်နဲ့ ပြုလုပ်နေကြတာပါ"ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်မိုးက ပြောသည်။

အဆိုပါဓာတ်အားခွဲရုံသို့ ၃၃ ကေဗွီ ဓာတ်အားကြိုးသွယ်တန်း ချိတ်ဆက်ပြီးပါက ညောင်ရမ်းကျေးရွာအုပ်စုအတွင်းရှိ လက်ရှိလျှပ်စစ်မီးလင်းနေဆဲ ရွာ ၃၈ ရွာမှာ ပို့အားအပြည့်အဝရရှိသုံးစွဲနိုင်မည်ဖြစ်သည့်အပြင် နောက်ထပ်ကျေးရွာ ၁၈ ရွာမှာလည်း လျှပ်စစ်မီးထပ်မံရရှိကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**မောင်ကို (သာစည်)**



## ကော့သောင်း-ဘုတ်ပြင်းကားလမ်းပိုင်း ယာဉ်အသွားအလာမပြတ်တောက်ရေး ပြုပြင်ဆောင်ရွက်



**ကော့သောင်း ဇွန် ၂၀**

လွန်ခဲ့သည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ကော့သောင်း-ဘုတ်ပြင်း ကားလမ်း ၃၁၇ ဒသမ ၀ ကီလိုမီတာ နှင့် ၃၁၇ ဒသမ ၅ ကီလိုမီတာအကြားရှိ သီတာရေစင် တံတားမှာ တောင်ကျရေများ တိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်းပျက်စီးကာ ယာဉ်အသွားအလာ ခေတ္တပြတ်တောက်ခဲ့မှုကို နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမဖြစ်ပေါ်စေရန် ဇွန် ၁၉ ရက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တံတားရေတိုက်စားခံရသဖြင့် တံတားချဉ်းကပ်လမ်း မြေပြိုမှုကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရေး ဆောင်ရွက်ခဲ့ရာ ဇွန် ၂၀ ရက်က မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များ ပြန်လည်ဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နေကြသူများအား ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့မှ သောက်ရေသန့်များ၊ အချိုရည်များနှင့် စားစရာမျိုးစုံကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပကော်မရှင်မှ ညွှန်ကြားရေးမှူး Mr. Pierre Amilhat နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

*❄ ရှေ့ဖုံးမှ*

အသိုက်အဝန်းများအကြား မသင့်မြတ်မှုများမှာ ရှေးယခင်ကပင် တည်ရှိနေခဲ့ပြီး၊ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ယိုယွင်းလာခဲ့ကာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ဖြစ်ပွားခဲ့သော ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွန်စွာဆိုးရွားသည့် အခြေအနေသို့ ရောက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်း လွတ်လပ်စွာသွားလာနိုင်မှု မရှိခြင်းမှာ လုံခြုံရေးအခြေအနေအရ စိုးရိမ်သဖြင့်မသွားရဲကြခြင်းကြောင့်သာ ဖြစ်ကြောင်း၊ ယင်းအတွက် ရခိုင်ပြည်နယ်၌ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှ အမုန်းပွားစေသော သဘောထားအမြင်များက အသိုင်းအဝိုင်းနှစ်ခုအကြား ပိုမိုကွဲပြားမှုများ ဖြစ်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြဿနာအား ရှေ့ဆက်လက်၍ မည်သို့ဖြေရှင်းမည်ကို အလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း စသည်ဖြင့် ပြန်လည်ပြောကြားခဲ့သည်။

**လက်ခံတွေ့ဆုံ**

အလားတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပကော်မရှင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အာရှ၊ အာရှအလယ်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပညာရေး၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးကိစ္စရပ်များတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအပေါ် ဆွေးနွေးခဲ့ကြသည်။

**အီးယူမှကူညီပံ့ပိုးရေးဆွေးနွေး**

ထို့ပြင် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖြစ်သည့် သစ်သီးဝလံပန်းမန် စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေး၊ ငါးမွေးမြူရေးလုပ်ငန်း၊ ရေအသုံးချရေးအပါအဝင်ကဏ္ဍများတွင် အီးယူမှ ကူညီပံ့ပိုးရေးဆိုင်ရာ ကိစ္စများအား အမြင်ချင်း ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဆွေးနွေးပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# (၃၃) ကြိမ်မြောက် ကိုရီးယားကမ္ဘာ့ခရီးသွားပြပွဲ - ၂၀၁၈ တွင် မြန်မာနိုင်ငံမှ အကောင်းဆုံးပြခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်မှုဆုရရှိ

**နေပြည်တော် ဇွန် ၂၀**

ကိုရီးယားနိုင်ငံယဉ်ကျေးမှု အားကစားနှင့် ခရီးသွားဝန်ကြီးဌာန၏ ဦးဆောင်မှု Korea Tourism Organization (KTO)၊ KOTFA Co., Ltd ၏ စီစဉ်ဆောင်ရွက်မှု၊ နိုင်ငံတကာခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သော UNWTO၊ PATA၊ JATA တို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် (၃၃)ကြိမ်မြောက် ကိုရီးယားကမ္ဘာ့ခရီးသွားပြပွဲ -၂၀၁၈ ကို ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Convention & Exhibition Center တွင် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၇၀ မှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းနှင့် ကုမ္ပဏီပေါင်း ၅၀၀ ကျော်မှ နိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ယဉ်ကျေးမှုကို မြှင့်တင်ကြော်ငြာရန် ပါဝင်ပြသကြသည်။ ကိုရီးယားခရီးသွားလုပ်ငန်းကဏ္ဍ၏ ပြည်တွင်းခရီးသွား (Inbound)၊ ပြည်ပခရီးသွား (Outbound) နှင့် ဒေသတွင်းခရီးသွား (Intrabound Tourism) တို့ကို မြှင့်တင်ရန်နှင့် နိုင်ငံတွင်းနှင့် ပြည်ပနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဈေးကွက်ကို အပြန်အလှန်ဆက်သွယ်၍ ရှာဖွေနိုင်ရန်ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းခရီးသွားပြပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၊ Lotte Hotel နှင့် Wyndham Grand Yangon Royal Lake Hotel တို့ ပါဝင်ပြီး မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသခဲ့ရာ အကောင်းဆုံးပြခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်မှုဆု (The Best Booth Operation Award) ကို ရရှိခဲ့သည်။ အဆိုပါဆုသည် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ အဖွဲ့အစည်းပေါင်း ၅၄ ခုတို့က ခရီးသွားပြခန်းများပါဝင် ပြသခဲ့ရာ ပြခန်း၌ ခင်းကျင်းပြသမှုနှင့် ပြခန်းလာရောက်သူများအား နိုင်ငံအကြောင်း ရှင်းလင်းပြသနိုင်မှုတို့အတွက် ပေးအပ်ခြင်းဖြစ်သည်။




မြန်မာနိုင်ငံ၏ ပြခန်း၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ၊ မြန်မာ့ရှုခင်းအလှများ၊ ယဉ်ကျေးမှုပုံစံများ၊ ပင်လယ်ကမ်းခြေများနှင့် မြန်မာ့ရိုးရာအစားအစာများ၊ အသီးအနှံပုံများကို နောက်ခံဒီဇိုင်းများ ပြုလုပ်၍ ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရမှ စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းကို ဥရောပသမဂ္ဂမှ ထောက်ခံအားပေးကြောင်း ထုတ်ပြန်

**နေပြည်တော် ဇွန် ၂၀**

သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရမှ စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂမှ ထောက်ခံအားပေးကြောင်း ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ယနေ့ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဇွန် ၆ ရက်က မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ မိမိတို့၏ သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာဖြင့် နေရပ်သို့ ပြန်လည်အခြေချနိုင်စေမည့် အခြေအနေများကို ဖန်တီးပေးနိုင်ရန်အတွက် အရေးပါပြီး လိုအပ်သည့် ခြေလှမ်းတစ်ရပ်ပင် ဖြစ်ကြောင်း။

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂနှင့် အခြား ပြည်တွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများကို ရခိုင်ပြည်နယ်အတွင်း အကန့်အသတ်မရှိ၊ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ သွားရောက်ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ အနေဖြင့် မိမိတို့၏ သဘောဆန္ဒအလျောက် ပြန်လည်အခြေချရန် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ပွင့်လင်းမြင်သာမှု လိုအပ်ကြောင်းနှင့် ဥရောပသမဂ္ဂသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည့် အကြံပေးချက်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်းကို ထောက်ခံအားပေးကြောင်း။

ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် သီးခြားကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဆုံးဖြတ်ချက်ကို ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရာတွင် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု တာဝန်ခံမှုရှိသည့် စုံစမ်းမှုများဖြစ်စေရန် ပံ့ပိုးပေးနိုင်မည့် ခိုင်မာသည့် ခြေလှမ်းတစ်ရပ်အနေဖြင့် ကြိုဆိုပါကြောင်းနှင့် ဥရောပသမဂ္ဂအနေဖြင့် ထပ်မံ၍ ပွင့်လင်းမြင်သာသည့် စုံစမ်းဖော်ထုတ်မှုများကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မရှင်၏ လုပ်ပိုင်ခွင့်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို သိရှိနိုင်ရန်အတွက်လည်း မျှော်လင့်လျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါ ထုတ်ပြန်ချက်ကို ဥရောပသမဂ္ဂ၏ ဒေသတွင်းထုတ်ပြန်ကြေညာချက် မြန်မာနိုင်ငံအတွင်းရှိ ဥရောပသမဂ္ဂအဖွဲ့ဝင် သံရုံးများမှ အကြီးအကဲများ၏ သဘောတူညီချက်ဖြင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# “၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေ့ရက်ကို မမေ့မလျော့စေရန်နှင့် လွတ်လပ်ရေးရရှိအောင် အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ခဲ့ရသည်ကို နောင်လာနောက်သားများ သိရှိနားလည်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့”

❑ *ကျော့ဖုံးမှ*

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ဗဟိုကော်မတီဝင်များ၊ လုံခြုံရေးကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(၇၁) နှစ်မြောက်ရှိပြီဖြစ်**

ရှေးဦးစွာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေ့ရက်ကို မမေ့မလျော့စေရန်နှင့် လွတ်လပ်ရေး ရရှိအောင် အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ခဲ့ရသည်ကို နောင်လာနောက်သားများ သိရှိနားလည်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်၍ အာဇာနည်နေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုအခါ (၇၁) နှစ်မြောက်ရှိပြီဖြစ်ပါကြောင်း။

ယခုနှစ်တွင် ကျင်းပမည့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇွန်လ ၈ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၈)ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

(၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီတွင် ဒုတိယသမ္မတက နာယက၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် သုံးရပ် ချမှတ်ထားပါကြောင်း။

**လုပ်ငန်းတာဝန် ၁၂ ရပ် ချမှတ်**

အလားတူ (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်ကာ ၂၆ ဦးဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန် သုံးရပ် ချမှတ်ထားပါကြောင်း၊ လုံခြုံရေးကော်မတီ၌ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဦးဆောင်၍ ၁၆ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် ၁၂ ရပ် ချမှတ်ထားပါကြောင်း။

ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ ရှစ်ခုဖြစ်သည့် အခမ်းအနားပြင်ဆင်ရေးနှင့် စီစဉ်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် မှတ်တမ်းပြုစုရေး ဆပ်ကော်မတီ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ပြသရေး ဆပ်ကော်မတီ၊ လွမ်းသူ့ပန်းခွေချ အလေးပြုအခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စည်းကမ်း ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ညှိ့ခံ ကျွေးမွေးရေးဆပ်ကော်မတီ၊ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အလံတင်အခမ်းအနား ကျင်းပရေးဆပ်ကော်မတီတို့ကိုလည်း ယခင်နှစ်အတိုင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

(၇၁) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယခင်နှစ်များနည်းတူ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနားအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို အချိန်မီပြီးစီးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ အပါအဝင် တက်ရောက်လာကြသူများကို ကြိုဆိုနေရာချထားရာတွင် လစ်ဟာမှုမရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျစီမံဆောင်ရွက်သွားကြရန်နှင့် ဂါရဝပြုရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ အဝင်အထွက် အချိန်ကိုက်ဖြစ်စေရေး သေချာစွာ အကွက်စေ့စေ့ စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) ၌ ကျင်းပမည့် အလံတင်ခြင်းနှင့် အလေးပြုခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စနစ်တကျစုဖွဲ့၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားကြရန်၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အခန်းအား ယခင်အတိုင်း ခင်းကျင်းပြသနိုင်ရေးအတွက် အဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေအပေါ် မူတည်၍ ပြန်လည်သုံးသပ်ကာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်နှင့် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးခန်းမအား ယခင်နှစ်အတိုင်း ပြန်လည်ခင်းကျင်းပြသနိုင်အောင် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဆောက်အအုံ ကြံ့ခိုင်မှုရှိစေရေး၊ အသုံးအဆောင်ပစ္စည်းများအား ယခင်နှစ်အတိုင်း ခင်းကျင်းပြသနိုင်ရေးနှင့် ခြံဝင်းအတွင်း စိုက်ပျိုးသီးနှံများနှင့်တကွ သပ်ရပ်တင့်တယ်စေရေးတို့ကို အချိန်မီပြီးစီးအောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

လုံခြုံရေးကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့် နေရာများ၌ လုံခြုံရေးတာဝန် ဆောင်ရွက်ရာတွင် ပေးအပ်ထားသည့် လုပ်ငန်းတာဝန် ၁၂ ချက်နှင့်အညီ လစ်ဟာမှုမရှိအောင် အထူးအလေးထား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**စီမံဆောင်ရွက်သွားရန်လို**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း အာဇာနည်နေ့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်သူများ သိရှိနိုင်ရန်အတွက် ယခင်နှစ်များနည်းတူ သတင်းဆောင်းပါးများ၊ အင်တာဗျူးများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ သီချင်းများ၊ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သည့် မှတ်တမ်းများ၊ ရုပ်ရှင်များ စသည်တို့ကို သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများတွင် ကြိုတင်ထုတ်လွှင့်နိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုံခြုံရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့အနေဖြင့် မိမိတို့ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ကြိုတင်ပြင်ဆင်**

ထို့နောက် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကော်မတီများ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူ၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဦးသန့်စင်၊ ဦးကျော်ဦးလွင်၊ ဒေါက်တာ ဇော်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးတင်မောင်ဦး၊ ဦးထွန်းထွန်းနိုင်နှင့် ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီး စိုးသန်း တို့က သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည်များကို အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီနာယက၊ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❀ *ကျော့ဖုံးမှ*

မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ အချက်အလက်များနှင့် ကျောက်မျက်ရတနာ လုပ်ငန်းဆိုင်ရာများကို Video Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် မြန်မာ့ပုလဲအတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် (၉၃) ပွဲမြောက်ဖြစ်ကာ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအရိုင်းများ၊ ကျောက်စိမ်းအချောထည်များ၊ ကျောက်မျက်အရိုင်းများနှင့် ကျောက်မျက်အချောထည်များ၊ လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ကျောက်ကပ်ပန်းချီကားများနှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး မြန်မာ့ပုလဲအတွဲ ၃၆၀ ကို ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တွင် လည်းကောင်း၊ ကျောက်မျက်အတွဲ ၃၃၆ ကို ဇွန် ၂၃ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၆၇၉၅ ကို ဇွန် ၂၄ ရက်မှ ၂၉ ရက်ထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်များဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြန်မာ့ပုလဲအတွဲအမှတ် ၁ မှ ၁၂၀ အထိ ဝယ်ယူခွင့်ရရှိသူများ စာရင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ပုလဲအတွဲအမှတ် ၁၂၁ မှ ၂၄၀ အထိနှင့် အတွဲ အမှတ် ၂၄၁ မှ ၃၆၀ အထိ ဝယ်ယူခွင့်ရရှိသူများစာရင်းကို ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

---



နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသော ကျောက်စိမ်းအတွဲများကို ဇွန် ၂၀ ရက် ပထမနေ့က ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များ ဝယ်ယူရန် ကြည့်ရှုစစ်ဆေးနေကြစဉ်။

ခွန်(ဝင်းပ)

## ပြည်မြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်

ပြည် ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် လှစင်ကျေးရွာအုပ်စု လယ်ဘဲ့ကျေးရွာ၌ ဇွန် ၂၀ ရက် နံနက် ၉ နာရီခွဲက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း အဆင့် တိုးမြှင့်ပွဲအခမ်းအနား ဆိုင်းဘုတ်အား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ တိုင်းဒေသကြီးပညာရေးမှူး (ရုံးခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ယု၊ ခရိုင်ပညာရေးမှူး ဒေါက်တာ ချစ်ကိုကို၊ မြို့နယ်ပညာရေးမှူး ဒေါက်တာမာမာဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခရိုင်ပညာရေးမှူး ဒေါက်တာ ချစ်ကိုကိုက အထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ယင်းနောက် လယ်ဘဲ့ အထက်တန်းကျောင်းအုပ် ဆရာမကြီးက တာဝန်ရှိသူများအား ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများအား ပေးအပ်ခဲ့သည်။

**မင်းမင်းစိုး (ပြန်/ဆက်)**

# လွှတ်တော်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ပိုင်း၊ ရုပ်/သံပိုင်းနှင့် ဆက်သွယ်ရေးပိုင်းဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်း

**နေပြည်တော်  ဇွန် ၂၀**

လွှတ်တော်အဆောက်အအုံများ ကြံ့ခိုင်ရေးနှင့် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ပိုင်း၊ ရုပ်/သံပိုင်း၊ ဆက်သွယ်ရေးပိုင်းဆိုင်ရာနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ စနစ်များစစ်ဆေးပြုပြင်ရေးအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး၊ ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ နာယကများဖြစ်ကြသည့် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ နာယကများက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် Phoenix Association ဦးဆောင်သည့် အရပ်ဘက် HIV လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန် ၂၀**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Phoenix Association ဦးဆောင်သည့် အရပ်ဘက် HIV လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**



ထိုသို့တွေ့ဆုံစဉ် Phoenix Association အဖွဲ့အနေဖြင့် HIV တားဆီးကာကွယ်ရေး၊ ပြုစုကုသရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ဝေဒနာရှင်များ၏ ကြုံတွေ့နေရသည့် လူမှုရေးပြဿနာများနှင့် ဆေးဝါးကုသရေးဆိုင်ရာ အခက်အခဲများအား လွှတ်တော်မှ ကူညီပံ့ပိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် HIV ရောဂါပျံ့နှံ့မှု ထိန်းကျောင်းနိုင်ရေးဆိုင်ရာ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဖြူဖြူသင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၃-၆-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၃-၄-၂၀၁၈) ရက်နေ့မှ (၂၃-၅-၂၀၁၈) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ခြောက်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ငါးဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၇ ဦး၊ ပေါင်း ၂၅ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပြီး မဂ္ဂဇင်းထုတ်ဝေခွင့် လျှောက်ထားသူ တစ်ဦးကို စိစစ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၁၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၃၈၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၄ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၉၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ICRC ၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် The International Committee of the Red Cross (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Fabrizzio Carboni နှင့် အဖွဲ့အား ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား လူသားချင်းစာနာကူညီမှုများ ထောက်ပံ့ရာတွင် မိုးရာသီအတွင်း ဝေးလံသော နေရပ်များအတွက် နှစ်လစာ အပြည့်အဝထောက်ပံ့ရေး ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်း အလုပ်နှင့် လုပ်ခလစာထောက်ပံ့ရေး (Cash for Work) အစီအစဉ်အား ICRC မှ အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့မှုများ၊ ရခိုင်ပြည်နယ် အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် အိမ်ထောင်စု ၇၀၀၀ အတွက် မျိုးစေ့၊ ကိရိယာနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးမည့် အစီအစဉ်များ၊ လူသားချင်းစာနာကူညီမှုများမှတစ်ဆင့် အမှီအခိုကင်းစွာ ၎င်းတို့ကိုယ်တိုင် ရပ်တည်နိုင်ရေး ထောက်ပံ့ပေးနိုင်မည့် ကိစ္စများ၊ ဘေးအန္တရာယ် ထိခိုက်ခံစားရသူများအား အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့နေပြီး ပြည်သူများ လူ့အခွင့်အရေး အပြည့်အဝရရှိပြီး လူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နေထိုင်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်နေမှုများ၊ ဝန်ကြီးဌာနအနေဖြင့် ICRC နှင့် ရှေ့ဆက်လက် လက်တွဲဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၅ ဒသမ ဝ၄ လက်မ၊ မချမ်းဘောမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၈၈ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ မှော်ဘီမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ရန်ကုန် (ကမ္ဘာအေး) တွင် ၂ ဒသမ ၂၄ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံမြို့နယ်) တွင် ၁ ဒသမ ၉၃ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၆၂ လက်မ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၅၂ လက်မ၊ လပွတ္တာမြို့နှင့် လောင်းလုံးမြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

## အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၄၅ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဇွန် ၂၀

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)




### အမ်းမြို့နယ် ရှူးကျေးရွာ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ မြေသားခိုင်မာမှု ရှိ၊ မရှိ ဦးစွာစစ်ဆေးပြီးမှ မြေသားပုံစံကျပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ခိုင်ခိုင်မာမာတည်ဆောက်ပြီးမှ ဆောင်ရွက်ခဲ့

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **အမ်းမြို့နယ် ရှူးကျေးရွာရှိ ရှူးချောင်းရေတားတာပေါင်ပြုလုပ်ပေးရန် အမ်းမြို့ငွေသဇင်ဖြိုးကုမ္ပဏီအား ငွေကျပ် ၁၅၃ သန်း ပေးအပ်၍ လုပ်ငန်းဆောင်ရွက်စေခြင်းမှာ မှန်ပါသလား၊ ကျိုးပေါက်သွားသော ရှူးချောင်းရေတားတာပေါင်အား စာချုပ်ပါစည်းကမ်းများအတိုင်း အချိန်မီပြန်လည်ပြုပြင်ပေးနိုင်ခြင်း ရှိ၊ မရှိ အချိန်မီပြန်လည်ပြုပြင်နိုင်ခြင်း မရှိပါက အမှန်တကယ်အရေးယူမှုရှိ၊ မရှိနှင့် ရှူးကျေးရွာ ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ ပေ ၁၇၅၀ ပြုလုပ်ပေးခြင်းအတွက် ငွေကျပ် သန်း ၁၃၀ ခွင့်ပြုကြောင်း ဖော်ပြထားသော်လည်း ကျောက်စီမြေထိန်းနံရံပြုလုပ်မည့် မြေသားတာပေါင် အခိုင်အမာမရှိသည်ကို သိပါသလားမေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် အမ်းမြို့နယ် ရှူးကျေးရွာရှိ ရှူးချောင်းရေတားတာပေါင် တည်ဆောက်ခြင်းနှင့် ချောင်းရေလွှဲမြောင်းတူးဖော်ခြင်း လုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းမဟုတ်ဘဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ငွေသဇင်ဖြိုးကုမ္ပဏီအား တင်ဒါခေါ်ယူကာ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၅၃ သန်း ကျခံ၍ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ပြီး တည်ဆောက်မှုကုန်ကျစရိတ်များကို ပြည်နယ်အစိုးရအဖွဲ့မှ ကုမ္ပဏီသို့ တိုက်ရိုက်ငွေပေးချေဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကန်ထရိုက်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်စာချုပ်၏ အပိုဒ် ၄ တွင် တည်ဆောက်ပြီးလုပ်ငန်းအား လုပ်ငန်းဆောင်ရွက်သူမှ ၃ နှစ် အာမခံချက်ပေးရမည်ဟု ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ကန်ထရိုက်တာ စာချုပ်၏ အထွေထွေသဘောတူညီချက်စည်းကမ်းများပါ အပိုဒ်( ၁၁-၁)အရ သဘာဝဘေးအန္တရာယ် ရန်သူမျိုး ၅ ပါးဒဏ်၊ အဓိကရုဏ်းများ၊ စစ်ပွဲပိတ်ဆို့မှုစသည်တို့နှင့် မလွန်ဆန်နိုင်သော အကြောင်းများဖြစ်ပေါ်လာပါက မိမိတို့စွမ်းအားရှိသလောက် အစွမ်းကုန်ကြိုးစားခြင်း ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ (၁၁-၂) အရ မမျှော်မှန်းနိုင်သော အန္တရာယ်များကြောင့် သဘောတူညီချက်ပါတာဝန်များ ထမ်းဆောင်နိုင်စွမ်းမရှိသည့်အခါတွင် ထမ်းဆောင်နိုင်စွမ်းမရှိသူဘက်မှ အခြားတစ်ဖက်သို့ ဖြစ်ပေါ်ပြီး ၇ ရက်အတွင်း စာဖြင့်ရေးသားအကြောင်းကြားရမည့်အပြင် ယင်းဖြစ်ပေါ်ဟန့်တားမှုကို ကိုယ်စွမ်းအား ဉာဏ်စွမ်းအားရှိသလောက် ကျော်လွှားနိုင်ရန် ဥပဒေဘောင်အတွင်းမှ တရားမျှတစွာ စွမ်းဆောင်ရမည်ဟု ဖော်ပြပါရှိပါကြောင်း။

ငွေသဇင်ဖြိုးကုမ္ပဏီမှ အဆိုပါလုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရှူးချောင်းရေတိုက်စားမှုကြောင့် ရေတားတာပေါင်ကျိုးပေါက်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ကြောင့် ငွေသဇင်ဖြိုးကုမ္ပဏီအနေဖြင့် ရေတားတာပေါင်ကျိုးပေါက်မှုကို ပြန်လည်ပြုပြင်ပေးရန်အတွက် ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကုမ္ပဏီသို့ တရားဝင်စာဖြင့် အသိပေးအကြောင်းကြားခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စာဖြင့်အကြောင်းကြားခဲ့သည့်အပြင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလည်း ၂၀၁၇ခုနှစ် စက်တင်ဘာ ၇ ရက်တွင် စာဖြင့် ထပ်မံနှိုးဆော်အကြောင်းကြားခဲ့ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ကျိုးပေါက်ပျက်စီးမှုအခြေအနေကို စက်ယန္တရားများ သွားလာနိုင်သည့်အချိန်တွင် ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်က အကြောင်းပြန်ကြားခဲ့သော်လည်း ပွင့်လင်းရာသီအတွင်း ပြုပြင်ဆောင်ရွက်ခြင်းမရှိသောကြောင့် မိုးရာသီမတိုင်မီ ပြုပြင်နိုင်ရေးအတွက် ကုမ္ပဏီနှင့် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၂ ရက်တွင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှူးကျေးရွာ ရေတိုက်စားခြင်းမှ ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ ပေ ၁၇၅၀ ပြုလုပ်ပေးခြင်းအတွက် ငွေသန်း ၁၇၀ ခွင့်ပြုကြောင်း ကြေညာထားသော်လည်း ကျောက်စီမြေထိန်းနံရံပြုလုပ်မည့် မြေသားတာပေါင် အခိုင်အမာမရှိဆိုသည်ကို တာဝန်ရှိ ဝန်ကြီးဌာနအစိုးရအဖွဲ့က သိရှိခြင်း ရှိ၊ မရှိနှင့်ပတ်သက်၍ အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ငွေကျပ်သန်း ၁၃၀ ဖြင့် ဆည်မြောင်းမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပေ ၁၇၅၀ တွင် မြေသားခိုင်မာမှု ရှိ၊ မရှိ ဦးစွာစစ်ဆေးပြီးမှ မြေသားပုံစံကျပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ခိုင်ခိုင်မာမာ တည်ဆောက်ပြီးမှ ကျောက်စီနံရံထိန်းပြုလုပ်ခြင်းကို ဆောင်ရွက်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### အင်းတော်မြို့နယ်အတွင်းရှိ လယ်ယာမြေပေါ်တွင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး အခြားနည်းအသုံးပြုခွင့် မရရှိသေးသည့် ငါးမွေးမြူသူများ ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်ပြီး ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ **အင်းတော်မြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား မြေအသုံးချမှု လယ(၃၀)ကို လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေပေါ်တွင် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိပြီး အခြားနည်းအသုံးပြုခွင့် မရရှိသေးသည့် ငါးမွေးမြူသူများအနေဖြင့် ဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်ရန်ဖြစ်ပြီး ယင်းအပေါ်တွင် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသူများအတွက်ကိုမူ ထိုက်သင့်သည့် ဒဏ်ကြေးငွေပမာဏချမှတ်ခြင်း၊ ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို တစ်နိုင်ငံလုံး တစ်ပြေးညီ ဆောင်ရွက်ပေးသွားနိုင်တော့မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်နှင့် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### နိုင်ငံအဝန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း လွှတ်တော်က သဘောတူအတည်ပြု

ယင်းနောက် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း တင်သွင်းသည့် **တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်းစိုက်ပျိုးရေး နည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦးက တိုင်းပြည်စီးပွားတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ဘဝမြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများနှင့် ပတ်သက်၍ အဆိုရှင်၏ ရည်ရွယ်ချက်များသည် စိုက်ပျိုးနည်းမှန်ကန်ရန်၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန်၊ ပြောင်းလဲသွားသည့် ရာသီဥတုနှင့်အညီ စိုက်ပျိုးရန် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရန် အစိုးရကို တိုက်တွန်းသည်ကို တွေ့ရပါကြောင်း၊ ယခုအခါ ပြောင်းလဲနေသည့် ရာသီဥတုအခြေအနေနှင့် ထွက်ရှိလာသည့် သီးနှံများအပေါ်တွင် သင့်တင့်သည့် ဈေးနှုန်းမရသည့် အခြေအနေ၊ လယ်ယာလုပ်သားရှားပါးသည့် အခြေအနေများသည် တောင်သူလယ်သမားများ ကြုံတွေ့နေရသည်များ ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနမှလည်း သီးနှံမျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များရရှိအသုံးပြုနိုင်ရေး၊ တိုးချဲ့ပညာပေးရေး၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်နိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ဆောင်ရွက်နေကြသည်ကို သိရှိရပါကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်သည် နိုင်ငံတကာနှင့် ယှဉ်နိုင်၍ လယ်ယာထုတ်ကုန်စနစ်ထွန်းကားပြီး တိုင်းပြည်၏စီးပွားလည်း တိုးတက်လာရန်ဖြစ်သည့်အတွက် အဆိုရှင်၏ အဆိုနှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက် အတူတူပင် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၊ ရွာငံ မဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းနှင့် မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး အာဟာရပြည့်ဝသော ဘေးအန္တရာယ်ကင်းရှင်းသည့် ဈေးကွက်ဝင်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ဈေးကောင်းရသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အထောက်အပံ့ဖြစ်စေမည့် လယ်ယာကဏ္ဍဆိုင်ရာ ဈေးကွက်သတင်းများ၊ ပညာပေးအစီအစဉ်များ ကဏ္ဍစုံပါဝင်သော တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း(Farmer Channel) အစီအစဉ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများသိလိုသည့် နည်းပညာများ၊ တွေ့ကြုံနေရသည့် အခက်အခဲများကို မေးမြန်းနိုင်သည့် Call Center ကို ဖွင့်လှစ်ဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါကြောင်း၊ တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီများနှင့် စိုက်ပျိုးရေးဝါသနာရှင်များ လွယ်လင့်တကူ လေ့လာနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ပညာပေးစာစောင်၊ စာအုပ်များကို စိုက်ပျိုးရေးဦးစီးဌာန၏ Website နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန်အတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝမြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးလာစေရေးတို့အတွက် နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် နှီးနှောဖလှယ်ပွဲများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုသည် လက်ရှိအခြေအနေအပေါ် ထင်ဟပ်၍ နိုင်ငံအတွက်လည်း လိုအပ်သည့် အခြေအနေဖြစ်ခြင်းကြောင့် အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်မှ အတည်ပြုပေးရန် တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

### အစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၇ ခုရှိပြီး ဥပဒေကြမ်း ၁၄ ခုကို အတည်ပြုနိုင်ခဲ့ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၂၃ ခုရှိ

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မေ ၁၄ ရက်က စတင်ကျင်းပခဲ့သည့် အဋ္ဌမပုံမှန်အစည်းအဝေးသည်

*စာမျက်နှာ ၈ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော်  ဇွန်  ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။




## ကြယ်ပွင့်ပြ မေးခွန်းများ ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခုဖတ်ကြားခြင်းနှင့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ ဆွေးနွေးခြင်းတို့ ဆောင်ရွက်

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းများကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခုဖတ်ကြားခြင်းနှင့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ **ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု ခေခမ်းကျေးရွာတွင် နေထိုင်သော ဒေသခံတောင်သူ ၄၆ ဦး၏ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်ခဲ့သည့် ယာမြေများအားလုံး ဆုံးရှုံးသွားရပြီး ဒေသခံ ရွာသူရွာသားများ၏ ဘဝအတိဒုက္ခရောက်ရှိနေကာ ပြန်လည်စိုက်ပျိုး လုပ်ကိုင်ရန်အတွက် မြေယာများ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် က မေးခွန်းပါ မြေနေရာများသည် အမှတ်(၇၀၀၅) သံချပ်ကာ တိုက်ခိုက်ရေးတပ်ရင်း၏ တပ်ပိုင်မြေအတွင်း ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိပြီးဖြစ်ခြင်း၊ တပ်နယ်ဂေါက်ကွင်းမြေနှင့် သံချပ်ကာယာဉ်များ မောင်းနှင် လေ့ကျင့်ခြင်း၊ အမြောက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် မြေနေရာများ ဖြစ်ခြင်းတို့ကြောင့် လုံခြုံရေးအရ စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

## အမ်းမြို့နယ်အတွင်းရှိ သိမ်းဆည်းထားသော မြေဧရိယာများထဲမှ (၁၉၂၁ ဒသမ ၉၂) ဧကအား ပြန်လည်စွန့်လွှတ်ပေးထားပြီးဖြစ်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် သိမ်းဆည်းခံလယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေးရရှိရေး၊ မြေလပ်၊ မြေလွတ်များအား စိစစ်ပြီး ပြည်သူများ လက်ဝယ်သို့ ပြန်လည်ပေးအပ်ရေးနှင့် အမ်းမြို့နယ်အတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းထားမှုတို့ကို ပြည်သူ များအား ရှင်းလင်းစွာဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အမ်းမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ တပ်ပိုင်မြေများအတွက် အနည်းဆုံး မြေဧရိယာကိုသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းထားခြင်း၊ တပ်ဧရိယာပြင်ပ စိုက်ပျိုး၊ မွေးမြူရေးအတွက် သိမ်းဆည်းထားသော မြေဧရိယာများထဲမှ (၁၉၂၁ ဒသမ ၉၂) ဧကအား ပြန်လည်စွန့်လွှတ်ပေးထားပြီးဖြစ်ခြင်း၊ ကျန်ရှိသောမြေများတွင် တပ်ရင်း၊ တပ်ဖွဲ့များမှ လူအင်အား၊ ရင်းနှီးမတည်ငွေများ စိုက်ထုတ်၍ ရော်ဘာစိုက်ပျိုးခြင်း၊ ပုစွန်မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကိုသာ လုပ်ပိုင်ခွင့်လျှောက်ထားရယူခဲ့ခြင်းများကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းနှင့် လျော်ကြေးငွေများ ပေးချေနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာ ကျော်ငွေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာ အားကာမိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသာဦးနှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် တင့်လွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်း နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာဆွေးနွေး

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ကော်မတီ၏ ကွင်းဆင်းဆောင်ရွက်ချက်ကြောင့် အစိုးရဝန်ကြီးဌာနအချို့၏ ဆောင်ရွက်ချက်သည် လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းနှင့် ကွာဟချက်အချို့ရှိသည်ကို သုံးသပ်တင်ပြထားပါကြောင်း၊ သို့ပါ၍ ကော်မတီအဖွဲ့ဝင်များ၏ ကွင်းဆင်းစစ်ဆေးမှုများသည် များစွာအကျိုးဖြစ်ထွန်းစေပါကြောင်း၊ ထပ်မံ၍လည်း ကျန်ရှိနေသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ အဆို၊ မေးခွန်းများသည်လည်း နိုင်ငံသူ နိုင်ငံသားများအကျိုးငှာ ကတိကဝတ် ဖြစ်၊ မဖြစ် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ နိုင်ငံသူ နိုင်ငံသားများနှင့် ပူးပေါင်း၍ ကော်မတီအနေဖြင့် စွမ်းနိုင်သမျှ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ပန်ကြားအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းအစီရင်ခံစာကို တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ကျော်စိုးဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ်၊ မေ ၁၄ ရက်မှ ဇွန် ၂၀ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၈ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များ အနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အကျိုးအလို့ငှာ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၈၆ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၂၄ ခု တို့ကို မေးမြန်းခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်းပေါင်းစပ်၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းအား လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့

အဆိုတင်သွင်းခြင်းကဏ္ဍတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများ ဖူလုံစွာ ရရှိစေရေးအတွက် ကျေးလက်နေ တောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့အကူအညီပေးပြီး G.A.P စနစ် (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က အဆိုကို အတည်ပြုခဲ့ပါကြောင်း။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် **မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် **သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးအတည်ပြုရာ၌ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါကြောင်း။

## နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့

**နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ **အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း။

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခဲ့ရာ လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် **မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါကြောင်း။

**သစ်တောဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

**တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကာ ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်အား ဥရောပကော်မရှင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အာရှ၊ အလယ်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Pierre Amilhat နှင့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဌာနမှူး Mr. Jean Louis Ville နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရနှင့် ဥရောပသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများအတွက် ပညာရေးဝန်ကြီးဌာန၏ မူဝါဒအတိုင်း ပညာသင်ကြားပေးနေမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ထိုင်း-မြန်မာနယ်စပ်ရှိ နေရပ်စွန့်ခွာဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများအား ပြန်လည်လက်ခံ နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥရောပသမဂ္ဂက မြန်မာနိုင်ငံပညာရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာအောင် အထောက်အပံ့ပေးဆောင်ရွက်မည့် အခြေအနေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

မကြာခင်ပြီးဆုံးတော့မည် ဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် ကြယ်ပွင့်ပြမေးခွန်း ၁၀၉ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၄၅ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အရေးကြီးအဆို တစ်ခုနှင့် ဝမ်းနည်းကြောင်း အဆိုတစ်ခုအပါအဝင် အဆို ၁၃ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို လေးခု၊ မှတ်တမ်းတင်အဆို သုံးခု၊ အတည်မပြုအဆို တစ်ခုနှင့် လက်ခံဆွေးနွေးရန်မသင့် အဆိုတစ်ခုတို့ဖြစ်ကြပါကြောင်း၊ တင်သွင်းပြီး ဆွေးနွေးရန် ကျန်အဆို လေးခု ကျန်ရှိပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ယခု အစည်းအဝေးကာလအတွင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၃၇ ခုရှိပြီး ဥပဒေကြမ်း ၁၄ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၂၃ ခု ရှိပါကြောင်း။

အစည်းအဝေးကာလအတွင်း အခြားဆောင်ရွက်ချက်များအနေဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ နိုင်ငံအသီးသီးနှင့် ပြည်ပအဖွဲ့အစည်းများက ပေးပို့လာသည့် ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာ ၁၈ စောင်ကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ် ငါးခုကို မှတ်တမ်းတင်ခြင်း၊ အစားထိုးပြောင်းလဲသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး ကတိသစ္စာပြုခြင်းနှင့် ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို သက်တမ်းတစ်နှစ် တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော် အခွင့်အရေးကော်မတီဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်း၊ ဥပဒေကြမ်းကော်မတီနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအတွင်းရေးမှူးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## လွှတ်တော်လုပ်ငန်းစဉ်များ မှန်ကန်စွာ လည်ပတ်နိုင်ရေးသည် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ရှိမှုအပေါ်တွင် အဓိကမူတည်နေ

ထို့ပြင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို ကော်မတီအသီးသီးတွင် အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးဦးကို ကော်မတီအသီးသီးတွင် အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီမိုကရေစီ၏ အသက်သွေးကြောဖြစ်သည့် လွှတ်တော်လုပ်ငန်းစဉ်များ မှန်ကန်စွာ လည်ပတ်နိုင်ရေးသည် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ရှိမှုအပေါ်တွင် အဓိကမူတည်နေပါကြောင်း၊ မိမိတို့သည် မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုပြီး ဥပဒေပြုရေးမဏ္ဍိုင်ခိုင်မာအားကောင်းအောင် ဆောင်ရွက်နေကြရသူများ ဖြစ်ပါကြောင်း။

ဥပဒေပြုသူများပီပီ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို စံနမူနာပြ လေးစားလိုက်နာကြသူများအဖြစ် မိမိကိုယ်ကို အမြဲတည်ဆောက်နေကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများဆွေးနွေးခြင်း ဆောင်ရွက်သည့်အခါတွင်လည်း လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ကြ ရမည် ဖြစ်ပါကြောင်း၊ ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများမှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ၊ အစည်းအဝေးတွင် လိုက်နာရန် စည်းကမ်းများ၊ မေးခွန်း၊ အဆိုတို့နှင့် ပတ်သက်သည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များကို သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း။

## မေးခွန်းနှင့် အဆိုကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ကြရမည်၊ ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရေးကို အထူးသတိပြုရမည်

ထို့ကြောင့် မိမိတို့သည် မေးခွန်းနှင့် အဆိုကိစ္စများကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ကြရမည်ဖြစ်သလို လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရေးကို အထူးသတိပြုရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေး ရပ်နားထားစဉ် ကာလအတွင်း ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါတွင် ပြည်သူလူထုက ယုံကြည်အားကိုး လေးစားတန်ဖိုးထားရသူများအဖြစ် ပြုမူပြောဆို နေထိုင်သွားကြရန် မှာကြားလိုပါကြောင်း၊ ဒေသနယ်ပယ်အလိုက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ရပ်ရွာအရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

မိမိတို့သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများပီသစွာ ပြည်သူလူထုကိုလည်း စစ်မှန်သည့် ဒီမိုကရေစီစိတ်ဓာတ်နှင့် အလေ့အကျင့်ကောင်းများကို လေးစားလိုက်နာကြစေရန် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်သူများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သူများအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ စေတနာကောင်းတစ်ခုတည်းနှင့် မလုံလောက်ဘဲ မိမိတို့၏ အတွေ့အကြုံ၊ ပညာ၊ ဗဟုသုတ၊ ဆင်ခြင်တုံတရားတို့ကို ပေါင်းစပ်ပြီး ဆောင်ရွက်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကောင်းမွန်သည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း။

လွှတ်တော်ရပ်နားထားစဉ်ကာလတွင် မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံကို အလေးထားမှတ်သား နားထောင်ကြပါ။ ဒေသဖွံ့ဖြိုးရေးကိစ္စများတွင် စေတနာအပြည့်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။ ထိုသို့ ဆောင်ရွက်သည့်အခါတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဘောင်မကျော်စေဘဲ ဥပဒေနှင့်အညီ မှန်ကန်စွာဆောင်ရွက်ကြပါ။ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများမထားဘဲ ပြည်သူ့အကျိုးအတွက် ဦးစားပေး ဆောင်ရွက်ကြပါ။ အရည်အချင်း ပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ကာကွယ်မြှင့်တင်ဆောင်ရွက်ကြပါ။ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူနှင့်အတူ ပူးပေါင်းကာကွယ် ဆောင်ရွက်ပေးကြပါရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခဲ့ပါကြောင်း၊ **မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) (ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ) ဦးကျော်ထွေး အဆိုတင်သွင်းခဲ့သည့် **အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**အား ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူအတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

## ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခြင်း ဆောင်ရွက်ခဲ့၊ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့

အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)(တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ) ဦးဘမျိုးသိန်း အဆိုတင်သွင်းခဲ့သည့် **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ**ကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

## အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း အစည်းအဝေး အကြိမ် ၁၀၀ ပြုလုပ်ခဲ့

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ ၂၅ ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ ၁ ကြိမ်၊ လွှတ်တော်အခွင့်အရေးကော်မတီ ၁ ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ၉ ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ၄ ကြိမ်၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ၃ ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ၄ ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ ၂ ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ ၆ ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ ၄ ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ ၄ ကြိမ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ ၆ ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ၆ ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ၆ ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ၁၁ ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၄ ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ ၄ ကြိမ် စုစုပေါင်းကော်မတီ အစည်းအဝေး အကြိမ် ၁၀၀ ပြုလုပ်ခဲ့ပါကြောင်း။

## သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနကြီးမှ အစည်းအဝေးကာလအတွင်း စာတမ်းတို ၃ စောင် ထုတ်ဝေခဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို ၃ စောင် ထုတ်ဝေခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ၂၀၁၈ခုနှစ် မေ ၁၄ ရက်မှ ၂၁ ရက်အထိ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း Info Note – Vol (2) စောင်ရေ ၂၃၀ နှင့် ၂၀၁၈ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၆ ရက်အထိ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း Info Note -Vol (3) စောင်ရေ ၂၃၀ တို့ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

## သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၄၈ ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ဖြစ်

လွှတ်တော်ကိုယ်စားလှယ် ၆၃ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၄၈ ချက်ကို ရှာဖွေပေးခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO မှ မြန်မာနိုင်ငံရုံး အကြီးအကဲနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO မှ မြန်မာနိုင်ငံရုံး၏ အကြီးအကဲဖြစ်သူ Ms. Min Jeong Kim နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်းပါ အကြံပြုချက်များအပေါ် မြန်မာ့မီဒီယာလောကမှ ပါဝင်ပတ်သက်သူအားလုံး၏ သုံးသပ်ချက်များပါဝင်သော အစီရင်ခံစာအား နောက်ဆုံးအဆင့် ပြုစုဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မီဒီယာအသိပညာပေးရေး (Media Information Literacy) နှင့် ပတ်သက်သည့် အကြောင်းအရာများကို စာသင်ကျောင်းများတွင် သင်ရိုးညွှန်းတမ်းတစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆရာ၊ ဆရာမများအတွက် သင်တန်းဖွင့်လှစ်ပို့ချပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်မှုအခန်းကဏ္ဍ ပိုမိုမြှင့်တင်ပေးရေး ဆောင်ရွက်ရန်ရှိသည့် အခြေအနေ၊ ရုပ်သံမီဒီယာနည်းဥပဒေအတွက် UNESCO မှ ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လူထုအခြေပြုဗဟိုဌာန (Community Centre)များကို အများပြည်သူအသုံးပြုရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံးတို့ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇွန် ၂၀

**မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) တို့ ပူးပေါင်းဖွင့်လှစ်သည့် Risk Assessment in Public Procurement အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးတွင် ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC)မှ ကျွမ်းကျင်သူများဖြစ်ကြသည့် Mr.Constantine MiltchevPalicarsky ၊ Ms. Cornelia Anna Kortl တို့ တက်ရောက်ကြသည်။** (အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ဘဏ္ဍာရန်ပုံငွေ၏ အသုံးစရိတ်များတွင် ဝယ်ယူရေးလုပ်ငန်းများသည် ကြီးမားသောအချိုးအစားရှိသည့်အပြင် ဤနေရာသည် ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအမှူးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန်ထိတွေ့ ချိတ်ဆက်မိနိုင်သောနေရာဖြစ်သဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဘေးအန္တရာယ်အများဆုံးရှိသည့်နေရာဖြစ်ကြောင်း၊OECD ၏ ၂၀၁၃ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများတွင် အစိုးရ၏ဝယ်ယူဖြည့်တင်းရေးလုပ်ငန်း (Procurement) အတွက် သုံးစွဲငွေများ၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးသွားကြရသည်ဟု ဖော်ပြထားကြောင်း။

မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးမှုသည် အဆိုပါပျမ်းမျှ ရာခိုင်နှုန်းထက်ပင် များစွာပိုမိုနိုင်ကြောင်း၊ မကြာမီတွင် ပြည်သူ့ဘဏ္ဍာရန်ပုံငွေများကို စည်းမျဉ်း၊ စည်းကမ်းဖောက်ဖျက်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးရမှုများ မဖြစ်ပေါ်စေရန် တားဆီးကာကွယ်ရေးမှာ ကော်မရှင်၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် UNODC ၏ နည်းပညာအကူအညီဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်အတွက် အလွန်အရေးပါသည့် အဆိုပါလုပ်ငန်းကို ကော်မရှင်တစ်ခုတည်းက ဆောင်ရွက်၍မရနိုင်ပါကြောင်း၊ အစိုးရ၏ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်ပြုလုပ်နေသည့် တာဝန်ရှိသူများက မိမိတို့တာဝန်ယူရသော အခန်းကဏ္ဍအလိုက် အဂတိလိုက်စားမှုမဖြစ်စေရေး ကိုယ်တိုင်ကရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှုရှိရန်က ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့က စောင့်ကြည့်လေ့လာမှုများပြုလုပ်ရန်၊ ဆန်းစစ်သုံးသပ်ရန်နှင့် စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရန်တို့အတွက် ဆွေးနွေးနေကြခြင်းသည် တစ်နည်းအားဖြင့် ဝယ်ယူရေးလုပ်ငန်းများ၌ အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ လျော့နည်းကျဆင်းလာစေရန် တားဆီးကာကွယ်မှု ပြုလုပ်နေခြင်းလည်းဖြစ်ပါကြောင်း ပြောကြားသည်။




ယင်းနောက် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) မှ ကျွမ်းကျင်သူများဖြစ်ကြသည့် Mr. Constantine MiltchevPalicarsky က အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ UNODC မှ ကျွမ်းကျင်သူများ ဖြစ်ကြသည့် Mr. Constantine Miltchev Palicarsky နှင့် Ms. Cornelia Anna Kortl တို့က ဦးဆောင်ပြီး အစိုးရကဏ္ဍဝယ်ယူဖြည့်တင်းရေးလုပ်ငန်းစဉ်တွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများအား ရွေးချယ်ဖော်ထုတ်သည့် ဘာသာရပ်များကို ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်ခြောက်ဦး၊ အရာထမ်း ၂၅ ဦး စုစုပေါင်း ၃၁ ဦး ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၀

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ကဏ္ဍအလိုက်ဆွေးနွေးပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန သတ်မှတ်နေရာ အသီးသီးတွင် ဆက်လက်ကျင်းပသည်။**

ဆွေးနွေးပွဲများသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုးနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးက လည်းကောင်း၊ စီးပွားရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက လည်းကောင်း၊ လူမှုရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးဇော်ဌေးက လည်းကောင်း၊ လုံခြုံရေးကဏ္ဍဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဝင် ဗိုလ်မှူးချုပ် စိန်ထွန်းလှက လည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးအောင်စိုးက လည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး အစိုးရ ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ဦးတင်ထွဋ်ဦးက “ကျွန်တော်တို့ စီးပွားရေးအစုအဖွဲ့အနေနဲ့ကတော့ အားလုံး သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ သဘောထားတွေနဲ့ မူဝါဒတစ်ခုပေါ်လွင်အောင် ဆွေးနွေးနေခြင်းဖြစ်ပါတယ်၊ စီးပွားရေးကတော့ နောင်ဖြစ်ပေါ်လာမယ့် ဖက်ဒရယ်ပြည်ထောင်စုအတွက် အလွန်ပဲ အရေးကြီးပါတယ်၊ စီးပွားရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ လာမယ့်ညီလာခံမှာ တင်ရမယ့်၊ အခြေခံရမယ့် မူဝါဒတွေကို ဒီနေ့ ညှိနှိုင်းဆွေးနွေးတာကတော့ တော်တော်လေးကို တိုးတက်မှုနဲ့ အားရစရာတွေ ရှိပါတယ်၊ အားလုံးကလည်း တကယ်ခိုင်မာတဲ့ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာဖို့ ခိုင်မာသော စီးပွားရေး၊ ဈေးကွက်စီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်ရမယ်ဆိုတာကို အားလုံးကလည်း ယုံကြည်ပါတယ်၊ ဒီလို စီးပွားရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးတွေမှာရှိတဲ့ ဒေသခံပြည်သူတွေ၊ တိုင်းရင်းသားတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် Inclusive and Sustainable development တွေရဖို့ အားလုံးက ရည်ညွှန်းပြီးတော့ ဆွေးနွေးပါတယ်၊ ပုဂ္ဂလိကကဏ္ဍအနေနဲ့ စီးပွားရေးတွေကို ပါဝင်ဆောင်ရွက်တဲ့အခါမှာ တာဝန်သိသော၊ တာဝန်ယူသော၊ ပွင့်လင်းမြင်သာသော စီးပွားရေးလုပ်ငန်းတွေ ဖြစ်ရမယ်ဆိုတာကိုလည်း အားလုံးက မြင်ကြပါတယ်၊ ဒါကြောင့် ပါဝင်တဲ့အဖွဲ့အစည်းအသီးသီးရဲ့ သဘောဆန္ဒတွေကတော့ စီးပွားရေးမူဝါဒနဲ့ ပတ်သက်လို့ တစ်ထပ်တည်းကျတယ်လို့ ကျွန်တော် သုံးသပ်ရရှိပါတယ်” ဟု ပြောသည်။



**မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍဆွေးနွေးပွဲ ကျင်းပစဉ်။** သတင်းစဉ်

ယနေ့ ဆွေးနွေးပွဲများတွင် ယခင် စုစည်းချက်များ၊ ယခင်သဘောတူညီချက်များ၊ မွန်ပြည်သစ်စာတမ်း၊ CSO Fourm စာတမ်းနှင့် မူဝါဒအဆိုပြုချက်များ ဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးကြသည်။

အဆိုပါ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို ဇွန် ၂၁ ရက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျောက်ဖြူ၌ ကျင်းပ

စစ်တွေ ဇွန် ၂၀

**ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များရှိစာစစ်ဌာနများမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဂုဏ်ထူးဖြင့်အောင်မြင်သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်မှ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများကို ယခုလို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးရခြင်းသည် ကျောင်းသား ကျောင်းသူလေးများ၏ ဘဝတက်လမ်းဖြစ်သည့် တက္ကသိုလ်တစ်ခုခုကို စိတ်အေးချမ်းသာစွာ တက်ရောက်နိုင်ရန်အတွက် အထောက်အပံ့တစ်ခုဖြစ်စေရန်နှင့် မိဘများ၏ ပညာသင်ထောက်ပံ့ရေးတွင် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်ပြီး ကျင်းပပေးအပ်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း နောင်တစ်ချိန်တွင် မိမိတို့ပြည်နယ်ကို အကျိုးပြုနိုင်သော လူငယ်များဖြစ်လာရန် ဆက်လက်ကြိုးစားသွားကြရန်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကလည်း အစ်ကို၊ အစ်မတို့၏ ကြိုးစားအားထုတ် အောင်မြင်မှုကိုဂုဏ်ယူပြီး ကြိုးစားသွားကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ရခိုင်ပြည်နယ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားလာမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆု ချီးမြှင့်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦးနှင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာတွဲတွင် အဆင့် ၇ ရရှိသူတစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဝင်းကြည်က ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ခုနစ်ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၀ ဦး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်တို့က သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသူ ၁၇ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူး ရရှိကြသောသူများအား ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးနှင့် ပြည်နယ်အဆင့် ဝိဇ္ဇာတွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ဝိပ္ပံတွဲတွင် တတိယဆုရရှိသူ ငါးဦးတို့အား ကျောက်ဖြူခရိုင်ပညာရေးမှူး ဦးတင်သိန်းတို့က ဆုများပေးအပ်ကြပြီး ရခိုင်ပြည်နယ်အတွင်း ကျောင်းအဆင့် တတိယဆု၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းဆု၊ ဘာသာစုံဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသောဆရာ ဆရာမများအား အမှတ် ၁၁ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး လှစိန်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပေးကြသည်။ ထို့နောက် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သူ မောင်ဇော်မြတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ရခိုင်ပြည်နယ် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဘာသာစုံဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ် ရှစ်သိန်း၊ သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် လေးသိန်း၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကျောက်ဖြူခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာနများမှ ဘာသာစုံဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၄ ဦး နှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၁၁ ဦး ထွက်ရှိပေါ်ပေါက်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဖြူမြို့ သန်ပန်ချောင်းနှင့် မြစ်နားတန်းရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ မြစ်ကမ်းနားဆင်းလမ်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် မိသားစုဝင်များအား ထောက်ပံ့



**စစ်တွေ ဇွန် ၂၀**

ရခိုင်ပြည်နယ်တွင် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အိမ်ဆောက်ပစ္စည်းနှင့် သေဆုံးဒဏ်ရာရသူများအတွက် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ ခန့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် လုံးဝပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ခြေ ၁၀၂ လုံး၊ တစ်စိတ် တစ်ပိုင်းပျက်စီးခဲ့သည့် အိမ်ခြေ ၆၄၄ လုံး၊ ပြောင်းရွှေ့နေရာချထားပေးရသည့် အိမ်ခြေ ၉၇၈ လုံးနှင့် လုံးဝပျက်စီးဆုံးရှုံးခဲ့သည့် ဘာသာရေးဆိုင်ရာအဆောက်အအုံ တစ်လုံး၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် ဘာသာရေးအဆောက်အအုံ လေးလုံးရှိပြီး သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရရှိသူတစ်ဦးရှိခဲ့ရာ အဆိုပါ ဘေးဒဏ်ကို လူဦးရေ ၁၁၀၇၄ ဦး ခံစားခဲ့ရကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်၊ ဆီ၊ ဆား၊ ပဲ ထောက်ပံ့မှုအတွက် ငွေကျပ် သိန်း ၄၀ ကျော်၊ ဆန်ရိက္ခာဖိုးအတွက် ငွေကျပ် ၆၈ သိန်းကျော်၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်၊ သေဆုံးဒဏ်ရာရသူများအတွက် ထောက်ပံ့ပေးငွေကျပ် ၂၁ သိန်းကျော်၊ ကယ်ဆယ်ရေးပစ္စည်း ပံ့ပိုးမှုအတွက် ငွေကျပ်သိန်း ၁၅၀ ကျော် စုစုပေါင်း ငွေကျပ် ၄၉၄၈၀၆၄၆ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရ သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ရေကြီးရေလျှံမှုဖြစ်တဲ့ ဒေသတွေကို ဒေသဆိုင်ရာအဖွဲ့အစည်းတွေကတစ်ဆင့် သတင်းရယူပြီး ကူညီထောက်ပံ့ရေးပစ္စည်းတွေ ပေးအပ်နိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါတယ်၊ ရေကြီးရေလျှံမှုဖြစ်စဉ်တွေ ဖြစ်နေစဉ်ကာလအတွင်းမှာပဲ ထောက်ပံ့ပစ္စည်းတွေကို ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါတယ်၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနဲ့ပတ်သက်တဲ့ ဇာတ်တိုက်လေ့ကျင့်မှု တွေကိုလည်း ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်၊ ဆက်သွယ်မှုတွေ ပိုမိုကောင်းမွန်ဖို့လည်း ဆောင်ရွက်နေပါတယ်"ဟု ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲမင်းဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်သူရ၊ ဟန်လင်းနိုင်**

# ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ခေတ္တပိတ်ထားရသည့်ကျောင်းများ ရာနှုန်းပြည့်ပြန်လည်ဖွင့်လှစ်

**စစ်တွေ ဇွန် ၂၀**

ရခိုင်ပြည်နယ်တွင် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် ပြည်နယ်အတွင်းရှိ ကျောင်းပေါင်း ၃၉၅ ကျောင်းကို ခေတ္တပိတ်ထားခဲ့ရာ ဇွန် ၁၈ ရက်တွင် ကျောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဆောင်ရွက်ထား**

ရေကြီးရေလျှံမှု ဖြစ်စဉ်များအတွင်း အထက်တန်းကျောင်း ၂၉ ကျောင်း၊ အလယ်တန်းကျောင်း ၁၈၄ ကျောင်း၊ မူလတန်းကျောင်း ၁၈၂ ကျောင်း ခေတ္တပိတ်ထားခဲ့ရပြီး ဖြစ်စဉ်ကြောင့် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့် စာရင်းများကို ကောက်ယူပြီး အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

"ပြည်နယ်အတွင်းမှာ စာသင်ကျောင်းဆောင်တွေ လုံးဝပျက်စီးသွားတာမျိုးတော့ မရှိပါဘူး၊ စာသင်ခုံတွေ၊ သင်ပုန်းကြီးတွေ အစရှိတဲ့သင်ကြားရေးဆိုင်ရာပစ္စည်းတွေ ရေထဲမှာ မျောပါပျောက်ဆုံးသွားတာမျိုးတွေတော့ ရှိပါတယ်၊ ရေဝင်ရောက်မှုကြောင့် စာသင်ခန်းတွေထဲမှာ နုန်းအနည်အနှစ်တွေ ကျန်ခဲ့တာတွေကို သန့်ရှင်းရေးဆောင်ရွက်ရတာတွေ လုပ်ခဲ့ရပါတယ်၊ အခုအခါမှာတော့ အားလုံးပြီးစီးသွားပြီဖြစ်တဲ့အတွက် ကျောင်းအားလုံး ပြန်ဖွင့်နိုင်ပါပြီ၊ ဒီဖြစ်စဉ်ကြောင့် ကျောင်းတွေကို နှစ်ရက်၊ သုံးရက် ပိတ်ခဲ့ရပါတယ်"ဟု ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်သည် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ပေါများသည့်ဒေသဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသွားရာတွင် မြစ်ကူးချောင်းခြား သွားလာရခြင်းများရှိ၍ သဘာဝဘေးအန္တရာယ်နှင့် အခြားသော မတော်တဆမှုများကြောင့် သေဆုံးဒဏ်ရာရမှု မရှိစေရန် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ထောက်ပံ့လှူဒါန်းထားသည့် အသက်ကယ်ဝတ်စုံများကို ကျောင်းသားဦးရေအလိုက် ဖြန့်ဝေပေးထားပြီး ကျောင်းသား ကျောင်းသူများ သွားလာရေးအတွက် ဝန်ဆောင်မှုပေးနေသည့် ရေယာဉ်အသင်းအဖွဲ့များအား စနစ်တကျသုံးစွဲရန် ပညာပေးမှုများကို ဆောင်ရွက်ပေးခဲ့ပြီး ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**




# မောင်တော၌ လက်တွေ့ကယ်ဆယ်နည်းသရုပ်ပြလေ့ကျင့်ခန်းပို့ချ

**မောင်တော ဇွန် ၂၀**

ရခိုင်ပြည်နယ်မောင်တောခရိုင် မောင်တောမီးသတ်ဦးစီးဌာန၌ ယနေ့ နံနက် ၉ နာရီခွဲက လက်တွေ့ကယ်ဆယ်နည်း သရုပ်ပြလေ့ကျင့်ခန်း ပို့ချသည်။

အဆိုပါလက်တွေ့ကယ်ဆယ်နည်း သရုပ်ပြလေ့ကျင့်ခန်းတွင် မီးလောင်နေသော နေအိမ်အတွင်း ပိတ်မိနေသောလူများကို ကယ်ထုတ်နည်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်ဖြင့် နေအိမ်များကို မီးငြှိမ်းသတ်နည်း၊ ဒဏ်ရာရနေသောလူနာများကို ထမ်းစင်ဖြင့် ကယ်ထုတ်နည်း၊ ဒဏ်ရာရနေသောလူနာများကို ဆေးဝါးဖြင့်ကုသနည်းများ ပို့ချခဲ့ကြသည်။

အဆိုပါ လက်တွေ့ကယ်ဆယ်နည်း သရုပ်ပြလေ့ကျင့်ခန်းတွင် ခရိုင်မီးသတ်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းရွှေခိုင်တို့က ကြီးကြပ်ကာ အရာထမ်းအမှုထမ်း မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦး ပါဝင်ခဲ့ကြသည်။

ထို့ပြင် ဇွန် ၁၈ ရက်ကလည်း ရေပြင်အသက်ကယ်ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းရေပြင်အသက်ကယ် ရှာဖွေရေးတွင် ရေပေါ်တွင်မျောနေသော ဒဏ်ရာရလူနာများကို စပိဘုတ် (Speed Boat)ပေါ်မှ မီးသတ်တပ်ဖွဲ့ဝင်များက ဖောကွင်းပစ်၍ ကယ်ဆယ်နည်း၊ စပိဘုတ်ဖြင့် ကယ်ဆယ်လာသော ဒဏ်ရာရလူနာများကို ကမ်းစပ်၌ အသင့်စောင့်နေသော မီးသတ်တပ်ဖွဲ့ဝင်များက ဆေးဝါးများဖြင့် ကုသပေးမှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေဝင်းထွန်း(မြန်မာ့အလင်း)၊ ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မြစ်ကြီးနားအကျဉ်းထောင် စစ်ဆေး၊ တိုက်ပွဲရှောင်များအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဇွန် ၂၀**

လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများသည် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည့်အပြင် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတာဝန်ရှိသူတို့အား တွေ့ဆုံကာ မေးမြန်းစုံစမ်းခြင်းများ ပြုလုပ်ခဲ့ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များကို မလိခရိပ်သာတွင် တွေ့ဆုံ၍ တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများနှင့်ပတ်သက်၍ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးကိစ္စရပ်များနှင့် သိရှိလိုသည်များကို မေးမြန်းခြင်း၊ တိုက်ပွဲရှောင်စခန်းများရှိ လိုအပ်သော အချက်အလက်များကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များသည် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသား၊ အကျဉ်းသူများအား အိပ်ဆောင်များတွင် အုပ်စု ကိုးစုခွဲပြီး တွေ့ဆုံ၍ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု ရှိ၊ မရှိ တို့ကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး အကျဉ်းသား၊ အကျဉ်းသူ အိပ်ဆောင်များ၊ စားဖိုကြီး၊ စာကြည့်တိုက်များနှင့် ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ မြစ်ကြီးနားအကျဉ်းထောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နံနက် ၁၁ နာရီတွင် ကော်မရှင်အဖွဲ့ဝင်များသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များအား ဝန်ကြီးချုပ်ရုံးရှိ ဧည့်တွေ့ဆောင်၌ တွေ့ဆုံကာ တိုက်ပွဲရှောင်ပြည်သူများနှင့်စပ်လျဉ်း၍ လိုအပ်သော အချက်အလက်များ ဆွေးနွေးပြီး တိုက်ပွဲရှောင်ပြည်သူများအတွက် ကော်မရှင်မှ အလှူငွေကျပ် သိန်း ၂၀ ကို ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ကချင်ဘာသာဖြင့် ပြန်ဆိုရေးသားထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းစာအုပ်များနှင့် ကော်မရှင်သို့ တိုင်တန်းနိုင်ပါသည်ဟု ပါဝင်သော ကြော်ငြာစာရွက်များကို ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ဖြန့်ဝေနိုင်ရေးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ မြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းထောင်သို့ ပြန်လည်ဝင်ရောက်ကာ အကျဉ်းသားများထဲမှ သီးခြားတွေ့ဆုံတင်ပြလိုသူ အကျဉ်းသား ၁၂ ဦးကို တစ်ဦးချင်းတွေ့ဆုံပြီး အခက်အခဲများ မေးမြန်းခဲ့သည်။

အလားတူ ကော်မရှင်အနေဖြင့် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ဟိုပင်နှင့် မိုးကောင်းမြို့များရှိ မြို့မရဲစခန်း အချုပ်ခန်းတို့ကိုလည်းကောင်း၊ ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့ရှိ အချုပ်ခန်းများနှင့် အကျဉ်းထောင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း အဆိုပါကော်မရှင်မှ သိရသည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဇေဇော်**

# အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၃၆၅ အထိမြင့်တက်

**ရန်ကုန် ဇွန် ၂၀**

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်းများသည် ပြီးခဲ့သည့် ရက်ပိုင်းကစပြီး ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇန်နဝါရီလလယ်ပိုင်းက စတင်ပြီး အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၂ ကျပ် ဝန်းကျင်အထိ ကျဆင်းခဲ့ရာမှ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလအတွင်းတွင် တစ်ဒေါ်လာလျှင် ငွေလဲနှုန်းအများစုမှာ ၁၃၂၇ ကျပ် ဝန်းကျင်တွင်ဖြစ်ခဲ့ပြီး အများဆုံး ၁၃၃၁ ကျပ်သာရှိခဲ့သည်။ မေလတွင် တစ်ဒေါ်လာလျှင် ၁၃၄၀ ကျပ်ကျော်အထိ ပြန်လည်မြင့်တက်လာခဲ့ပြီး ဇွန်လလယ်တွင် ၁၃၅၀ ကျပ်ကျော်အထိ မြင့်တက်လာကာ ဇွန် ၁၆ ရက်တွင် တစ်ဒေါ်လာ လျှင် ၁၃၆၅ ကျပ်အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လတ်တလော နိုင်ငံတကာငွေလဲလှယ်နှုန်းများ မြင့်တက်လာခြင်းသည် ကမ္ဘာ့နိုင်ငံရေးအခြေအနေကြောင့် ဖြစ်နိုင်ပြီး လက်ရှိ ပြည်တွင်းနယ်စပ်ကုန်သွယ်ရေးတွင် သိသိသာသာ မြင့်တက်လာခြင်းမရှိဘဲ ဈေးကွက်အတွင်း ဒေါ်လာဝယ်လိုအားမှာလည်း လျော့နည်းလာသဖြင့် ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်ခြင်းသည် ပြည်တွင်းဈေးကွက်ကြောင့် မဖြစ်နိုင်ကြောင်း ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေး ဦးသန်းလွင်က ပြောသည်။

Myanmar Processer and Exporter Association ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်ကလည်း "လက်ရှိမှာ ဒေါ်လာဈေးတွေတက်နေတော့ ပိုက်ဆံပိုရတယ်ဆိုပေမယ့် ဒီဘက်က ပြန်ဝယ်ရတဲ့ပစ္စည်းတွေလည်း ပြတ်တော့ ဘဲစားဘဲကျေ သဘောပါပဲ၊ ဈေးဆိုတာကတော့ ငြိမ်နေရင်အကောင်းဆုံးပဲ၊ import များပြီး export နည်းရင်တော့ ဈေးကတော့ တက်သွားမှာပဲ၊ အဲဒီတော့ export များများထုတ်ဖို့ အရေးကြီးပါတယ်" ဟု ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ဒေါ်လာလဲလှယ်နှုန်းများသည် ယခင်နှစ်များကထက် အတက်ဘက်တွင်ရှိခဲ့ပြီး အမြင့်ဆုံးတစ်ဒေါ်လာလျှင် ၁၃၈၀ ကျပ်ဝန်းကျင်အထိ အများဆုံးမြင့်တက်ခဲ့ဖူးသည်။

နိုင်ငံတကာတွင် ဒေါ်လာလဲလှယ်နှုန်းများ ကျဆင်းရခြင်းသည် Inflation rate, interest rate,terms of trades,Country's current account and dificits, political stability and economic performance စသော အကြောင်းအရင်းများကြောင့်ဖြစ်ကြောင်း သိရသည်။

**မေသက်နှင်း**


အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်




"ဦးစွာနားထောင်ပါ"


# မြန်မာ-အိန္ဒိယနယ်စပ်တံတားမှ ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားသဖြင့် ကုန်စည်တင်ပို့၊ တင်သွင်းမှု အခက်အခဲကြုံတွေ့နေရ

**နေပြည်တော် ဇွန် ၂၀**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတားမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ပြီးခဲ့သည့် မေ ၂၁ ရက်မှစ၍ အိန္ဒိယနိုင်ငံ အာသံရိုင်ဖယ်တပ်မှ ပိတ်ပင်ထားသောကြောင့် ကုန်စည်တင်ပို့၊ တင်သွင်းမှု အခက်အခဲကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**အခက်အခဲအများကြီး ကြုံတွေ့ရ**

မြန်မာ-အိန္ဒိယတံတားမှ ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားခြင်းကြောင့် တွေ့ကြုံရသည့် အခြေအနေအပေါ် ရိခေါဒါရ်မြို့ UKP ကုမ္ပဏီမှ ကိုယ်စားလှယ် ဦးဒွေ့သ်ခိုင်က "နယ်စပ်တံတားကနေ မော်တော်ယာဉ်တွေ ဖြတ်သန်းဝင်ထွက်သွားလာမှုကို ပိတ်ပင်ထားတာ တစ်လရှိပါပြီ၊ အခုထိ ဘာမှ ထူးခြားမှုမရှိသေးဘူး၊ ကျွန်တော်တို့ ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ အခက်အခဲအများကြီး ကြုံတွေ့ရပါတယ်၊ အရင်ကဆို ဓာတ်မြေသြဇာတွေကို အိန္ဒိယဘက်ကနေ ကုန်ကားကြီးတွေနဲ့ နယ်စပ်တံတားဖြတ်ပြီး ကျွန်တော်တို့ ဂိုဒေါင်အရောက်ပို့ပေးတာမှ ဓာတ်မြေသြဇာ တစ်အိတ်ကို ခုနစ်ရူပီးလောက်ပဲ ပေးရတယ်၊ အခု တံတားပိတ်ထားတော့ နယ်စပ်တံတားအနားအထိပဲ ပို့တာ တောင် ၁၀ ရူပီးလောက် ပေးရတယ်၊ ဒါတောင် ဂိုဒေါင်ထိ မဟုတ်သေးဘူး၊ ဒီလိုပိတ်ထားတဲ့အတွက် အရင်က ဓာတ်မြေသြဇာအိတ်ပေါင်း သောင်းဂဏန်းနဲ့ ချီပြီး တင်သွင်းနိုင်ပေမယ့် အခုကျတော့ အလုပ်သမားလုပ်အားနဲ့ ထမ်းပို့ရတာဆိုတော့ တစ်နေ့ကို အိတ် ၅၀၀၀ လောက်ပဲ တင်သွင်းနိုင်တော့တယ်၊ လိုသလောက် ပစ္စည်းမရနိုင်ဘူး၊ အချိန်ကြန့်ကြာမှုနဲ့ ကုန်စည်စီးဆင်းမှု နှေးကွေးကြန့်ကြာတဲ့ ပြဿနာတွေ ကြုံတွေ့နေရပါတယ်" ဟု ပြောသည်။

**ကွမ်းသီးတင်ပို့မှုကို ခေတ္တရပ်နားထား**

အဆိုပါ နယ်စပ်တံတားမှ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ပိတ်ပင်ထားခြင်းကြောင့် မြန်မာနိုင်ငံဘက်မှ အဓိကပို့ကုန်တစ်ခုဖြစ်သည့် ကွမ်းသီးတင်ပို့မှုကို ခေတ္တရပ်နားထားကြောင်း၊ အဓိကမှာ အလုပ်သမားငှားရမ်း၍ ထမ်းပို့ရသည့်အတွက် အလုပ်သမားငှားရမ်းခ အဆမတန် ကုန်ကျခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်သန်းခ ကောက်ခံမှုကိုလည်း အိန္ဒိယနိုင်ငံသုံး ရူပီးငွေဖြင့် ကောက်ခံနေခြင်းမှ မြန်မာကျပ်ငွေဖြင့် ဇွန် ၂၀ ရက်မှစ၍ ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သိရပြီး ထိုသို့ ပြောင်းလဲကောက်ခံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တနင်္လာနေ့ သတ်မှတ်ငွေလဲလှယ်နှုန်းအတိုင်း အပတ်စဉ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်သန်းခ ကောက်ခံမှုအနေဖြင့် လူတစ်ဦးလျှင် ၁၀ ရူပီး၊ ဆိုင်ကယ်တစ်စီးလျှင် ၂၅ ရူပီး၊ မော်တော်ယာဉ်တစ်စီးလျှင် ၁၀၀ ရူပီး ကောက်ခံကြောင်း သိရပြီး ယနေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သတ်မှတ်ငွေလဲလှယ်နှုန်းမှာ တစ်ရူပီးလျှင် ငွေကျပ် ၂၀ ဒသမ ၀၂၆ ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထီးချိုင့်မြို့နယ်၌ ကြံတောင်သူများ၏ အခွင့်အရေးတန်းတူရရှိရေး ဆန္ဒဖော်ထုတ်

**ထီးချိုင့် ဇွန် ၂၀**

ကြံတောင်သူများ၏ အခွင့်အရေး တန်းတူရရှိရေးအတွက် ပုဂ္ဂလိကပိုင် ဂရိတ်ဝေါ (လ်) ဝေမာသကြားစက်ရုံအား ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအုပ်စုတွင် အင်အား ၅၀၀ ဖြင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် စပ်စားရွာထိပ် ကွင်းပြင်မှ မန္တလေး-ဗန်းမော် ကားလမ်းမကြီးအတိုင်း သကြားစက်ရုံတောင်ဘက် ကွင်းပြင်သို့ စုဝေးလမ်းလျှောက်ကြပြီး ဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

"ကြံတောင်သူတွေအပေါ်ကို ဈေးသေနဲ့ ဈေးရှင်ဆိုပြီး နှစ်မျိုးခွဲခြားပြီး စာချုပ်ပါတယ်၊ ဈေးသေမှာ ကြံတစ်တန်ကို ငွေကျပ် ၄၅၀၀၀ နှုန်းနဲ့ချုပ်ပြီး ဈေးရှင်ကတော့ တစ်တန်ကို ငွေကျပ် ၄၃၀၀၀ နှုန်းနဲ့ ချုပ်ပါတယ်၊ ပြီးတော့ ကွင်းတာဝန်ခံစာရေး တိုင်းတာတဲ့အပေါ် မူတည်ပြီး ကြံအပ်နှံရပါတယ်၊ ဘယ်ရွှေ့ဘယ်မျှရှိတယ်ဆိုပြီး တောင်သူတွေအပေါ် ပြောမပြဘူး၊ စာချုပ်တဲ့အတိုင်း မအပ်နိုင်ရင် ဒဏ်ကြေးဆိုပြီး ကြံတစ်တန်ကို ငွေကျပ် ၁၀၀၀၀ ဆောင်ရပါတယ်၊ စာချုပ်ထက် ပိုသွင်းရင်တော့ ဆုကြေးဆိုတာ မရှိခဲ့ပါဘူး၊ ဒဏ်ကြေးရှိရင် ဆုကြေးလည်း ပေးစေချင်ပါတယ်၊ တစ်ပြည်လုံးမှာရှိတဲ့ သကြားစက်တွေနည်းတူ တစ်ပြေးညီဖြစ်စေချင်ပါတယ်၊ ဒါကြောင့် ဆန္ဒဖော်ထုတ်ခြင်း ဖြစ်ပါတယ်" ဟု မြတောင်ရွာ ကြံတောင်သူ ဦးစိုးအောင်၏ ပြောပြချက်အရ သိရသည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ထီးချိုင့်မြို့နယ်အတွင်းရှိ ကြံတောင်သူများပါဝင် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဝန်းသိုမြို့နယ်အတွင်း ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားနေ

**ဝန်းသို ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ဇွန်လ ဒုတိယပတ်ကစတင်၍ ဝက်များ ဝက်နားရွက်ပြာရောဂါ (PRRS) ဖြစ်ပွားနေမှုကြောင့် စီးပွားဖြစ်ဝက်မွေးမြူသူများနှင့် တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများက စိုးရိမ်လျက်ရှိနေကြကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရွှေဝန်းသီတာရပ်ကွက်၊ ကျော်ထွန်းရပ်နှင့် သစ်ဆိမ့်ကုန်းရပ်ရှိ ဝက်မွေးမြူရေးခြံမှ ဝက်အသေကောင်များ၏ နမူနာပစ္စည်းများအား မန္တလေးဓာတ်ခွဲခန်းသို့ ဇွန် ၁၂ ရက်က ပေးပို့စမ်းသပ်ခဲ့ရာ ဝက်နားရွက်ပြာရောဂါ (PRRS) နှင့် Pasteurella Haemolytica ရောဂါပိုးတွေ့ရှိကြောင်း ဇွန် ၁၄ ရက်က ဓာတ်ခွဲခန်းမှ ပြန်ကြားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင်**

# သြစတြေးလျရဲ့ ခံစစ်ကြောင့် ဒိန်းမတ်တို့ အသာမရနိုင်

ဝင်းမြတ်

**၂၁ ဇွန်လ ၂၀၁၈ ည ၆း၃၀ (Samara Arena)**

ဇွန်လ ၂၁ ရက်နေ့(ယနေ့ည) မှာတော့ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဂ) ဒုတိယ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဒိန်းမတ်နဲ့ သြစတြေးလျတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ဘယ်လိုရလဒ် ထွက်ပေါ်လာမလဲဆိုတာ စောင့်ကြည့်ရမယ်။

### ဒိန်းမတ်ရဲ့ အခြေအနေ

အဖွင့်ပွဲစဉ်မှာ ပီရူးကို အနိုင်ရယူနိုင်ခဲ့တာကြောင့် ဒီပွဲမှာသာ ထပ်မံအနိုင်ရရှိခဲ့မယ်ဆိုရင် ဒိန်းမတ်တို့နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာသွားမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဒိန်းမတ်အနေနဲ့ တိုက်စစ်ပိုင်းအားနည်းပေမယ့်လည်း အသင်းလိုက်စွမ်းဆောင်ရည်ကတော့ ထက်မြက်မှုရှိနေသလို ခံစစ်ကစားပုံလည်း ကောင်းမွန်ခဲ့တာကို အဖွင့်ပွဲမှာ တွေ့ရှိခဲ့ရပါတယ်။

### သြစတြေးလျရဲ့ အခြေအနေ

သြစတြေးလျကတော့ အဖွင့်ပွဲမှာ ပြင်သစ်ကို အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာ နိုင်ပွဲရယူထားနိုင်ပါမှ နောက်တစ်ဆင့်ကို တက်ရောက်နိုင်မယ့် အခြေအနေဖြစ်နေပါတယ်။ ဒါကြောင့်လည်း သြစတြေးလျတို့ ခြေကုန်ထုတ်လာမှာဖြစ်ပြီး ပြင်သစ်နဲ့ပွဲမှာ တန်ပြန်တိုက်စစ်ကစားပုံရော ခံစစ်ကစားပုံပါ ကောင်းမွန်ခဲ့တာကိုလည်း သတိပြုရမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

ဒိန်းမတ်တို့နိုင်ပွဲရရှိရေး အားစိုက်လာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားနည်းမှုကြောင့် သြစတြေးလျကို အသာရဖို့ခက်တယ်။ ပြင်သစ်နဲ့ပွဲမှာ သြစတြေးလျရဲ့ခံစစ်ကလည်း ကောင်းမွန်ခဲ့သလို ဒီပွဲစဉ်မှာလည်း သြစတြေးလျရဲ့ခံစစ်ကြောင့် သရေကျနိုင်တယ်။

# ခရိုအေးရှားကို အာဂျင်တီးနား လွယ်လွယ်မနိုင်ဘူး

**၂၂ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Stadion Nizhny Novgorod)**

ဇွန်လ ၂၂ ရက်နေ့မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဃ)ဒုတိယပွဲစဉ်တစ်ပွဲဖြစ်တဲ့ အာဂျင်တီးနားနဲ့ ခရိုအေးရှားတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး အာဂျင်တီးနားတို့ နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။

### အာဂျင်တီးနားရဲ့ အခြေအနေ

အဖွင့်ပွဲမှာ အိုက်စလန်ကို အနိုင်မရခဲ့တာကြောင့် အာဂျင်တီးနားအနေနဲ့ နောက်တစ်ဆင့် တက်ရောက်နိုင်ဖို့ဆိုရင် ဒီပွဲမှာနိုင်ပွဲရဖို့ မဖြစ်မနေအားစိုက်ရမှာဖြစ်ပါတယ်။ အာဂျင်တီးနားဟာ ကမ္ဘာ့အဆင့်ထိပ်တန်းကစားသမားတွေနဲ့ စုဖွဲ့ထားပေမယ့် ခံစစ်အားပြုကစားခဲ့တဲ့ အိုက်စလန်ကို အသာရယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် အာဂျင်တီးနားဟာ ကွင်းလယ်ပိုင်းလည်း အားနည်းနေပါတယ်။ ကမ္ဘာ့အဆင့် ထိပ်တန်းကစားသမားတွေနဲ့စုဖွဲ့ထားပေမယ့်ခံစစ်အားပြုကစားခဲ့တဲ့ အိုက်စလန်ကို အသာရယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါ့အပြင် အာဂျင်တီးနားဟာ ကွင်းလယ်ပိုင်းလည်း အားနည်းနေပါတယ်။

### ခရိုအေးရှားရဲ့ အခြေအနေ

ခရိုအေးရှားကတော့ အဖွင့်ပွဲမှာ နိုင်ဂျီးရီးယားကို အနိုင်ရရှိခဲ့တာကြောင့် ဒီပွဲမှာ သရေတစ်မှတ် ရခဲ့မယ်ဆိုရင် နောက်တစ်ဆင့် တက်ရောက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ခရိုအေးရှားတို့ အားစိုက်လာမှာဖြစ်သလို ခရိုအေးရှားရဲ့ ကွင်းလယ်ပိုင်းကလည်း စုဖွဲ့မှုအားကောင်းမွန်ပြီး တစ်ဦးချင်းခြေစွမ်းထက်မြက်တဲ့သူတွေလည်း ရှိနေပါတယ်။

### သုံးသပ်ချက်

အာဂျင်တီးနားတို့ နိုင်ပွဲရရှိရေးအတွက် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ကွင်းလယ်ပိုင်းကစားပုံကောင်းမွန်တဲ့ ခရိုအေးရှားကို အသာရဖို့ခက်ခဲပါတယ်။ အာဂျင်တီးနားအနိုင်ရရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

# ပြင်သစ်တို့ နိုင်ပွဲဆက်ပြီး နောက်တစ်ဆင့်တက်နိုင်မလား

**၂၁ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Ekaterinburg Arena)**

ဇွန်လ ၂၁ ရက်နေ့ (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဂ) ဒုတိယ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပြင်သစ်နဲ့ ပီရူးတို့ရဲ့ပွဲကို ကျင်းပသွားမှာဖြစ်ပြီး ပြင်သစ် နိုင်ပွဲရမလား စောင့်ကြည့်ရမယ်။

### ပြင်သစ်ရဲ့ အခြေအနေ

ပြင်သစ်ဟာ အဖွင့်ပွဲမှာ သြစတြေးလျကို အနိုင်ရရှိခဲ့တာကြောင့် ဒီပွဲမှာ အနိုင်ရရှိလိုက်တာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ သေချာသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြင်သစ်ဟာ တိုက်စစ်ပိုင်းမှာတော့ အားနည်းမှုတွေ ရှိနေပါတယ်။ တိုက်စစ်မှူးကောင်းတွေ များစွာရှိနေပေမယ့် အဆုံးသတ်ပိုင်း အားနည်းမှုတွေရှိတာကို အဖွင့်ပွဲမှာတွေ့ရှိခဲ့ရပါတယ်။

### ပီရူးရဲ့ အခြေအနေ

ပီရူးကတော့ အဖွင့်ပွဲမှာ ဒိန်းမတ်ကိုအရေးနိမ့်ခဲ့တာကြောင့် ဒီပွဲမှာထပ်မံအရေးနိမ့်လို့မရတော့တဲ့အတွက် အားစိုက်ကစားလာမှာပါ။ ဒါ့အပြင် ပီရူးဟာ အဖွင့်ပွဲမှာ အရေးနိမ့်ခဲ့ပေမယ့် တောင်အမေရိကအသင်းပီပီ အသင်းလိုက်စုဖွဲ့ကစားပုံကောင်းမွန်သလို ခံစစ်ကို ပိုမိုအားပြုကစားလာရင်ပြင်သစ်ကိုထိန်းချုပ်နိုင်မယ့်အခြေအနေမှာ ရှိနေတယ်။

### သုံးသပ်ချက်

ပြင်သစ်ဟာ တိုက်စစ်မှူးကောင်းတွေများစွာရှိပေမယ့် အတွေ့အကြုံနုတဲ့ အမ်ဘာပေ၊ ဒမ်ဘီလီတို့ကြောင့် ခံစစ်အားပြုကစားတတ်တဲ့ အသင်းတွေကို ခက်ခက်ခဲခဲရင်ဆိုင်ရတတ်ပါတယ်။ ပီရူးကလည်း ခံစစ်အားပြုလာမှာဖြစ်လို့ ပြင်သစ်ဂိုးပြတ်နိုင်ဖို့ ခက်လွန်းတယ်။

## ကမ္ဘာ့ဖလားပွဲ အုပ်စုဒုတိယပွဲစဉ်များယှဉ်ပြိုင် ပေါ်တူဂီ၊ ဥရုဂွေးနှင့် ရုရှားတို့အနိုင်ရရှိ

ကမ္ဘာဖလားအုပ်စု ဒုတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၀ ရက် ညနေပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(ခ)မှ ပေါ်တူဂီနှင့် မော်ရိုကိုတို့ပွဲတွင် ပေါ်တူဂီအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲတွင် ပေါ်တူဂီအသင်းသည် ပွဲစပြီး လေးမိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် မော်တင်ဟို၏ ဖြတ်တင်ဘောကို အသင်းခေါင်းဆောင် စီရော်နယ်ဒိုခေါင်းတိုက်သွင်းယူခဲ့သည်။ ယင်းသွင်းဂိုးဖြင့်သာ ပေါ်တူဂီအသင်း အနိုင်ရရှိခဲ့သည်။ ယင်းသွင်းဂိုးအပါအဝင် စီရော်နယ်ဒိုသည် နိုင်ငံ့လက်ရွေးစင် သွင်းဂိုး ၈၅ ဂိုးအထိ သွင်းယူခဲ့ပြီး ယခု ကမ္ဘာ့ဖလားတွင် လေးဂိုးထိ သွင်းယူထားနိုင်ခဲ့သည်။ ယခုပွဲအပြီး ပေါ်တူဂီအသင်း လေးမှတ်ရရှိနေပြီး မော်ရိုကိုအသင်းမှာ အမှတ်မရသေးပေ။

ဇွန် ၂၀ ရက် ညပိုင်းတွင် အုပ်စု(က)မှ ဥရုဂွေးနှင့် ဆော်ဒီအာရေဗျအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဥရုဂွေးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် တိုက်စစ်မှူး ဆွာရက်ဇ်က သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် ဥရုဂွေးအနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ခြောက်မှတ်ဖြင့် ရုရှားနှင့် အမှတ်တူကာ နောက်တစ်ဆင့်တက်ရန် သေချာသွားပြီဖြစ်သည်။

ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(က)မှ ဒုတိယပွဲစဉ်အဖြစ် ရုရှားနှင့်အီဂျစ်ပွဲစဉ်တွင် အိမ်ရှင်ရုရှားအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီဂျစ်အသင်းမှာ အမှတ်မရရှိသေးဘဲ အုပ်စုအဆင့်မှ ထွက်ခွာရတော့မည်ဖြစ်သည်။

**သီဟ**

## ၂၀၁၈ ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၂၀**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIC အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Imperial Cup 2018 ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ (ရန်ကုန်) ၌ ကျင်းပရာ MIC အသင်း အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယနေ့တွင် MIC အသင်းက Titans XII အသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး VUC အသင်းနှင့် GV Athletic အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် နှစ်ပွဲစလုံးအနိုင်ရပြီး ခြောက်မှတ်ရထားသည့် MIC အသင်းက ဗိုလ်လုပွဲတက်သွားပြီး ဗိုလ်လုပွဲတက်ခွင့် လက်ကျန်တစ်နေရာအတွက် လေးမှတ်ရထားသည့် VUC အသင်းနှင့် တစ်မှတ်ရထားသည့် GV Athletic အသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ နှစ်ပွဲစလုံးရှုံးထားသည့် Titans XII အသင်းမှာမူ တတိယလုပွဲသာ ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ကို ဇွန် ၂၁ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး Titans XII အသင်းနှင့် GV Athletic အသင်း၊ VUC အသင်းနှင့် MIC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲများအပြီးတွင် ထိပ်ဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် (၃၊၄) နေရာရအသင်းမှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

## မြန်မာ ယူ-၁၉ အသင်း စင်ကာပူ ယူ-၂၃ အသင်းကို ခြေစမ်းပွဲတွင် နှစ်ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇွန် ၂၀**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေသည့် မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲဒုတိယပွဲအဖြစ် ယနေ့ ညနေပိုင်းက စင်ကာပူ ယူ-၂၃ အသင်းနှင့် စင်ကာပူနိုင်ငံရှိ ဘီရှမ်းကွင်း၌ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုခြေစမ်းပွဲကို မြန်မာ ယူ-၂၃ (ခ) အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် မြတ်ကောင်းခန့်ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးပြီး ဝင်းနိုင်ထွန်း၊ လွင်မိုးအောင်၊ ပြည့်စုံနိုင်၊ စိုးမိုးကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ စင်ကာပူ နာမည်ကြီးကစားသမားဟောင်း ဖန်ဒီအာမက် ကိုင်တွယ်နေသည့် စင်ကာပူ ယူ-၂၃ အသင်းသည် မြန်မာအသင်းကို အသာစီးမယူနိုင်ဘဲ အိမ်ကွင်း၌ ရလဒ်ကောင်းရရန် ရုန်းကန်ခဲ့ရသည်။ ဦးမျိုးလှိုင်ဝင်း ကိုင်တွယ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး စင်ကာပူ အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၃၉ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုး ရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်ထွန်းက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စင်ကာပူ ယူ-၂၃ အသင်း ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာသော်လည်း မြန်မာအသင်းက ထိန်းချုပ်ကစားနိုင်ခဲ့ပြီး မိနစ် ၆၀ တွင် တောင်ပံကစားသမား ရဲရင့်အောင်က ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားသွားပြီး အနိုင်ရလဒ် ရယူနိုင်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပွဲအဖြစ် စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ကွင်းပိတ်ကစားခဲ့ရာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ဖိုးသော်ဇင်**

# ဒွေးကိုကိုချစ်၏ ဟက်ထရစ်ဂိုးဖြင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် ဆီမီးတက်

**ရန်ကုန် ဇွန် ၂၀**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး/ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ဒုတိယနေ့)ကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်း ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ဒွေးကိုကိုချစ်သည် ယခုရာသီတွင် အသင်းဟောင်းနှင့် တွေ့ဆုံသည့်ပွဲတိုင်း ဂိုးမြုလေ့ရှိပြီး ယခုပွဲတွင်လည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ဆီမီးဖိုင်နယ်တွင် ဟံသာဝတီနှင့်တွေ့ဆုံမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဇွန် ၂၃ ရက်တွင် ရန်ကုန်အသင်းနှင့်အရေးပါသည့် အမှတ်ပေးပွဲကစားရန်ရှိသော်လည်း လူစုံအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၇ မိနစ်တွင် တိုက်စစ်မှူး ဒွေးကိုကိုချစ်က ခေါင်းတိုက်ပြီး ဂိုးစတင်သွင်းယူပေးခဲ့သည်။ မိနစ် ၆၀တွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး လီဟန်ကွတ်ကန်တင်ပေးသည့် ထောင့်ကန်ဘောကို ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။ ရခိုင်အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးပြန်ရသော်လည်း ပယ်နယ်တီရနိုင်သည့် အခွင့်အရေး ငြင်းဆန်ခံရသလို တစ်ဂိုးမှာလည်း လူကျွံဘောဖြစ်နေ၍ နစ်နာခဲ့ရသည်။ ရှမ်းယူနိုက်တက်အတွက် တတိယဂိုးကို ၈၄ မိနစ်တွင် ဒွေးကိုကိုချစ်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

### ဟံသာဝတီနိုင်

အောင်ဆန်းကွင်း၌ ကျင်းပသည့် ပွဲတွင် ဟံသာဝတီအသင်းက စစ်ကိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမားများ အပါအဝင် လူစုံထုတ်ခဲ့သလို စစ်ကိုင်းအသင်းမှာလည်း လူစုံအသုံးပြုခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၂၁၊ ၅၂ မိနစ်တွင် မတ်စ်ကသွင်းယူပြီး စစ်ကိုင်းအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် ကောင်းဇော်ထွေးက သွင်းယူခဲ့သည်။

ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်နှင့်မကွေး၊ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ရှမ်းယူနိုက်တက်နှင့် ရခိုင်အသင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# ဝမ်းတွင်းမြို့နယ်၌ ဆီဘောက်ဆာယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ရွှေတောင် ဇွန် ၂၀**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ ဇွန် ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ဆီဘောက်ဆာ မီးလောင်၍ ဆိုင်နှစ်ဆိုင်မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၆၈/၀ နှင့် ၃၆၈/၁ အကြား ရွာတန်းရှည်ကျေးရွာတွင် ကားတစ်စီးမီးလောင်ကြောင်း သတင်းအရ ရွှေတောင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်ကျော်နိုင်စိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 2C/---- ဆီဘောက်ဆာယာဉ်မှာ ရွာတန်းရှည်ကျေးရွာ ရွာအလယ်နေရာ၌ ယာဘက်နောက်ဘီးနှစ်ဘီးတွဲအနက် အပြင် တစ်ဘီးမှာ အပူရှိန်လွန်ကဲပြီး တာယာပွင့်ထွက်ကာ မီးလောင်မှုဖြစ်၍ ရန်ကုန်-မန္တလေးကားလမ်းဘေး ရွာတန်းရှည်ကျေးရွာနေ ဦးကျော်သန်း (၆၅ နှစ်)၏ မိဘငြိမ်းအကြော်၊ အအေးဆိုင်နှင့် ကွမ်းယာဆိုင်တို့ကို မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဒုတိယခရိုင်ရဲမှူး ရဲမှူးဝင်းမြင့်၊ ဒုရဲမှူး ခင်လှိုင်၊ ရွှေတောင်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်နိုင်စိုးနှင့်အဖွဲ့များ၊ မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မြို့နယ်မီးသတ်



ဦးစီးမှူး ဦးစိုးထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မြစ်သားမြို့နယ်တို့မှ မီးသတ်ယာဉ် ၁၇စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၅၀တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# မူးယစ်တရားခံပြေးအား ဖမ်းဆီးစဉ် သေနတ်နှစ်လက် လက်ပစ်ဗုံးသုံးလုံးနှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**မိုးညှင်း ဇွန် ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာ၌ ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲက မူးယစ်တရားခံပြေးအား ရှောင်တခင် ဝင်ရောက်ဖမ်းဆီးရာမှ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်းကိုင်ဆောင်သည့် ပစ္စတိုသေနတ်နှစ်လက်၊ လက်ပစ်ဗုံးသုံးလုံးနှင့်အတူ ကျည်ဆန် ၂၅ တောင့်အား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင်မှူးခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုတိယရဲအုပ်ဇော်လွင်ဦးစီးတပ်ဖွဲ့ဝင်များသည် နန်းမားနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နန်းမားနယ်မြေရဲစခန်းမှ တရားခံပြေး မိုးညှင်းမြို့နယ် အောင်မြေကျေးရွာနေ အောင်ဝင်းထွန်း(ခ) ထွန်းထွန်း (၄၅နှစ်)သည် အောင်မြေကျေးရွာယာခင်းအနီး ၎င်း၏နေအိမ်၌ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အောင်ဝင်းထွန်း(ခ) ထွန်းထွန်းမှာ ထွက်ပြေးလွတ်မြောက်သွားသည်။



အဆိုပါနေအိမ်တွင် ၎င်း၏ဇနီးဖြစ်သူ မဆိုင်းပန်(၂၅နှစ်)အား တွေ့ရှိရ၍ အိမ်နှင့်အနီးပတ်ဝန်းကျင်ကို ရှာဖွေစစ်ဆေးရာ အိမ်အနောက်ဘက် အိမ်သာဘေးမှ ဘိန်းဖြူ (သုည ဒသမ ၂) ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်အိပ်ခန်းအိပ်ရာဘေးမှ M-20 အမျိုးအစား ပစ္စတိုနှစ်လက်၊ M-20 ပစ္စတိုကျည်ဆန် ၂၄ တောင့်နှင့် ကျည်အိမ်နှစ်ခု၊ 7.62×39 ကျည်ဆန်ငါးတောင့်၊ MG-1 လက်ပစ်ဗုံးသုံးလုံးနှင့် ယင်းအမျိုးအစား (ဖြူးစ်)သုံးချောင်းတို့ကို ရှာဖွေတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ လက်ဝယ်တွေ့ရှိသူ မဆိုင်းပန်နှင့် ထွက်ပြေးလွတ်မြောက်သွားသူ မူးယစ်တရားခံပြေး အောင်ဝင်းထွန်း(ခ) ထွန်းထွန်းတို့ကို နန်းမားနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဥတ္တရသီရိမြို့နယ်တွင် တစ်ရက်တည်း လိုင်စင်မဲ့ယာဉ်သုံးစီး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် တစ်ရက်တည်း လိုင်စင်မဲ့ယာဉ်သုံးစီး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ် ၁ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ နေပြည်တော်မှ ဒုရဲအုပ် သက်နောင်ကျော်နှင့် ပူးပေါင်းအဖွဲ့များသည် လဲဝန်းကျေးရွာ ဒေါ်ခင်ထွေးမွန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ တရားမဝင်လိုင်စင်မဲ့ယာဉ်အမှတ် 1F/---- အေဒီဗင်ယာဉ်တစ်စီးနှင့် 2D/----- မာဇဒါဘင်ဂိုယာဉ်တစ်စီးတို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်နှစ်စီးပိုင်ရှင် ဒေါ်ခင်ထွေးမွန်(၃၃နှစ်) လဲဝန်းကျေးရွာနေသူကို တောင်ညိုနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

ထို့အတူ ပူးပေါင်းအဖွဲ့များသည် ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်က လဲဝန်းကျေးရွာ ဦးမြင့်ဇော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ တရားမဝင် လိုင်စင်မဲ့ယာဉ်အမှတ် 5J/----TOYOTA WISH ယာဉ်တစ်စီးအား တွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် လိုင်စင်မဲ့ယာဉ်ပိုင်ရှင် ဦးမြင့်ဇော် (၄၇ နှစ်) လဲဝန်းကျေးရွာနေသူအား တောင်ညိုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ကလေးနှင့် ကလေးဝမြို့တို့၌ တရားမဝင် ဝင်ရောက်လာသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကျီကုန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဇွန် ၁၉ ရက် ညနေ ၆ နာရီ မိနစ် ၂၀ က ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လက်ထောက်လဝကမှူး ဆွီးရိုထန်းတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တမူး-ကလေးကားလမ်း၌ စောင့်ဆိုင်းနေစဉ် တမူးဘက်မှ ကလေးဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ တမူးမြို့ ဈေးတန်း(၄) ရပ်ကွက်နေ အောင်ဇော်ဦး(၂၂နှစ်)နှင့် နောက်မှ လိုက်ပါလာသူမှာ ဘူးသီးတောင်မြို့နယ် ဒုံးချောင်းကျေးရွာနေ မအာဆီရာ (၁၉နှစ်)ဖြစ်ကြောင်း သိရှိရသဖြင့် ကလေးမြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

အဆိုပါပူးပေါင်းအဖွဲ့မှ စစ်ဆေးရေးဆောင်ရွက်နေစဉ် ဆိုင်ကယ်တစ်စီးမှာ အရှိန်ပြင်းစွာ မောင်းနှင်သွားသဖြင့် ကလေးဝမြို့နယ်ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ရာ ကလေးဝမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့က ကလေးဝမြို့ မြစ်သာတံတားပေါ်၌ စောင့်ဆိုင်းနေစဉ် ကလေးဘက်မှ မုံရွာဘက်သို့ မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ချောင်းနက်ကျေးရွာနေ ဆေးမင်ထန်(၂၂နှစ်)နှင့် နောက်မှလိုက်ပါလာသူမှာ ဘူးသီးတောင်မြို့နယ် မြောင်းနားကျေးရွာနေ ဟာနော့ (၁၃နှစ်)တို့ဖြစ်ကြောင်းသိရှိရသဖြင့် ကလေးမြို့မရဲစခန်း၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၉ ရက်က အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၆၂ လမ်း၊ ၁၉ လမ်းနှင့် ၂၀ လမ်းကြားတွင် အောင်မျိုးခန့် မောင်းနှင်လာသည့် MARK II ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကို လည်းကောင်း။

ထို့အတူ ဇွန် ၁၉ ရက်က မေယု(၂)စစ်ဆင်ရေးအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့နယ် နတ်မြစ်အတွင်း စံပယ်ပင်းရင်းချောင်းအနီးတွင် မာမတ်ဒူလာ၊ မာမတ်အီနူစ်နှင့် မာမွတ်မြာတို့ သုံးဦးပါရှိသည့် လက်ခတ်လှေကို ရှာဖွေရာ ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ အလားတူ မာန်အောင်မြို့နယ် ဘူးရေမျက်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနေ သိန်းမောင်(ခ)ချီးသငယ်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၊ ငွေကျပ်ကိုးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ဇွန် ၁၈ ည ၈နာရီတွင် ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်



ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာအုပ်စု ခြံကလေးကျေးရွာအဝင်လမ်းထိပ်၌ သောင်းထွန်းလေး(ခ)အထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာ၊ ခြံကလေးကျေးရွာနေ မီးမီး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်ကုန်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**တပ်ကုန်း ဇွန် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ ၂ တိုးချဲ့ ၂ လမ်း အိမ်အမှတ်- ၉တွင် ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြား သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက နေပြည်တော်မူးယစ်တပ်ဖွဲ့စု ၁၀၁ မှ ဒုရဲမှူး လှစိုးနှင့် ပူးပေါင်းအဖွဲ့များသည် ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ ၂ တိုးချဲ့ ၂ လမ်း အိမ်အမှတ်-၉ ဒေါ်အိအိခိုင်၏ နေအိမ်တွင် မူးယစ်ဆေးဝါးရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မြင့်ထွေး(ခ)လင်းလင်း၊ ဇော်မင်းလတ်တို့ကို တွေ့ရှိရပြီး အိအိခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၆ ပြား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို တပ်ကုန်းမြို့မရဲစခန်းက စစ်ဆေးအရေးယူထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မူဆယ်မြို့နယ်တွင် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံး တွေ့ရှိ

**နေပြည်တော် ဇွန် ၂၀**

မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းသွား ပြည်ထောင်စုလမ်းမကြီးဝဲဘက်ဘေး မိုင်တိုင်အမှတ်(၂၈၈/၇) ဆိုင်းခေါင်ကျေးရွာအနီး၌ ဇွန် ၁၉ ရက် ညနေ ၄ နာရီခွဲက အချင်း ၄ လက်မ၊ အမြင့် ၆ လက်မခန့်ရှိ သံဘူးအတွင်း TNT ယမ်းများနှင့် ဖယောင်းအတွင်း ဒီတိုနေတာ စနက်တံနှင့် ဘက်ထရီတစ်ခုတပ်ဆင်လျက် ဒေသန္တရလက်လုပ်မိုင်းနှစ်လုံး တွေ့ရှိသဖြင့် တပ်မတော်သားများက စစ်ဆေးပြီး သိမ်းဆည်းသွားကြောင်း သိရသည်။ **ကိုရဲ**

# စက်စဲကမ်းခြေ၌ ဝေလငါးအသေတစ်ကောင် တွေ့ရှိ

**နေပြည်တော် ဇွန် ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ စက်စဲကမ်းခြေ ရွှေကမ်းခြေဟိုတယ်နှင့် ပေ ၃၀၀ ခန့်ရှိ ပင်လယ်ကမ်းခြေသောင်ပြင်ပေါ်၌ ဇွန် ၁၈ ရက် ည ၇ နာရီက ဒီရေနှင့်အတူ မျောပါလာသော အရှည် ၂၅ ပေခန့်၊ လုံးပတ် ၂၂ ပေခန့်ရှိ ပုပ်ပွနေသည့် ဝေလငါးမျိုးစိတ်ငါးတစ်ကောင် သောင်တင်နေ၍ သံဖြူဇရပ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ဝေနှင့်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပင်လယ်ကမ်းခြေသောင်ပြင်၌ မြေမြှုပ်ခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ဆိုင်ကယ်ဖိုးကျန်ငွေတောင်းရာမှ လူသတ်ထွက်ပြေးတိမ်းရှောင်သွားသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင်ရပ်ကွက် ဒေါနခြံရပ်တွင် ဆိုင်ကယ်ဖိုး ကျန်ငွေတောင်းရာမှ လူသတ်မှုကျူးလွန်သူအား အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် ည ၉နာရီ ၁၅ မိနစ်က ဒေါနခြံရပ်တွင်နေထိုင်သည့် ကိုသိန်းထွန်းထံသို့ ကိုသိန်းစိုးအောင်နှင့် ၎င်း၏ဇနီးဖြစ်သူ မလှလှဌေးတို့ ရောက်ရှိလာပြီး ဆိုင်ကယ်ဖိုးကျန်ရှိသည့် ငွေကျပ် ၃၀၀၀၀ ကိုတောင်းခဲ့ရာ မနက်ဖြန်ပေးမည်ပြောသဖြင့် ပြန်ရန်ပြင်စဉ် ကိုသိန်းထွန်းက ကိုသိန်းစိုးအောင်အား စကေဘာဖြင့် ထိုး၍ထွက်ပြေးသွားခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ကိုသိန်းစိုးအောင်တွင် ဒဏ်ရာရရှိခဲ့၍ မန္တလေးဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန်သွားရောက်စဉ် လမ်း၌ သေဆုံးသွားခဲ့သဖြင့် ချမ်းမြသာစည်မြို့နယ် အမှတ် ၁၀ မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းခဲ့သည်။

ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစံသူဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ယင်းဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့ရာ ဇွန် ၂၀ ရက် နံနက် ၁၂ နာရီခွဲခန့်တွင် အောင်မြေသာစံမြို့နယ် ၂၂ လမ်းအနောက်ထိပ် ရှုခင်းသာ ပန်းခြံအနီး ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အရိုးအသွား အရှည် ၁၂လက်မခန့်ရှိ စကေဘာကို အခင်းဖြစ်ရပ်အနီး ချုံပုတ်အတွင်း လွှင့်ပစ်ခဲ့ကြောင်း ထွက်ဆို၍ ရှာဖွေသိမ်းဆည်းကာ ပြစ်မှုကျူးလွန်သူအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **အောင်စံမောင်**

# ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အမေရိကန်နုတ်ထွက်

**ဂျီနီဗာ ဇွန် ၂၀**

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် အစ္စရေးအပေါ် ဖိနှိပ်မှုများ ဆက်တိုက်ဆိုသလို ပြုလုပ်ခဲ့သဖြင့် အမေရိကန်သည် လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်တော့မည် ဖြစ်ကြောင်း ပြောခဲ့သည်။

**နုတ်ထွက်ရန်ကြေညာ**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် နစ်ကီဟာလေက အမေရိကန်သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အင်္ဂါနေ့တွင် ဝါရှင်တန်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာမှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ လူ့အခွင့်အရေးကောင်စီသည် ယခုနှစ်အတွင်း အစ္စရေးအပေါ် ဆုံးဖြတ်ချက် ငါးခု ချမှတ်ခဲ့ရာ မြောက်ကိုရီးယား၊ ဆီးရီးယားနှင့် အီရန်တို့ထက် အရေအတွက်ပိုခဲ့ကြောင်း နစ်ကီဟာလေက ပြောသည်။

**နိုင်ငံရေးအရ ဘက်လိုက်မှုများရှိနေ**

အစ္စရေးအပေါ်အဆုံးမသတ်နိုင်သည့်ရန်လိုမှုနှင့် မှုမမှန်သည့် ဦးတည်ချက်များကြောင့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် လူ့အခွင့်အရေးကိစ္စထက် နိုင်ငံရေးအရဘက်လိုက်မှုများရှိနေသည်မှာ ပို၍ပေါ်လွင်လာကြောင်းလည်း ၎င်းက ဆက်ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏အစိုးရအဖွဲ့သည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ပါလက်စတိုင်းအပေါ်တွင် ထောက်ခံသည့် ရပ်တည်ချက်၊ ကြားနေဝါဒမကျင့်သုံးမှု အစရှိသည်များကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အမေရိကန်က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှနုတ်ထွက်ရန် ဆောင်ရွက်ရခြင်းသည် အမေရိကန်၏ အစောပိုင်းကာလတောင်းဆိုချက်များ ဘာမျှအကောင်အထည်မပေါ်သည့်အတွက် ယင်းသို့ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ အကယ်၍ကောင်စီမှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်လာပါက ကောင်စီအဖွဲ့ဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ပြန်လည်ဝင်ရောက်ရန် အသင့်ရှိကြောင်း ၎င်းက ပြောသည်။ အမေရိကန်သည် ယူနက်စကိုမှလည်း လွန်ခဲ့သည့်နှစ် အောက်တိုဘာလက နုတ်ထွက်ထားသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက အမေရိကန်သမ္မတထရန့်အစိုးရအဖွဲ့၏ တစ်ဖက်တည်းသာကြည့်သော လူ့အခွင့်အရေးမူဝါဒကြောင့် ယခုကဲ့သို့ နုတ်ထွက်မှုပေါ်ပေါက်လာခြင်းဖြစ်ကြောင်း ပြောသည်။




**အင်န်အိတ်ချ်ကေ**

# ထိုင်းဘုရင် ဘိသိက်ခံယူပွဲပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပြော

**ဗန်ကောက် ဇွန် ၂၀**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ဘိသိက်ခံယူပွဲပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့သည်။

အထွေထွေရွေးကောက်ပွဲသည် တစ်ဆင့်ချင်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပရာယုဒ်က ပြောခဲ့သည်။

ထိုင်းဘုရင်၏ ဘိသိက်ခံယူပွဲသည် အရေးကြီးသည့်ပွဲဖြစ်ကြောင်း၊ အဆိုပါအခမ်းအနားနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ထိုင်းနိုင်ငံတွင် တည်ငြိမ်မှုလိုအပ်ကြောင်း ဝန်ကြီးချုပ်က ပြောခဲ့သည်။



ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် ၎င်း၏ ခမည်းတော်ဖြစ်သူ ဘုရင်ဘူမိဘောအဒူလျာဒတ် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နတ်ရွာစံကံတော်ကုန်ပြီးနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် ထီးညွန့်နန်းမွေကို ဆက်ခံခဲ့သော်လည်း ဘိသိက်ပွဲအခမ်းအနား မကျင်းပရသေးကြောင်း သိရသည်။

ဝန်ကြီးချုပ်က ထိုင်းရွေးကောက်ပွဲကျင်းပမည်ဆိုပြီး ရွှေ့ဆိုင်းမှုအတော်များများ ပြုလုပ်ပြီးနောက် ယခုအခါတွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီမတိုင်မီ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ယီမင်အစိုးရတပ်ဖွဲ့များ ဟူဒေါ်မြို့လေဆိပ်ကို ပြန်လည်သိမ်းယူနိုင်

**ဆာနား ဇွန် ၂၀**

ဆော်ဒီဦးဆောင်သော မဟာမိတ်များကို ကျောထောက်နောက်ခံပြုထားသော ယီမင်အစိုးရတပ်များသည် သူပုန်များသိမ်းပိုက်ထားသော ဟူဒေါ်မြို့မှ လေဆိပ်ကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ကြောင်း မဟာမိတ်တပ်ဖွဲ့က ပြောသည်။

ယင်းလေဆိပ်သည် ပင်လယ်နီ ဆိပ်ကမ်းမြို့ကို ပြန်လည် သိမ်းယူနိုင်ရေးအရေးပါသောနေရာလည်း ဖြစ်သည်။ လေဆိပ်ကို လုံးဝထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း မဟာမိတ်တပ်ပေါင်းစုမှ တပ်မှူးအဗ္ဗဒူဆယ်အမ်အယ်ရှိဟိုက်က ပြောသည်။ ယင်းသို့ ပြောကြားထားသည့် ဗီဒီယိုဖိုင်ကို ယူအေအီးနိုင်ငံပိုင် သတင်းအေဂျင်စီဖြစ်သည့် ဒဗလျူအေအမ်အေဂျင်စီတွင် ထုတ်လွှင့်ပြသခဲ့သည်။

အင်္ဂါနေ့မှစတင်ကာ ယီမင်အစိုးရတပ်များသည် လေဆိပ်ခြံစည်းရိုးကို ချိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီး ပြင်းထန်သည့်တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ သူပုန် ၃၃ ဦးသေဆုံးခဲ့ပြီး အစိုးရတပ်ဖွဲ့မှ ၁၉ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့မှ စတင်ကာ ဟူသီသူပုန်များကို အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အသက်ကယ်ဆယ်ရေးအတွက်အရေးပါသည့် ဆေးဝါးများနှင့် အစားအသောက်များကို ဆိပ်ကမ်းမှတစ်ဆင့် ယီမင်နိုင်ငံအတွင်း ပို့ဆောင်ပေးနိုင်ခြင်း မရှိမည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။

ကုလသမဂ္ဂမှသံတမန်မာတင်ဂရစ်ဖစ်သည် သူပုန်များအခြေစိုက်ရာ မြို့တော်ဆာနားသို့သွားရောက်ပြီး တိုက်ပွဲကြီးများ ရှောင်ရှားရန် လေးရက်ကြာဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း မည်သည့်အကြောင်းပြချက်မျှ မပေးဘဲ အင်္ဂါနေ့တွင် ၎င်းတို့မြို့တော်မှ ထွက်ခွာခဲ့ရသည်။ ကုလသမဂ္ဂကမူဟူဒေါ်မြို့တွင် တိုက်ပွဲများပြင်းထန်မှုကြောင့် လူ ၈ ဒသမ ၄ သန်းကို ထောက်ပံ့ပေးမည့် စားနပ်ရိက္ခာများမပေးနိုင်ဘဲ ငတ်ပြတ်မှုနှင့်ရင်ဆိုင်ရဖွယ်ရှိကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

**အေအက်ဖ်ပီ**

# ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင်ဟောင်း ထောင်ကျမည့်အခြေအနေနှင့် ရင်ဆိုင်နေရ

**ဖနောင်ပင် ဇွန် ၂၀**

ကမ္ဘောဒီးယားအတိုက်အခံခေါင်းဆောင်ဟောင်းသည် တော်ဝင်ကိစ္စစော်ကားမှုနှင့်ပတ်သက်ပြီး ထောင်ကျမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း၊ ၎င်းသည် ဥပဒေသစ်ပြဋ္ဌာန်းပြီးနောက် ပထမဆုံး အရေးယူခံရသူဖြစ်ကြောင်း တရားရုံး၏ သမ္မာန်စာအရ သိရသည်။

ဝန်ကြီးချုပ်သည် ၃၃ နှစ်ကြာ အာဏာလက်ဝယ် ဆုပ်ကိုင်ထားမှုကို လက်မလျှော့ချင်သေးဘဲ လာမည့်လ ရွေးကောက်ပွဲတွင် အနိုင်ရရှိချင်နေပြီး ၎င်း၏ ပြိုင်ဘက်များ အင်အားချည့်နဲ့စေရန် တရားရုံးများကို အလျဉ်းသင့်သလို အသုံးချလျက်ရှိသည်။



အစိုးရရှေ့နေများက ဇွန် ၂၀ ရက်တွင် အတိုက်အခံခေါင်းဆောင်ဟောင်း ဆမ်ရိန်ဆီကို လာမည့်လတွင် တရားရုံးသို့ လာရောက်ပြီး ကမ္ဘောဒီးယားဘုရင်ကို ဖေ့စ်ဘွတ်ခ်တွင် စော်ကားခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး ထွက်ဆိုချက်ပေးရန် ဆင့်ခေါ်ထားကြောင်း သိရသည်။

တားမြစ် ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီ (စီအင်န်အာရ်ပီ) ခေါင်းဆောင် ဆမ်ရိန်ဆီသည် ဆန္ဒမဲပေးရန် ဘုရင်က တိုက်တွန်းကြောင်း ပြည်သူသို့အိတ်ဖွင့်ပေးစာနှင့် ပတ်သက်ပြီး အစစ်ဆေးခံနေရသူဖြစ်သည်။ ဘုရင်နော်ရိုဒွန်ဆီဟာမိုနီသည် ၂၀၀၄ ခုနှစ် နန်းတက်ချိန်မှစပြီး နိုင်ငံရေးကင်းရှင်းရန်သာအာရုံစိုက်နေသည့်သူဖြစ်သည်။

အဆိုပါစာနှင့် ပတ်သက်ပြီး ဇွန် ၆ ရက်က အတိုက်အခံခေါင်းဆောင်သည် တန်ဖိုးမရှိအတုအယောင်သာဖြစ်သည်ဟု ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားခဲ့မှုကြောင့် ပြစ်မှုထင်ရှားပါက ၎င်းမှာ ထောင်ငါးနှစ် ကျခံရနိုင်ခြေရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ပါလက်စတိုင်းတို့၏ တိုက်ခိုက်မှုများစတင်ပြီးနောက် ဂါဇာဒေသကို အစ္စရေးတိုက်ခိုက်

**ဂျေရုဆလင် ဇွန် ၂၀**

အစ္စရေးနိုင်ငံတောင်ပိုင်းကို ပါလက်စတိုင်းစစ်သွေးကြွတို့က ဒုံးကျည်များ၊ အမြောက်ကျည်ဆန်များဖြင့် တိုက်ခိုက်ပြီးနောက် ဂါဇာဒေသရှိ ဟားမားစ်အဖွဲ့၏ နေရာ ၂၅ နေရာကို အစ္စရေးတို့ဘက်မှတစ်ညလုံး လေကြောင်းတိုက်ခိုက်မှုဆင်နွှဲခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် အစ္စရေးတပ်ဖွဲ့မှပြောသည်။

ပါလက်စတိုင်းစစ်သွေးကြွတို့ဘက်မှ အမြောက်ကျည်ဆန်များဖြင့် တစ်ညလုံး တိုက်ခိုက်ခဲ့ရာ ဒုံးကျည်ခုနစ်ခုကို ဖြိုခွင်းနိုင်ခဲ့ပြီး သုံးခုမှာ ဂါဇာကမ်းမြောင်ဒေသသို့ ကျရောက်သွားကြောင်း အစ္စရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ တချို့သော ဒုံးကျည်များမှာ အစ္စရေးနိုင်ငံတောင်ပိုင်းတွင် ပေါက်ကွဲခဲ့ပြီး အိမ်နှင့်ကားအချို့ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း လူများ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။ ပါလက်စတိုင်းတွင်မူ အစ္စရေးဘက်မှ လေကြောင်းတိုက်ခိုက်မှုကြောင့် လူအချို့ထိခိုက်ဒဏ်ရာရမှုရှိကြောင်း ပါလက်စတိုင်း သတင်းအေဂျင်စီက ပြောသည်။

ဟားမားစ်အဖွဲ့ကမူ ဒုံးကျည်ဖြင့်အစ္စရေးဘက်သို့တိုက်ခိုက်ခြင်းကို ချီးကျူးထားပြီး ၎င်းတို့အဖွဲ့၏လက်ချက်ဖြစ်သည်ဟု ဝန်ခံထားခြင်းမရှိကြောင်း ပါလက်စတိုင်းမီဒီယာများက ပြောသည်။ ယင်းတိုက်ခိုက်မှုမှာ အစ္စရေး- ဂါဇာခြံစည်းရိုးတွင် ဖြစ်ပေါ်နေသော ပဋိပက္ခများ၏အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ မတ်လ ၃၀ ရက်မှစတင်ကာ နယ်စပ်ခြံစည်းရိုးတွင် အစ္စရေးနိုင်ငံအတွင်းဝင်ရောက်ရန် ပါလက်စတိုင်းတို့၏ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရာ အစ္စရေးတပ်သားများက ပါလက်စတိုင်း ၁၃၀ ခန့်ကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဩစတြေးလျနိုင်ငံ၌ လုပ်ငန်းခွင်အတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု ရှိ မရှိစစ်ဆေး

**ကင်ဘာရာ ဇွန် ၂၀**

ဩစတြေးလျနိုင်ငံ၌ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုရှိမရှိကို ကမ္ဘာ့ပထမဦးဆုံးသော အမှီခိုကင်းသည့် အမျိုးသားစုံစမ်းစစ်ဆေးရေးဖြင့် စစ်ဆေးသွားမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးမှုများကိုဩစတြေးလျ လူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။ လုပ်ငန်းခွင်မှ အလုပ်သမားများအတွက် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမရှိစေရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၁၂လကြာ လေ့လာမှုကိုလိင်ခွဲခြားဆက်ဆံမှု လေ့လာရေးကော်မရှင် နာကိတ်ဂျန်ကင်က လုပ်ဆောင်သွားမည်ဖြစ်သည်။ ယခုအခါ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုသည် လက်ခံနိုင်စရာမရှိသော ကာကွယ်ပေးရမည့်အရာ ဖြစ်ကြောင်း လူထုအတွင်း နားလည်မှုမြင့်တက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုကင်းသော လူ့အဖွဲ့အစည်းအဖြစ်အကောင်အထည်ဖော်သွားမည်ဟုလည်း ၎င်းက ပြောသည်။ ယခု စုံစမ်းစစ်ဆေးမှု၏ အဓိကရည်မှန်းချက်မှာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနှင့် ကြုံတွေ့ပါကမည်ကဲ့သို့ ရင်ဆိုင်ရမည်၊ ကာကွယ်ရမည်အစရှိသည့် အသိပညာများ ပေးရန်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံအရှေ့ပိုင်းပြည်နယ်၌ မူးယစ်ဆေး ၅၀ ကီလိုဂရမ် သိမ်းမိ၍ လူပေါင်း ၁၀၀ ခန့် ထိန်းသိမ်းထား

**ဟန်ကျို့ ဇွန် ၂၀**

မူးယစ်မှောင်ခိုမှုတစ်ခုတွင် မူးယစ်ဆေးဝါး ၅၀ ကီလိုဂရမ်ကျော် သိမ်းဆည်းမိ၍ သံသယရှိသူ ၁၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တရုတ်နိုင်ငံအရှေ့ပိုင်းကျဲကျန်းပြည်နယ်မှ ဒေသခံရဲများက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။ ၂၀၁၅ ဖေဖော်ဝါရီလအတွင်းမှ စ၍ မူးယစ်မှောင်ခိုဂိုဏ်းကြီး တစ်ခု၏ ဆက်သွယ်ရေးကွန်ရက်ကို ရဲများက သတင်းရရှိခဲ့သည်။

ထို့နောက် ရှာဖွေရေးအဖွဲ့များဖြင့် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ အဓိကသံသယရှိသူများကို ၂၀၁၅ ဇူလိုင်လအတွင်းက ဖမ်းဆီးမိခဲ့သည်။ လူမြင်ကွင်း၌ပင် မက်သာဖီတမင်း ၁၃ ကီလိုဂရမ်ကို ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

မူးယစ်မှောင်ခိုကွန်ရက်မှာဟူပေနှင့်ယူနန်ပြည်နယ်တို့အထိ ဖြန့်ကြက်နေပြီး စုံစမ်းရေးအဖွဲ့ကလည်း သုံးနှစ်ကျော်ကြာ အဓိကသံသယရှိသူများကို ဖမ်းဆီးနိုင်ရေးကြိုးပမ်းခဲ့သည်။ ယခုအခါ လူရှစ်ဦးကိုသေဒဏ်ချမှတ်ခဲ့ပြီး နောက်ထပ် စုံစမ်းစစ်ဆေးမှုများလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အမေရိကန်နှင့်ဂျာမနီတို့ ရင်ဆိုင်နေရသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာပြဿနာများ

ချူးစန္ဒီမွေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ လက်ရှိအချိန်မှာ အမေရိကန်ရဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒတွေကို တင်းကျပ်ထားပါတယ်။ ဒီလိုပြောင်းလဲသွားတဲ့ မူဝါဒတွေကြောင့် ရွှေ့ပြောင်းလုပ်သားတွေရဲ့ မိသားစုဝင်တွေဟာ တကွဲတပြားစီဖြစ်ကြရပါတော့မယ်။ ဒါကြောင့် သူ့ကိုနိုင်ငံအတွင်းမှာ ဝေဖန်မှုတွေမြင့်တက်နေချိန် သမ္မတထရမ့်ဟာ ဂျာမနီနိုင်ငံမှာကြုံတွေ့နေရတဲ့ လူဝင်မှုပြဿနာကြောင့် ပေါ်ပေါက်လာရတဲ့နိုင်ငံရေးအကျပ်အတည်းတွေကို နှိုင်းယှဉ်ပြောကြားမှုတွေ ပြုလုပ်လာပါတယ်။ ဥရောပမှာ လက်ရှိကြုံတွေ့နေရတဲ့ လူဝင်မှုပြဿနာမျိုးနဲ့ အမေရိကန်ဟာ မကြုံတွေ့ချင်ဘူးလို့ သမ္မတထရမ့်က ပြောပါတယ်။

**ဂျာမနီနိုင်ငံသို့ ဝင်ရောက်လာသည့် ခိုလှုံသူများ**

အခုဆိုရင် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာ သူ့ရဲ့ညွန့်ပေါင်းအစိုးရအဖွဲ့အတွင်း လူဝင်မှုကြီးကြပ်ရေးမူဝါဒနဲ့ပတ်သက်ပြီး အကျဉ်းအကျပ်ထဲရောက်နေပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ ဂျာမနီနိုင်ငံသို့ ဝင်ရောက်ပြီး ခိုလှုံခွင့် တောင်းခံတဲ့ ရွှေ့ပြောင်းအခြေချသူ အရေအတွက်ဟာ ၁ ဒသမ ၂ သန်းခန့်ရှိပါတယ်။ ခိုလှုံခွင့်တောင်းသူထဲက တစ်ဝက်ကျော်ဟာ စစ်ဘေးဒဏ်ခံဒေသတွေဖြစ်တဲ့ ဆီးရီးယား၊ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့ ဖြစ်ပါတယ်။

ဆင်းရဲမွဲတေမှုနဲ့ တိုင်းပြည်အတွင်း တိုက်ပွဲတွေဖြစ်ပွားနေမှုဟာ ရွှေ့ပြောင်းဒုက္ခသည်တွေ ဥရောပကို အလုံးအရင်းနဲ့ ဝင်လာရတဲ့ အဓိကအချက်လည်းဖြစ်တယ်။ ဆီးရီးယားနဲ့ အီရတ်နိုင်ငံတို့က ခိုလှုံခွင့်တောင်းခံသူဒုက္ခသည်တွေကြား မကြာခဏကြားရလေ့ရှိတဲ့ စကားကတော့ ဥရောပက ငါတို့ကိုဖိတ်ခေါ်နေတယ်။ အိန်ဂျလာမာကယ်က ငါတို့ကိုဖိတ်ခေါ်နေတယ်ဆိုတာပဲ ဖြစ်တယ်။ ဒါကတော့ ဂျာမနီမှာ ကြုံတွေ့နေရတဲ့ လူဝင်မှုပြဿနာပဲ ဖြစ်ပါတယ်။

**အမေရိကန်ကို ဝင်ရောက်လာသည့် ရွှေ့ပြောင်းအခြေချသူများ**

အမေရိကန်ကိုဝင်ရောက်လာတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကတော့ လက်နက်ကိုင်ပဋိပက္ခတွေက ထွက်ပြေးထားသူတွေ၊ ဆင်းရဲမွဲတေမှုကြောင့်၊ လူဆိုးဂိုဏ်းအချင်းချင်း ဖြစ်ပွားတဲ့ ပဋိပက္ခတွေကြောင့် ထွက်ပြေးလာသူတွေပဲ ဖြစ်ကြပါတယ်။ ခိုလှုံခွင့်တောင်းခံသူ အများစုကတော့ အိမ်နီးချင်း မက္ကဆီကို နိုင်ငံကဖြစ်ပြီး ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာတို့က ဖြစ်ကြပါတယ်။ ဗဟိုအမေရိက မြောက်ပိုင်းတြိဂံဒေသက လူဦးရေ ၁၀ ရာခိုင်နှုန်းခန့်ဟာ တိုင်းပြည်အတွင်းမှာ အန္တရာယ်ရှိတဲ့ အခြေအနေကြောင့် အခြားတိုင်းပြည်သို့ ထွက်ပြေးကြရတယ်လို့ ခန့်မှန်းထားပါတယ်။



ဂျာမနီနိုင်ငံတွင် ခိုလှုံခွင့်ရရန် တောင်းခံနေကြသော ရွှေ့ပြောင်းအခြေချနေထိုင်သူများကို တွေ့ရစဉ်။

**ဂျာမနီသို့ဝင်ရောက်လာတဲ့ ဒုက္ခသည်အရေအတွက်**

၂၀၁၅ ခုနှစ် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ရဲ့ တံခါးဖွင့်မူဝါဒကြောင့် ဂျာမနီကိုဒုက္ခသည်တစ်သန်းကျော် ဝင်ရောက်လာပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အရင်လိုလက်မခံတော့ဘဲ လက်ခံမှုနှုန်းဟာ တဖြည်းဖြည်းကျဆင်းလာပါတယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် ခိုလှုံခွင့်တောင်းခံသူ ခုနစ်သိန်းကျော်ခန့် လက်ခံခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ နှစ်သိန်းသာ လက်ခံပါတော့တယ်။ ဒီလိုမျိုးအရေအတွက် ကျဆင်းအောင် လုပ်နိုင်တာလည်း တူရကီနဲ့ အီးယူတို့ကြားချုပ်ဆိုထားတဲ့ သဘောတူစာချုပ်ကြောင့်ပါ။ အဲဒီသဘောတူစာချုပ်အရ ဒုက္ခသည်တွေဟာ အီရတ်နဲ့ဆီးရီးယားက ဒုက္ခသည်တွေဟာ ဥရောပကိုဝင်မလာနိုင်တော့ဘဲ တူရကီက ဒုက္ခသည်စခန်းတွေမှာပဲ နေထိုင်ရပါတယ်။ တူရကီကလည်း အီးယူအဖွဲ့ဝင်နိုင်ငံ ဖြစ်လာလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လက်ခံထားခဲ့တာပဲဖြစ်တယ်။ ဒါကတော့ ဂျာမနီကို ဝင်ရောက်လာတဲ့ဒုက္ခသည် အရေအတွက်နှိုင်းယှဉ်မှုပဲ ဖြစ်တယ်။

**အမေရိကန်ကို ဝင်ရောက်ဖို့ကြိုးပမ်းလာတဲ့ အထောက်အထားမဲ့ အရေအတွက်**

အမေရိကန်မှာတော့ ဒီလိုမဟုတ်ပါဘူး။ အမေရိကန်ကို ဝင်ရောက်ဖို့ ကြိုးစားကြတဲ့ အထောက်အထားမဲ့ မိသားစုအရေအတွက်ဟာဆိုရင် ၂၀၁၈ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်နှိုင်းယှဉ်ကြည့်ရာမှာ ပိုပြီးများလာတာကို တွေ့ရပါတယ်။ အခုနှစ်အတွင်းမှာ ၁၆၀ ရာခိုင်နှုန်းခန့် မြင့်တက်လာပါတယ်။ လွန်ခဲ့တဲ့ အောက်တိုဘာလကစလို့ ရွှေ့ပြောင်းနေထိုင်သူနှစ်သိန်းခွဲကျော်ဟာ အမေရိကန်နိုင်ငံအတွင်းကို အထောက်အထားမဲ့ ဝင်ရောက်ဖို့ကြိုးပမ်းကြလို့ ဖမ်းဆီးခံရပါတယ်။ အမေရိကန်အရာရှိတွေရဲ့ ခန့်မှန်းမှုအရတစ်နေ့မှာ လူ ၁၅၀၀ လောက် ပုံမှန်ဖမ်းမိနေတယ်လို့ ယူဆလို့ရပါတယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း မြောက်ပိုင်းတြိဂံဒေသကနေ အမေရိကန်ကို အထောက်အထားမဲ့ ဝင်ရောက်လာသူ အရေအတွက်ဟာဆိုရင် ၂၅ ရာခိုင်နှုန်းမြင့်တက်လာတယ်လို့ ပြူးသုတေသနဌာနရဲ့ အစီရင်ခံစာအရ သိရပါတယ်။

**ဂျာမနီမှအာဏာပိုင်တွေ၏ ကိုင်တွယ်ဖြေရှင်းမှု**

ဂျာမနီနိုင်ငံရဲ့ ပြည်ထဲရေးဝန်ကြီး သစ်ဟိုရက်ဆီဟိုဖာက ခိုလှုံသူတွေအဖြစ် လျှောက်ထားသူတွေကို လက်ခံသင့် မသင့်ဆုံးဖြတ်ချက်မချရသေးခင် ဖိနှိပ်မှုတွေ ပြုလုပ်ထားပါတယ်။ မစ္စတာဆီဟိုဖာရဲ့ အဆိုပြုချက်အရခိုလှုံခွင့် တောင်းခံသူတွေဟာ သူတို့ရဲ့တောင်းခံလွှာကို လက်မခံသေးခင် ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအတွက် ဖွင့်လှစ်ထားတဲ့စင်တာမှာ ၁၈ လတိုင်တိုင်နေထိုင်ရမှာပါ။ ဒ့ါအပြင် ပြည်ထဲရေး ဝန်ကြီးသစ်ဟာ နယ်စပ်က အထောက်အထားမဲ့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို အဝေးကို နှင်ထုတ်ပစ်နိုင်ရေးအတွက် ရဲတွေရဲ့လုပ်ပိုင်ခွင့်ကို အသုံးပြုဖို့လည်း လိုချင်ပါတယ်။ ခိုလှုံခွင့်တောင်းခံသူတွေကိုထားရှိမယ့် ပထမဦးဆုံးစင်တာကို အခုနှစ်အတွင်းမှာ ဘာဗေးရီးယားမှာ ဖွင့်လှစ်ဖို့ရှိပါတယ်။

**အမေရိကန် အာဏာပိုင်တွေရဲ့ဖြေရှင်းမှု**

အမေရိကန်သမ္မတ ထရမ့်အစိုးရအဖွဲ့ဟာ တရားမဝင်နယ်စပ်ဖြတ်ကျော်ဖို့ကြိုးပမ်းမှုတွေကို နှိမ်နင်းခဲ့ပါတယ်။ တရားမဝင် ဝင်ရောက်ဖို့ ကြိုးစားကြတဲ့ အရွယ်ရောက်ပြီးသူတွေဆိုရင် အချုပ်ချခံရပြီး တရားစွဲခံရပါတယ်။ ဧပြီ ၁၉ ရက်ကနေ မေ ၃၁ အတွင်း လူဝင်မှုကြီးကြပ်ရေးမူဝါဒကြောင့် မိသားစုပေါင်း ၂၀၀၀ ခန့်ဟာ တကွဲတပြားစီ ဖြစ်ကုန်ကြတယ်။ ရလဒ်အနေနဲ့ ကလေးရာပေါင်းများစွာတို့ဟာ မိဘတွေနဲ့ဝေးရာ ထိန်းသိမ်းရေးစင်တာတွေမှာ သွားရောက်နေထိုင်ရပါတယ်။

**ဂျာမနီ၌ နိုင်ငံရေးအရပေါက်ကွဲမှုဖြစ်စဉ်**

အိန်ဂျလာမာကယ်ဟာသူ့ရဲ့၂၀၁၅ ခုနှစ်ဥရောပ ဒုက္ခသည်အကျပ်အတည်းကာလအတွင်း သူ့ရဲ့တံခါးဖွင့်မူဝါဒကြောင့် နိုင်ငံအတွင်းမှာ ပြင်းပြင်းထန်ထန်ကို ဝေဖန်ခံနေရပါတယ်။ ပြီးခဲ့တဲ့နှစ် ရွေးကောက်ပွဲအတွင်း သူ့ရဲ့တံခါးဖွင့်မူဝါဒကြောင့်နိုင်ငံရေးမှာ လောင်စာပေးလိုက်သလိုပါပဲ။ သူ့ရဲ့ CDU ပါတီဟာနှစ်ပေါင်း ၇၀ ကာလအတွင်း အဆိုးရွားဆုံးသောရလဒ်ကို ရရှိခဲ့ပါတယ်။ အိန်ဂျလာမာကယ်ဟာ ပြည်ထဲရေးဝန်ကြီးသစ်ရဲ့ အစီအစဉ်ဖြစ်တဲ့ နယ်စပ်မှာ ရောက်ရှိနေတဲ့ ခိုလှုံခွင့်တောင်းခံသူတွေကို မောင်းထုတ်ပစ်ဖို့ကို လက်မခံပါဘူး။ တကယ်လို့များ သူတို့ဟာ မှတ်ပုံတင်ပြီးသားဆိုရင် အီးယူနိုင်ငံတွေရဲ့ဘယ်နေရာမဆို သွားလို့ရတယ်လို့ စောဒကတက်ထားပါတယ်။ အခုဆိုရင် ညွန့်ပေါင်းအစိုးရထဲက Christian Social Union ပါတီဟာလည်း ညွန့်ပေါင်းအစိုးရထဲကနေ ထွက်ဖို့ဒါမှမဟုတ်ရင် အိန်ဂျလာမာကယ်ရဲ့ ခေါင်းဆောင်မှုကို အယုံအကြည်မရှိ အဆိုတင်သွင်းဖို့ အစီအစဉ်ရှိပါတယ်။

**အမေရိကန်ပြည်ထောင်စု၏ လတ်တလောဆောင်ရွက်ချက်**

သမ္မတထရမ့်ကတော့ မိသားစုတွေ တကွဲတပြားဖြစ်ရတာဟာ အလွန်ဆိုးရွားပေမယ့် အမေရိကန်ဟာ ဒုက္ခသည်စခန်းတော့ အဖြစ်ခံမှာမဟုတ်ဘူးလို့ ပြတ်ပြတ်သားသားပြောလိုက်ပါတယ်။ ဒီမိုကရက်တစ်တွေနဲ့ ရီပတ်ဘလစ်ကန်တွေကတော့ ထရမ့်ရဲ့ ခပ်ကြမ်းကြမ်း ကိုင်တွယ်မှုတွေဟာ အလုပ်ဖြစ်မှာမဟုတ်ဘူးလို့ ပြောကြပါတယ်။ ကုလသမဂ္ဂကတော့ အမေရိကန်ရဲ့ မိသားစုတွေတကွဲတပြားစီဖြစ်စေတဲ့ ဆောင်ရွက်မှုတွေကို ရပ်နားထားဖို့ တောင်းဆိုထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်က ရီပတ်ဘလစ်ကန်တွေက နယ်စပ်မှာ မိဘနဲ့ ကလေးတွေ တကွဲတပြားစီဖြစ်စေမယ့်အရာကို အဆုံးသတ်ပေးမယ့် ဥပဒေကြမ်းအသစ်တစ်ရပ်ကို ဇောင်းပေးဖော်ပြကြပါတယ်။ ဒါပေမယ့်လည်း ဒီဥပဒေအတည်ဖြစ်ဖို့ကတော့ မလွယ်သေးပါဘူး။

ဒါကတော့ လက်ရှိအမေရိကန်နဲ့ ဂျာမနီတို့မှာ ကြုံတွေ့နေရတဲ့လူဝင်မှုဆိုင်ရာပြဿနာတွေပါပဲ။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြုံတွေ့ရတာချင်း မတူညီပေမယ့် လူဝင်မှုပြဿနာကြောင့် ဂယက်ရိုက်နေရတာကတော့ အမှန်ပါပဲ။ ရှေ့ဆက်ပြီး ဒီပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမယ်၊ ဘယ်မူဝါဒက အဆင်ပြေမယ်ဆိုတာကတော့ စိတ်ဝင်စားဖွယ်မေးခွန်းတစ်ခုပါပဲ။ ။

ကိုးကား - ဘီဘီစီ

> "၂၀၁၅ ခုနှစ် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ရဲ့ တံခါးဖွင့်မူဝါဒကြောင့် ဂျာမနီကို ဒုက္ခသည်တစ်သန်းကျော် ဝင်ရောက်လာပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အရင်လိုလက်မခံတော့ဘဲ လက်ခံမှုနှုန်းဟာ တဖြည်းဖြည်းကျဆင်းလာပါတယ်။ ၂၀၁၆ ခုနှစ်မှာဆိုရင် ခိုလှုံခွင့်တောင်းခံသူ ခုနစ်သိန်းကျော်ခန့် လက်ခံခဲ့ပြီး ၂၀၁၇ ခုနှစ်မှာတော့ နှစ်သိန်းသာ လက်ခံပါတော့တယ်"

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၂)

သိပ္ပံစာရေးဆရာကိုကိုအောင်


ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းနေသော လျှပ်စစ်ဝန်ထမ်းများ။

(ဓာတ်ပုံ- MOI)

### သွယ်တန်းကြိုးများရွေးချယ်ခြင်း

လူနေအဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းသည့်အခါ အဆိုပါ အဆောက်အအုံများတွင် အသုံးပြုမည့် အများဆုံးသော လျှပ်စီးအင်အား ပမာဏအပေါ် မူတည်၍ သွယ်တန်းကြိုး အရွယ်အစားများကို မှန်ကန်စွာ ရွေးချယ်ကြရမည်ဖြစ်သည်။ ပင်မ အဝင်ဓာတ်အားလိုင်းကြိုးကိုသာမက အဆောက်အအုံအတွင်း၌ လျှပ်စစ်ဓာတ်အား ခွဲဝေသုံးစွဲမှုအတွက် သွယ်တန်းမည့် ဓာတ်အားခွဲသွယ်တန်းကြိုးများအတွက်ပါ စနစ်တကျ ရွေးချယ်တပ်ဆင်ကြရမည်ဖြစ်သည်။

ပင်မ ဓာတ်အားလိုင်းကြိုးများနှင့် ထပ်ဆင့်သွယ်တန်းကြိုးများမှာ လျှပ်စီးအင်အား ခံနိုင်ရည်ရှိမှုအပေါ် မူတည်၍ အရွယ်အစားနှင့် ကိန်းဂဏန်းသတ်မှတ်ချက်များ အမျိုးမျိုး ရှိကြသည်။ သွယ်တန်းကြိုးများ၏ အရွယ်အစားကို ဂဏန်းလေးလုံးဖြင့် ခွဲခြားသတ်မှတ်ထားသည်။ ၃/၀၂၉၊ ၇/၀၃၆၊ ၇/၀၅၂ စသည်တို့ ဖြစ်ကြသည်။

၃/၀၂၉(သရီးအိုတူးနိုင်း)ကြိုး ဆိုသည်မှာ ဝါယာနန်းမျှင် သုံးချောင်းပါရှိပြီး ဝါယာနန်းမျှင်တစ်ချောင်း၏ ထိပ်ဖြတ်အချင်းမှာ (၂၉/၁၀၀၀ လက်မ)(တစ်လက်မ၏ ၁၀၀၀ ပုံ ၂၉ ပုံ)ဖြစ်သည်ဟု ဆိုလိုသည်။ အလားတူပင် ၇/၀၃၆(ဆဲဗင်းအိုသရီးစစ်)ကြိုးတွင် ဝါယာနန်းမျှင် ခုနစ်ချောင်းပါရှိပြီး ဝါယာနန်းမျှင်တစ်ချောင်း၏ ထိပ်ဖြတ်အချင်းမှာ တစ်လက်မ၏ ၁၀၀၀ ပုံ ၃၆ ပုံဖြစ်သည်။ အဆိုပါသွယ်တန်းကြိုးများသည် အရွယ်အစားကိုလိုက်၍ လျှပ်စီးအင်အား ခံနိုင်ရည် အမျိုးမျိုးရှိကြသည်။

အများအားဖြင့် သုံးစွဲလျက်ရှိနေကြသော ၃/၀၂၉ (သရီးအိုတူးနိုင်း)ကြိုးသည် ၁၀ အမ်ပီယာအထိ လည်းကောင်း၊ ၃/၀၃၆ (သရီးအိုသရီးစစ်) ကြိုးသည် ၁၅ အမ်ပီယာအထိ လည်းကောင်း၊ ၇/၀၂၉ (ဆဲဗင်းအိုတူးနိုင်း)ကြိုးသည် ၂၀ အမ်ပီယာအထိ လည်းကောင်း၊ ၇/၀၃၆ (ဆဲဗင်းအိုသရီးစစ်)ကြိုးသည် ၂၈ အမ်ပီယာအထိ လည်းကောင်း၊ ၇/၀၄၄(ဆဲဗင်းအိုဖိုးဖိုး)ကြိုးသည် ၃၆ အမ်ပီယာအထိလည်းကောင်း ခံနိုင်ရည်ရှိကြသည်။

နေအိမ်သုံး လျှပ်စစ်ပစ္စည်းများကို ၃/၀၂၉ ကြိုးဖြင့် သွယ်တန်းအသုံးပြုမည်ဆိုပါက ၁၀ အမ်ပီယာ လျှပ်စီးပမာဏကို နိုင်နင်းသော အဆိုပါကြိုးသည် W=VI ညီမျှခြင်းအရ W =၂၂၀ဗို့ × ၁၀အင်ပီယာ=၂၂၀၀ ဝပ်အထိ ခံနိုင်ရည်ရှိမည် ဖြစ်သည်။ အလားတူပင် ၃/၀၃၆ ကြိုးသည် ဝပ်အား ၃၃၀၀ အထိ လည်းကောင်း၊ ၇/၀၂၉ ကြိုးသည် ဝပ်အား ၄၄၀၀ အထိလည်းကောင်း ခံနိုင်ရည်ရှိကြသည်။

သို့ရာတွင် အဆိုပါကိန်းဂဏန်းများသည် အေးမြသော ရာသီကာလများနှင့် ညအချိန်များအတွက်သာလျှင်ဖြစ်ပြီး နွေရာသီကဲ့သို့ ပူပြင်းသော အချိန်ကာလမျိုး၌မူ အသုံးပြုနိုင်သောလျှပ်စစ်စွမ်းအား(ဝပ်)မှာ တွက်ချက်မှုကိန်းဂဏန်း၏ ၇၅ ရာခိုင်နှုန်း ပမာဏခန့်သာ ရှိသည်ကို သတိပြုကြရမည် ဖြစ်သည်။ သို့ဖြစ်၍ သွယ်တန်းဝါယာကြိုးများ၏ အရွယ်အစားကိုလိုက်၍ ခံနိုင်ရည် ရှိသော ပျမ်းမျှဝပ်အား ပမာဏများကို အောက်ပါအတိုင်း လေ့လာမှတ်သားထားသင့်သည်။

| ဝါယာကြိုးအရွယ်အစား | ခံနိုင်ရည်ရှိသောဝပ်အား |
|---|---|
| ၁/၀၄၄ | ၁၀၀၀ |
| ၃/၀၂၉ | ၂၀၀၀ |
| ၃/၀၃၆ | ၃၀၀၀ |
| ၇/၀၂၉ | ၄၀၀၀ |
| ၇/၀၃၆ | ၅၀၀၀ |
| ၇/၀၄၄ | ၆၀၀၀ |
| ၇/၀၅၂ | ၈၀၀၀ |
| ၇/၀၆၄ | ၁၀၀၀၀ |

သွယ်တန်းကြိုးများကို သုံးစွဲကြရာတွင် ဝါယာကြိုးတစ်ပင်ချင်း သွယ်တန်းခြင်းမျိုးရှိသလို နှစ်ပင်ပူးမှ သုံးပင်ပူး လေးပင်ပူးအထိ ယှဉ်တွဲသုံးစွဲခြင်းများလည်း ရှိကြသည်။ သွယ်တန်းဝါယာများကို နှစ်ပင်သုံးပင်ပူး၍ သွယ်တန်းကြရာတွင် ဝါယာကြိုးတစ်ကြိုးချင်းမှထွက်ရှိသော အပူငွေ့များ ပေါင်းဆုံမှုကြောင့် လျှပ်စီးအင်အား သယ်ဆောင်နိုင်မှုသည်လည်း ကျဆင်းသွားသည်။

အရွယ်အစားငယ်သော သွယ်တန်းကြိုးများကို သုံးပင်လေးပင်ပူး၍ သုံးစွဲရာတွင် တစ်ပင်ချင်းစီ၏ မူလ လျှပ်စီးအင်အား သယ်ဆောင်နိုင်မှု ပမာဏမှာ သိသာစွာ ပြောင်းလဲမသွားသော်လည်း အရွယ်အစားကြီးမားသော သွယ်တန်းကြိုးများမှာမူ တစ်ပင်ချင်းသုံးစွဲမှုနှင့် သုံးပင်လေးပင်ပူး၍ သုံးစွဲမှုတို့တွင် လျှပ်စီးအင်အား သယ်ဆောင်နိုင်မှုမှာ သိသာစွာ ပြောင်းလဲကျဆင်းသွားသည်။

လူနေအဆောက်အအုံများနှင့် စက်ရုံအလုပ်ရုံများတွင် လျှပ်စစ်ဆိုင်ရာပစ္စည်းများ သွယ်တန်းတပ်ဆင်သည့်အခါ အောက်ဖော်ပြပါ တပ်ဆင်မှု လုပ်ငန်းအဝဝကို မလွဲမသွေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

### ဓာတ်အားသယ်ဆောင်သောကြိုး

အဆောက်အအုံတစ်ခုတွင် လျှပ်စစ်ဓာတ်အား သုံးစွဲတော့မည်ဆိုလျှင် အဆိုပါ အဆောက်အအုံနှင့် အနီးကပ်ဆုံးတည်ရှိနေသည့် လျှပ်စစ်ဓာတ်တိုင်မှ လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုး(Service Cable)ဖြင့် သွယ်တန်း၍ ရယူကြရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား သယ်ဆောင်သောကြိုးသည် အဆောက်အအုံတစ်ခုလုံးတွင် အသုံးပြုလိုသည့် လျှပ်စစ်စွမ်းအားစုစုပေါင်းကို ရယူသယ်ဆောင်ပေးရမည့် ဝါယာကြိုးဖြစ်သည့်အတွက် သုံးစွဲမည့် လျှပ်စစ်ဓာတ်အားကို နိုင်နင်းစွာ သယ်ဆောင်နိုင်သော ကြိုးအရွယ်အစားဖြစ်ရန် လိုအပ်သည်။

သာမန် လျှပ်စစ်မီးသီးနှင့် မီးချောင်းမျှကိုသာ သုံးစွဲမည့် အဆောက်အအုံအတွက် လျှပ်စစ်ဓာတ်အားသယ်ဆောင်မည့်ကြိုး အရွယ်အစားမှာ ၃/၀၃၆ ဖြစ်သင့်ပြီး ယင်းကြိုးမှာ တစ်သွင်လျှပ်စစ်(Single Phase)သုံး ၂၂၀ ဗို့ဓာတ်အားစနစ်အတွက် ၃၀၀၀ ဝပ်အထိ ကောင်းစွာနိုင်နင်းသောကြိုး ဖြစ်သည်။ မီးသီးမီးချောင်းများအပြင် ရေခဲသေတ္တာ၊ ရုပ်/သံဖမ်းစက်နှင့် ဒီဗွီဒီဖွင့်စက်၊ ရေဒီယို၊ ကက်ဆက်၊ လျှပ်စစ်မီးပူ စသည်တို့ကိုပါ သုံးစွဲလိုလျှင် ၇/၀၂၉ နှင့် ၇/၀၃၆ စသည့် ကြိုးများကို သုံးစွဲရမည်ဖြစ်သည်။ ၇/၀၂၉ သည် ၂၂၀ ဗို့အားစနစ်တွင် ၄၀၀၀ ဝပ်အားအထိ နိုင်နင်းပြီး ၇/၀၃၆ သည် ဝပ် ၅၀၀၀ အထိ ကောင်းစွာနိုင်နင်းသည်။

စက်ရုံအလုပ်ရုံများတွင် အသုံးပြုမည့် လျှပ်စစ်မော်တာကြီးများအတွက်မူ သုံးသွင်လျှပ်စစ်(Three Phase)ကို အသုံးပြု လည်ပတ်ရမည်ဖြစ်၍ ပျမ်းမျှအားဖြင့် မြင်းကောင်ရေ ၂၀ အားရှိသော မော်တာများအတွက် ၇/၀၃၆ အရွယ် ဝါယာကြိုး တစ်ပင်ချင်းကို သုံးချောင်းတွဲ၍သော်လည်းကောင်း၊ သုံးပင်ပူး တစ်ချောင်းတည်းကို သော်လည်းကောင်း အသုံးပြုနိုင်သည်။ လုပ်ငန်းသုံးမော်တာကြီးများ၏ မြင်းကောင်ရေအား အနည်းအများအပေါ် မူတည်ပြီး ဝါယာနန်းမျှင် ၁၉ မျှင်ပါရှိသော ၁၉/၀၅၂ အရွယ်အစားမှ ဝါယာနန်းမျှင် ၃၇ မျှင်အထိ ပါရှိသော ၃၇/၀၄၄ အရွယ်အစားအထိ အသုံးပြုကြရမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်တိုင်မှ အဆောက်အအုံသို့ သွယ်တန်းရာတွင် ဓာတ်အားသယ်ဆောင်မည့် ဝါယာကြိုးအတွက် သာမန်အားဖြင့် ပေ ၁၅၀ အရှည်အထိ အထက်ဖော်ပြပါနည်းအတိုင်း အရွယ်အစားများကို ရွေးချယ်အသုံးပြုပါက အဆင်ပြေမည်ဖြစ်သော်လည်း ထို့ထက်ပို၍ ကိုက်တစ်ရာ၊ ကိုက်နှစ်ရာ စသည်ဖြင့် အလွန်ရှည်လျားစွာ သွယ်တန်းရမည်ဆိုလျှင် သာမန်ရွေးချယ်ရမည့်အရွယ်အစားထက် ပို၍ ကြီးမားတုတ်ခိုင်သော ဝါယာကြိုးများကိုသုံးစွဲရမည်ဖြစ်သည်။

### ဝန်ထမ်းကြိုးများ

လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုးများကို လျှပ်စစ်ဓာတ်တိုင်မှ အဆောက်အအုံသို့ သွယ်တန်းရာတွင် ယင်းတို့ချည်းသက်သက်ကိုသာ သွယ်တန်းရန် မသင့်ပေ။ လျှပ်စစ်ဓာတ်အားသယ်ဆောင်သော ကြိုးများသည် အဆောက်အအုံ၏ အပြင်ဘက်တွင် ရှိနေသောကြောင့် သဘာဝ မိုးဒဏ်လေဒဏ်များကို ခံကြရမည့်အပြင် အပူဒဏ်နှင့် အအေးဒဏ်များကြောင့် ကျုံ့ဝင်ခြင်းနှင့် ဆန့်ထွက်ခြင်းများ ဖြစ်နိုင်သည့်အတွက် ယင်းတို့၏အလေးချိန်ကို သယ်ပိုးထမ်းမပေးထားရန် ဂျီအိုင် သွပ်နန်းကြိုးများကို ဝန်ထမ်းကြိုး(Bearer Cable)များအဖြစ် ပူးတွဲ သုံးစွဲကြရမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုး အရွယ်အစားမှာ သေးငယ်ပေါ့ပါးပြီး သွယ်တန်းသောကြိုးအရှည်မှာ ပေ ၁၅၀ အောက် ဖြစ်ခဲ့လျှင် ဂျီအိုင်ဝါယာနံပါတ် SWG 14 နှင့် SWG 12 တို့ကို ဝန်ထမ်းကြိုးအဖြစ် သုံးရမည်ဖြစ်သည်။ အကယ်၍ လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုးသည် ကြီးမားတုတ်ခိုင်ပြီး လေးလံသော အရွယ်အစား ဖြစ်ပါက SWG 14 နှင့် SWG 12 အရွယ် ဂျီအိုင်ဝါယာများကို သုံးပင်ပူး ငါးပင်ပူးစသည်ဖြင့် ဝန်ထမ်းကြိုးများအဖြစ် သုံးစွဲသင့်သည်။

လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုးနှင့် ဝန်ထမ်းကြိုးများကို အရှည်တစ်ပေတိုင်းတွင် ဝါယာကလစ်များဖြင့် စနစ်တကျ ပူးတွဲဖမ်းညှပ်ထားရမည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားသယ်ဆောင်သောကြိုးသည် မြေပြင်မှ အနည်းဆုံး ၁၅ ပေအမြင့်တွင် ရှိနေရမည် ဖြစ်ပြီး အမျိုးအစားအားဖြင့်လည်း ပလတ်စတစ်နှစ်ထပ် ဖုံးအုပ်ထားသော PVC အမျိုးအစား ဖြစ်သင့်သည်။

### လျှပ်စစ်မီတာ

လျှပ်စစ်ဓာတ်တိုင်မှ အဆောက်အအုံသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားသယ်ဆောင်သည့် ဝါယာကြိုးသည် အဆောက်အအုံအဝင်၌ ရှိနေသော လျှပ်စစ်မီတာနှင့် ဦးစွာ ဆက်သွယ်တပ်ဆင်ရသည်။ လျှပ်စစ်မီတာဆိုသည်မှာ ကီလိုဝပ်နာရီမီတာဖြစ်ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏကို ရေတွက်ညွှန်ပြနေသော လည်ပတ်နေသည့် မော်တာတစ်ခုပင် ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှု လုံးဝမရှိသည့်အချိန်တွင် လျှပ်စစ်မီတာအတွင်းရှိ မော်တာမှာ ရပ်နေမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲနေသည့်အခါမှသာ လည်ပတ်နေမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ များလျှင်များသလို ပိုမိုလျှင်မြန်စွာ လည်ပတ်မည်ဖြစ်သည်။

ယင်းကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏအလိုက် လျှပ်စစ်မီတာ၏ မော်တာလည်ပတ်မှု အနှေးအမြန်ဖြစ်စေရန် မီတာအိမ်အတွင်း၌ ဝါယာကွိုင်နှစ်ခုကို တပ်ဆင်ထားသည်။ တစ်ခုမှာ လျှပ်စစ်ဖိအားကွိုင်ဖြစ်ပြီး လျှပ်ကာဆေး သုတ်လိမ်းထားသော သေးမျှင်သည့်ဝါယာဖြင့် အပတ်ပေါင်းများစွာ ရစ်ပတ်ထားသည်။ နောက်တစ်ခုမှာမူ လျှပ်စီးကွိုင်ဖြစ်ပြီး တုတ်ခိုင်သော ဝါယာနန်းမျှင်ဖြင့် အပတ်ရေ အနည်းငယ်သာ ပတ်ထားသည်။

အဆောက်အအုံသို့အဝင် ဓာတ်အားလိုင်းကြိုးနှစ်ခုကို လျှပ်စစ်ဖိအားကွိုင်၌ ခွလျက် ဆက်သွယ်ရပြီး လျှပ်စီးကွိုင်ကိုမူ ဓာတ်အားလိုင်းကြိုးနှစ်ခုအနက် Phase ကြိုးနှင့် တန်းဆက် ဆက်သွယ်ရသည်။ လျှပ်စီးအနည်းငယ်သာစီးလျှင် လျှပ်စစ်မီတာအတွင်းရှိ မော်တာနှင့် တစ်ဆက်တည်းဖြစ်သော ဒန်အဝိုင်းပြားကလေးသည် နှေးကွေးစွာ လည်ပတ်ပြီး လျှပ်စီးပမာဏ များများစီးလျှင် ဒန်အဝိုင်းပြားလေးသည် မြန်မြန်လည်ပတ်မည် ဖြစ်သည်။ လျှပ်စစ်ဓာတ်အား တစ်ယူနစ်ဆိုသည်မှာ လျှပ်စစ်စွမ်းအား ဝပ် ၁၀၀၀ ကို တစ်နာရီကြာ အသုံးပြုခြင်းဖြစ်ပြီး တစ်ကီလိုဝပ်နာရီဟု မှတ်သားရေတွက်သည်။

လျှပ်စစ်မီတာများကို ထုတ်လုပ်ရောင်းချကြသော ကုမ္ပဏီများသည် မိမိတို့ကုမ္ပဏီ၏ မူဝါဒနှင့် စံချိန်စံညွှန်းတို့အပေါ် မူတည်ပြီး လည်ပတ်မှုပုံစံအမျိုးမျိုးကို ထုတ်လုပ်ကြသည်။ အချို့သော လျှပ်စစ်မီတာများတွင် ဒန်အဝိုင်းပြားကလေး အပတ်ရေသုံးရာ လည်ပတ်လျှင် ဓာတ်အားတစ်ယူနစ်တက်စေရန် စီမံပြုလုပ်ထားကြပြီး အချို့ကမူ အပတ်ရေခြောက်ရာ လည်ပတ်မှ ဓာတ်အားတစ်ယူနစ်တက်ခြင်း၊ အပတ်ရေ ၁၅၀၀ လည်ပတ်မှ ဓာတ်အားတစ်ယူနစ်တက်ခြင်းများဖြစ်အောင် စီမံပြုလုပ်ထားကြသည်။ ကုမ္ပဏီအချို့က ထုတ်လုပ်သော လျှပ်စစ်မီတာများဆိုလျှင် အပတ်ရေ ၃၀၀၀ လည်ပတ်မှသာ ဓာတ်အား တစ်ယူနစ်တက်အောင် ပြုလုပ်ထားသည်ကို တွေ့ရှိနိုင်သည်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တူညီနေသည့်တိုင် လျှပ်စစ်မီတာ အမျိုးအစားနှင့် အမျိုးအမည် မတူညီပါက လျှပ်စစ်မီတာလည်ပတ်မှုနှုန်းချင်းလည်း တူညီနိုင်မည် မဟုတ်ပေ။

(ဆက်လက်ဖော်ပြပါမည်)

**“လျှပ်စစ်မီတာများကို ထုတ်လုပ်ရောင်းချကြသော ကုမ္ပဏီများသည် မိမိတို့ကုမ္ပဏီ၏ မူဝါဒနှင့် စံချိန်စံညွှန်းတို့အပေါ် မူတည်ပြီး လည်ပတ်မှုပုံစံအမျိုးမျိုးကို ထုတ်လုပ်ထားကြသည်။ အချို့သော လျှပ်စစ်မီတာများတွင် ဒန်အဝိုင်းပြားလေး အပတ်ရေသုံးရာ လည်ပတ်လျှင် ဓာတ်အားတစ်ယူနစ်တက်စေရန် စီမံပြုလုပ်ထားကြပြီး အချို့ကမူ အပတ်ရေခြောက်ရာ လည်ပတ်မှ ဓာတ်အားတစ်ယူနစ်တက်ခြင်း၊ အပတ်ရေ ၁၅၀၀ လည်ပတ်မှ ဓာတ်အားတစ်ယူနစ်တက်ခြင်းများဖြစ်အောင် စီမံပြုလုပ်ထားကြသည်။ ကုမ္ပဏီအချို့က ထုတ်လုပ်သော လျှပ်စစ်မီတာများဆိုလျှင် အပတ်ရေ ၃၀၀၀ လည်ပတ်မှသာ ဓာတ်အားတစ်ယူနစ်တက်အောင် ပြုလုပ်ထားသည်ကို တွေ့ရှိနိုင်သည်”**

## ပထမဆုံးအကြိမ် နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်ဖွင့်ပွဲ ထားဝယ်မြို့၌ကျင်းပ

**ထားဝယ် ဇွန် ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း(Myanmar Tourism Marketing-MTM)က ဦးဆောင်ကာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ၏အမည်ကို ကြော်ငြာခြင်းများအပြင် နှစ်နိုင်ငံခရီးသွားလုပ်ငန်းအကျိုးဖြစ်ထွန်းမှုကို မျှဝေခံစားကြရန် ရည်ရွယ်ဖော်ဆောင်သည့် ပထမဆုံးအကြိမ် နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ် (Myanmar Heritage Trail Tourism Rally)ဖွင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ထားဝယ်ဟိုတယ်၌ ဇွန် ၁၉ ရက်က ကျင်းပသည်။


ယာဉ်တန်းခရီးစဉ်တွင် ပါသည့်ယာဉ်များ ထားဝယ်ဟိုတယ်မှ ထွက်ခွာစဉ်။

အဆိုပါ ပထမဆုံးအကြိမ် နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးကို ပိုမိုတည်တံ့စေရန်နှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းရှင်များ အနာဂတ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့(Tourism Authority of Thailand-TAT)၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း၏ စီစဉ်မှုဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ခရီးစဉ်တွင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် အဖွဲ့ဝင် စုစုပေါင်း ၇၄ ဦးသည် မြန်မာမော်တော်ယာဉ် ၂၆ စီးနှင့်အတူ ရန်ကုန်၊ ထားဝယ်၊ ထီးခီး၊ ကန်ချနာဘူရီ၊ ဆူဖန်ဘူရီ၊ ပီဆန်နူလော့ခ်၊ ဆူကိုထိုင်၊ တက်၊ မဲဆောက်၊ မြဝတီမြို့များသို့ ဇွန် ၁၈ ရက်မှ ၂၃ ရက်အထိ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းပေါင်း ၈၀၀ ကျော်၊ အပန်းဖြေနားနေစရာ ကမ်းခြေများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဆန်းကြယ်လှပသော သဘာဝတောတောင်ရေမြေများရှိပြီး ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများအတွက်လည်းပတ်ချင်စရာကောင်းသော ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ အမှတ်တံဆိပ်ကို ထင်ရှားပေါ်လွင်စေရန်နှင့် နိုင်ငံတကာခရီးသွားများ ပိုမိုရောက်ရှိလာစေရန်အတွက် နိုင်ငံအတွင်း ယာဉ်တန်းခရီးစဉ်များ၊ နိုင်ငံဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များ ကျင်းပခြင်းသည် ပိုမိုထိရောက်သော ကြော်ငြာမြှင့်တင်မှုဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့အောင်မြင်တိုးတက်စေရန် ခရီးစဉ်ဒေသအသစ်များ ဖော်ဆောင်ပြီး ယခုကဲ့သို့ ကြော်ငြာသည့်အစီအစဉ်များလည်း စဉ်ဆက်မပြတ်ပြုလုပ်သွားလျှင် ခရီးသွားလုပ်ငန်းသည် အမြန်ဖွံ့ဖြိုးတိုးတက်သွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေမြတ်ဝင်းတို့က နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်အကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က Myanmar Heritage Trail Tourism Rally ခရီးစဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲအပြီးတွင် ယာဉ်တန်းများသည် ထားဝယ်ဟိုတယ်မှ ထီးခီးသို့ စတင်ထွက်ခွာခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ တီဘီဝေဒနာရှင်များ ရှာဖွေကုသပေး

**သုံးခွ ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း တီဘီရောဂါကွင်းဆင်းရှာဖွေစစ်ဆေးကုသရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စောနွဲ့နွဲ့မြင့် (တိုင်းဒေသကြီး တီဘီရောဂါအထူးကု)ဦးဆောင်သော အဖွဲ့ဝင် ၁၀ ဦးသည် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တကောကျေးရွာအုပ်စု တကောကျေးရွာ အုန်းပင်ကျောင်းတိုက်သို့ ဇွန် ၁၉ ရက်က ကွင်းဆင်း၍ တီဘီရောဂါဝေဒနာရှင်များ ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

တီဘီရောဂါ ရှာဖွေဖော်ထုတ် ကုသပေးရာတွင် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းသန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ရပ်မိရပ်ဖများက လိုအပ်သည်များ လာရောက်ကူညီပေးကြပြီး ကျေးရွာမှ ဒေသခံပြည်သူ ၁၁၅ ဦးအား တီဘီရောဂါရှိမရှိ စစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မူဆယ်မြို့နယ်၌ ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မူဆယ် ဇွန် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မန့်ဟီးရိုးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်/စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး ဇွန် ၁၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မန့်ဟီးရိုးမြို့မစခန်းမှူး ရဲအုပ်ဝင်းနိုင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက စာဖတ်ခြင်းမှရရှိလာမည့် အသိပညာများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောခဲ့ပြီး ကျောင်းသားလူငယ်များ ဗဟုသုတရရှိစေရန်နှင့် စာဖတ်ကြစေရန် ရည်ရွယ်ကာ သုတ/ရသစာအုပ်မျိုးစုံနှင့် ဓာတ်ပုံမှတ်တမ်းများ၊ အသိပညာပေး နံရံကပ်စာစောင်များကိုလည်း ပြသခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် ဇွန် ၂၀**




ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် မောင်ကြည်နွယ် (ပင်လည်ဘူး)၏ "မူးမြစ်ရစ်ခွေ အလှမြေကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၈၁ ပုဒ်ပါဝင်ပြီး ကျေးလက်ရနံ့၊ အညာရနံ့၊ မူးမြစ်ရိုးမှ ငါးထောင်ငါးရှာ၊ ဝမ်းစာဖြည့်တင်း၊ တေးသီချင်းသီဆို လှသွေးပိုကြသူတို့၏ မေတ္တာရနံ့၊ စေတနာရနံ့၊ မိဘဆရာ တို့၏ ဂုဏ်ကျေးဇူးရနံ့၊ မြန်မာကဗျာ၏ ပန်းလိုစမ်းလို မွှေးပျံ့အေးချိုသည့်ရနံ့ စသော ရနံ့မျိုးစုံ သင်းထုံလျက်ရှိသောကဗျာတို့ကို မြန်မာကဗျာ စပ်ထုံးစပ်နည်း စုံစုံလင်လင်ဖြင့် ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့သီကုံးထားသည့်အတွက် ကဗျာကိုနှစ်သက်မြတ်နိုးသည့် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် ကဗျာစာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၀၀၀ ဖြင့် အမှတ် ၅၂၉ - ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ငွေများလှူဒါန်း

**သံဖြူဇရပ် ဇွန် ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများကို အလှူရှင်များက ဇွန် ၁၉ ရက်က ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပင်ကျေးရွာ ကြက်တည်ဘုရားဓမ္မာရုံ၌ကျင်းပသည့် လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပင်ကျေးရွာမှ အလှူရှင်များက လှူဒါန်းငွေနှင့် စားနပ်ရိက္ခာများကို ပင်ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား အကူအညီပေးရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

"ယနေ့ထောက်ပံ့လှူဒါန်းမှုမှာ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနဲ့ ရိက္ခာ ဆန်၊ ဆီ၊ ဆား၊ ပဲ စုစုပေါင်း တန်ဖိုး ကျပ် ၁၅ သိန်းခန့် ရှိပါတယ်။ ဇွန် ၁၇ ရက် နံနက်ပိုင်းကစပြီးတော့ ရေဘေးသင့်အိမ်ခြေ ၉၈ အိမ်၊ လူဦးရေ ၃၁၆ ဦးအတွက်၊ ယာယီကယ်ဆယ်ရေးစခန်းနှစ်ခု ဖွင့်လှစ်ပြီး နေရာချထား ကျွေးမွေးခြင်းအတွက် လှူဒါန်းငွေ ကျပ်သိန်း ၁၀၀ ခန့် ရရှိထားပါတယ်"ဟု ပင်ကျေးရွာမှ ရေဘေးသင့်သူများ အကူအညီပေးရေး ဘဏ္ဍာငွေရှာဖွေရေး အဖွဲ့ခေါင်းဆောင် ဦးချစ်စိန်က ပြောသည်။

သံဖြူဇရပ်မြို့နယ်တွင် ယခုလ ၁၆ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်၊ ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ခဲ့ပြီး ပင်ကျေးရွာ၌ နေအိမ်များအပါအဝင် လုပ်ငန်းရှင် ၁၇ ဦး၏ ကြက်စာ၊ ငါးပိ၊ ဆား သိုလှောင်ရုံများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဆားကွင်းနှင့်ဆားဂိုဒေါင်များ ရေကြီးနစ်မြုပ်ခဲ့သည်။ ရေနစ်မြုပ်မှုကြောင့် ပုဂ္ဂလိကပိုင် ဆားဂိုဒေါင် ၁၉ လုံးမှ ဆားပိဿာချိန် ၂၆ သိန်းနီးပါး(တန်ဖိုးငွေကျပ်သိန်း ၄၀၀၀ ကျော်) ဆုံးရှုံးခဲ့ပြီး ငါးပိ၊ ငံပြာရည်၊ ဆားနှင့် ကြက်စာလုပ်ငန်းများမှ ကျပ်သိန်းပေါင်း ၃၀၀၀ ခန့် ဆုံးရှုံးမှုရှိခဲ့ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။ ထို့အပြင် လယ်ဧက ၂၀၀၀ ကျော်အတွက် ပျိုးထောင်ထားသည့် မျိုးစပါးများနှင့် ဓာတ်မြေသြဇာများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်တွင် မိုးစပါးချေးငွေများ ဆက်လက်ထုတ်ပေးလျက်ရှိ

**ရေတာရှည် ဇွန် ၂၀**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စုရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူများ၏ သွင်းအားစုကုန်ကျစရိတ်များအတွက် အဆင်ပြေစေရန် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကြွေးဟောင်းကျေပြီးသော တောင်သူများအား ချေးငွေသစ်များ ဆက်လက်ထုတ်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်အထိ ကျေးရွာအုပ်စု ၃၃ စုမှ တောင်သူဦးရေ ၃၅၂၁ ဦး၏ လယ်မြေဧက ၁၇၃၉၆ ဧက အတွက် ချေးငွေကျပ် ၂၆၀၉၄ သိန်းကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း ဘဏ်မန်နေဂျာ ဦးဝေလင်းက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က မိုးစပါးစိုက်ပျိုးရေးအတွက် ထုတ်ချေးငွေမှာ ကျပ်သိန်းပေါင်း ၆၅၀၀၀ နီးပါးရှိခဲ့ပြီး ယခုနှစ် ဇွန် ၁၉ ရက်အထိ ချေးငွေပြန်လည်ပေးဆပ်ပြီးမှုမှာ ကျပ် ၄၃၈၀၂ သိန်းကျော်ဖြစ်၍ ပြန်လည်ပေးဆပ်ပြီးသည့် ရာခိုင်နှုန်းမှာ ၆၇ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ရေတာရှည်မြို့နယ်တွင် လက်ရှိအချိန်၌ စပါးဈေးနှုန်းကောင်းမွန်နေ၍ တောင်သူများအနေဖြင့် အဆင်ပြေကြပြီး ချေးငွေပြန်ဆပ်သည့် ရာခိုင်နှုန်းမှာလည်း တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

"တောင်သူတွေကို ချေးငွေထုတ်ပေးတဲ့အခါမှာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)မူရင်းကို အပေါင်အနေနဲ့ပေးရပါတယ်၊ ဟိုအရင်ကတော့ ဝိုင်းကြီးချုပ်အစုအဖွဲ့လိုက် ထုတ်ချေးတဲ့အခါမှာ အားလုံးငွေကျေမှ ပြန်ထုတ်ပေးနိုင်တာ၊ ဝန်ထမ်းတွေဆိုလည်း ရွာတွေအထိဆင်းပြီး ငွေပြန်လည်ကောက်ခံရတာတွေနဲ့ အခက်အခဲအများကြီးရှိခဲ့တယ်၊ ခုကျတော့ ဖြေလျှော့ပြီးတော့ တောင်သူတစ်ဦးချင်းအလိုက် အကြွေးကျေတဲ့ တောင်သူကို ထုတ်ချေးပေးတယ်၊ တစ်ဖက်က ထုတ်ချေးတယ်၊ အခြားတစ်ဖက်ကလည်း တောင်သူတွေပေးဆပ်တဲ့ငွေကို ပြန်လက်ခံပေးရတာရှိပါတယ်"ဟု ဘဏ်မန်နေဂျာက ပြောသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထိထိရောက်ရောက် အကျိုးရှိစွာသုံးစွဲနိုင်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူရရှိစေမည်ဖြစ်ပြီး ထိုသို့မဟုတ်ဘဲ အခြားသောနေရာများတွင် သုံးစွဲလိုက်ပြီးနောက် အဆင်မပြေမှုများကြောင့် ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် အခက်အခဲများရှိလာလျှင် ဘဏ်လုပ်ငန်းစနစ်များ ဆောင်ရွက်ရာ၌ပါ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။ **ကိုလွင်(ဆွာ)**

**အမြို့မြို့အနယ်နယ်ပျံ့နှံ့သည့် သတင်းစာ**
**မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# သက်ငယ်မုဒိမ်းမှုများ လျော့နည်းကင်းစင်ရေး

**ခင်မောင်ဌေး(ပညာရေး)**

မြန်မာနိုင်ငံတစ်ဝန်း ပြစ်မှုကျူးလွန်မှုစာရင်းတွင် သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်းများ ပါဝင်နေသည်ကို တွေ့ရသည်။ ဤသို့ ပြစ်မှုကျူးလွန်မှုများ ဖြစ်ပွားနေရသည့် အကြောင်းရင်းများကိုကြည့်လျှင် အသိအမြင်နည်းပါးသကဲ့သို့ တစ်ဖက်သားအား ယုံကြည်မှုလွန်ကဲနေခြင်းကြောင့်ဖြစ်သည်ကို တွေ့ရသည်။ အထူးသဖြင့် အသက်ငယ်ရွယ်သည့်ကလေးများအား စည်းရုံးသိမ်းသွင်းရန်လွယ်ကူခြင်းနှင့် အထိန်းအကွပ်နည်းသည့် ကလေးများတွင် အတွေ့ရများခြင်းလည်း ဖြစ်သည်။

သို့ဖြစ်၍ ကလေးငယ်များအား ငယ်ရွယ်သည်ဆိုသော်လည်း သိသင့်သိထိုက်သည့် လိင်ပညာပေးလုပ်ငန်းများကို ငယ်ရွယ်စဉ်ကပင် ရင်းနှီးစေသင့်လေသည်။ ထို့အတူ အုပ်ထိန်းသူမိဘများအနေနှင့်လည်း သတိလက်လွတ်ဖြစ်နေတတ်သည့် အဖြစ်မျိုး ရှိနိုင်လေသည်။ သို့ဖြစ်၍ အသက်အရွယ်ငယ်စဉ်မှာပင် ပန်းကောင်းအညွန့်ကျိုးဖြစ်ရသည့် သတင်းများကို ရင်နင့်ဖွယ်ကြားသိရသကဲ့သို့ လူမဆန်သည့် အကျင့်စရိုက်ရှိသူများအား ရှုတ်ချဖွယ်ရာများလည်းဖြစ်သည်။

မကြာသေးမီကပင် ကံကော်မြေမှတ်တွဲလက်များ ပညာရေးအထောက်အကူပြုအသင်းမှ ဖြန့်ဝေမှုတစ်ခုကို တွေ့ရသည်။ အဆိုပါဖြန့်ဝေမှုတွင် သက်ငယ်မုဒိမ်းမှုများ နေ့စဉ်ရက်ဆက်ဆိုသလိုဖြစ်နေ၍ အုပ်ထိန်းသူမိဘများနှင့် ကလေးသူငယ်များ လိုက်နာဆောင်ရွက်ရန် အသိပေးနှိုးဆော်မှုများကို တွေ့ရလေသည်။

ကလေးသူငယ်များ သတိပြုရန် အချက်များမှာ-

(၁) နေအိမ်မှဝေးရာသို့ မိဘ၊ အုပ်ထိန်းသူများ မသိဘဲ လုံးဝမသွားပါနှင့်။

(၂) နေအိမ်မှ အပြင်ဘက်သို့ ထွက်ကစားလျှင် မိဘ၊ အုပ်ထိန်းသူများကို အသိပေးပြီးမှသွားပါ။

(၃) ကျောင်း၊ သင်တန်း၊ ကျူရှင်မှ ပြန်လျှင် အိမ်သို့ တန်းပြန်ပါ။ ဖြစ်နိုင်လျှင် အဖော်နှင့်ပြန်ပါ။

(၄) မိမိမသိသောနေရာသို့ မည်သူခေါ်ခေါ် မလိုက်ပါနှင့်။

(၅) မိမိမသိသော သူစိမ်းများနှင့် လုံးဝစကားမပြောပါနှင့်။

(၆) မိမိမသိသူများကျွေးသည့် အစားအသောက်၊ အအေးများကို လုံးဝမစားသောက်ပါနှင့်။

(၇) လူထူထပ်သောနေရာများသို့ တစ်ယောက်တည်း မသွားပါနှင့်။

(၈) မိမိ၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဓာတ်ပုံအရိုက်မခံပါနှင့်။

(၉) ဖုန်းအတွင်းမှ ဓာတ်ပုံများ၊ ဗီဒီယိုများကို မည်သူလာပြပြ လုံးဝမကြည့်ပါနှင့်။

(၁၀) လူရှင်းသောလမ်းများ၊ မှောင်သောနေရာများသို့ တစ်ယောက်တည်း လုံးဝမသွားပါနှင့် စသည့်အချက်များဖြစ်သည်။

အုပ်ထိန်းသူများ၊ မိဘများသတိပြုရန် အချက်များမှာ-

(၁) နေအိမ်မှဝေးရာသို့ ခိုင်းစေခြင်း၊ စေလွှတ်ခြင်း၊ လုံးဝမပြုလုပ်ပါနှင့်။

(၂) မှောင်မိုက်သည့်အချိန်တွင် ကလေးတစ်ယောက်တည်း မည်သည့်နေရာကိုမျှ မလွှတ်ပါနှင့်။

(၃) မူးယစ်ဆေးဝါး၊ အရက်သေစာ သောက်စားထားသူများ အနီး ကလေးကို လုံးဝမထားပါနှင့်။

(၄) အခြားသူများကိုယုံကြည်ပြီး ကလေးကို ဘယ်နေရာသို့မျှ မထည့်ပါနှင့်။

(၅) ကလေးကို အခြားသူများနှင့်ထားခဲ့ခြင်း၊ အခြားသူများအား စောင့်ကြည့်ခိုင်းခြင်း လုံးဝမလုပ်ပါနှင့်။

(၆) ကျောင်း၊ အသင်း၊ ကျူရှင်သို့ တစ်ယောက်တည်း လုံးဝမလွှတ်ပါနှင့်။

(၇) ကလေးရှေ့တွင် လိင်ပိုင်းဆိုင်ရာအပြုအမူများ မလုပ်မိစေရန်ကို သတိထားရှောင်ကြဉ်ပါ။

(၈) ကလေးတွင် ပြောင်းလဲလာသော အပြုအမူ အနေအထိုင်များရှိပါက ချက်ချင်းမေးမြန်းပါ။

(၉) ကလေးရင်ဖွင့်သည့် ပြောပြသည့် စကားများကို အလေးထားနားထောင်ပါ။

(၁၀) လိင်မှုဆိုင်ရာများကို ကလေးသိတတ်သည့်အရွယ်မှစ၍ ဗဟုသုတအဖြစ် ပြောပြပါ။

စင်စစ် ယခုဖော်ပြခဲ့သည့် သတိပြုဆင်ခြင်ဖွယ် အကြောင်းအချက်များသည် မိဘအုပ်ထိန်းသူနှင့် ကလေးငယ်များကြားတွင် အမှန်ပင် ရင်းနှီးပွင့်လင်းစွာ သိသင့်သော အကြောင်းခြင်းရာများပင် ဖြစ်ပါသည်။ အထူးသဖြင့် နယ်နှင့် ကျေးလက်ဒေသများတွင် ကလေးငယ်များကို ကစားခွင့်ပေးခြင်း၊ စျေးဝယ်ခိုင်းခြင်း၊ အဖော်မပါဘဲ ကလေးငယ်တစ်ဦးတည်း လွှတ်ခြင်းများရှိတတ်ရာ ယင်းသို့သောဒေသများတွင် သက်ငယ်မုဒိမ်းမှုခင်းများ အများအပြားဖြစ်ပွားနေသည်ကို တွေ့ရ၏။ မြို့ကြီးများတွင်မူ မိဘအုပ်ထိန်းမှုအောက်တွင်ရှိခြင်း၊ မိဘကိုယ်တိုင် ကျောင်းကြိုပို့လုပ်ခြင်း သို့မဟုတ် အခပေးဖယ်ရီနှင့်ပို့ခြင်း၊ ကလေးငယ်များကိုယ်တိုင် ပြင်ပတွင်ထွက်၍ကစားရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ယင်းသို့သော ပြစ်မှုများ ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်၍ ကလေးငယ်များနှင့် မိဘအုပ်ထိန်းသူများအား အသိပညာပေးလုပ်ငန်းများ ပြုလုပ်ရာတွင် မြို့ပြကြီးများနှင့် ဝေးလံသော ဒေသများ၊ ကျေးလက်ဒေသများတွင် ပို၍ပြုလုပ်ပေးသင့်ပေသည်။ ယင်းသို့သော ဝေးလံသည့်ဒေသများတွင် နိစ္စဓူဝဖြစ်ပျက်နေသော ပြစ်မှုများနှင့်ပတ်သက်၍ သိရှိကောင်းမှ သိရှိနိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်၍လည်း ကျေးလက်ဒေသ သဘာဝရိုးသားမှု၊ ယုံကြည်မှုများကြောင့် မဖြစ်သင့်သည့် ပြစ်မှုများ ဖြစ်ပွားနေရခြင်းပင်ဖြစ်သည်။ ကျေးလက်ဒေသများသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးငယ်များသိရှိရန် အသိပေးနှိုးဆော်မှုများကို သင်ကြားမှုအထောက်အကူများသဖွယ် ဗီနိုင်းများပြုလုပ်၍ ချိတ်ဆွဲထားစေခြင်းဖြင့် နေ့စဉ် အသိပညာပေးရာရောက်စေပါသည်။ ထို့အတူ ကျေးရွာရပ်ကွက်များအတွင်း၌လည်း အသိပညာပေးလုပ်ငန်းများ ပြုလုပ်ခြင်းဖြင့် အုပ်ထိန်းသူ၊ မိဘများနှင့် ပူးပေါင်းဆောင်ရွက်နိုင်လေသည်။

ယခုအခါတွင် အစိုးရအဖွဲ့အစည်းများသာမက အင်န်ဂျီအိုများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ပရဟိတအဖွဲ့များလည်း ဒေသအနှံ့တွင် ဖွဲ့စည်းလာနိုင်ပြီဖြစ်၏။ ယင်းအဖွဲ့အစည်းများအနေဖြင့်လည်း ယခုအခါ သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့်ပတ်သက်၍ ပါဝင်လာသကဲ့သို့ ယခုထက်ပို၍လည်း ပါဝင်လာသင့်ပါသည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အသိပညာပေးအစီအစဉ်များ ပြုလုပ်ပြီး လက်ကမ်းစာစောင်များ မျှဝေပေးခြင်း၊ ပညာရေးအစီအစဉ် ဉာဏ်စမ်းပဟေဠိများကို ဖတ်၍ ဖြေဆိုစေခြင်းနှင့် မှန်လျှင် လက်ဆောင်ပစ္စည်းများပေးခြင်း အစီအစဉ်များ ပါဝင်ခဲ့ရာ ယင်းအဖွဲ့နှင့်အတူ ရုပ်ရှင်သရုပ်ဆောင်ခိုင်နှင်းဝေ ပရဟိတအဖွဲ့ကလည်း သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် ပတ်သက်၍ ပါဝင်ကူညီခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေက “သက်ငယ်မုဒိမ်းမှုတွေပပျောက်ဖို့၊ စွန့်ပစ်ခံကလေးတွေ လျော့ကျဖို့ ကူညီပေးတာပါ၊ ပြဇာတ်တိုလေးတွေ၊ တေးသရုပ်ဖော်တွေ စီစဉ်ခဲ့ပါတယ်၊ သက်ငယ်မုဒိမ်း ဘာကြောင့်ဖြစ်သလဲဆိုတာ အသိပညာပေးချင်တာပါ”ဟု ပြောသည်။

ထို့ကြောင့် သက်ငယ်မုဒိမ်းမှုများ လျော့နည်းကင်းစင်ရေးအတွက် ဆောင်ရွက်ရာတွင် လက်ရှိပညာပေးဆောင်ရွက်နေမှုများအပြင် သက်ငယ်မုဒိမ်းမှု အဖြစ်အများဆုံး အသက်အရွယ်အပိုင်းအခြား၊ အဖြစ်အများဆုံး နေရာဒေသများ၊ ဖြစ်ပွားရသည့် ပုံသဏ္ဌာန်အမျိုးအစားများကို စစ်တမ်းအဖြစ်လေ့လာပြုစုထားခြင်းဖြင့် ကြိုတင်အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ မည်သည့်နေရာဒေသများတွင် မည်သည့်အသွင်သဏ္ဌာန်ဖြင့် ချဉ်းကပ်လုပ်ဆောင်ပါက ပို၍ထိရောက်အောင်မြင်မှုရှိနိုင်မည်ကို မှန်းဆနိုင်ပါလိမ့်မည်။ ဤသို့ အသိပညာဖြန့်ဝေမှု ပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း အရုပ်ဆိုးအကျည်းတန်လှသည့် မှုခင်းတစ်ခုဖြစ်သော သက်ငယ်မုဒိမ်းမှုများကို လျော့နည်းကင်းစင်လာအောင် ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ။



**“နယ်နှင့် ကျေးလက်ဒေသများတွင် ကလေးငယ်များကို ကစားခွင့်ပေးခြင်း၊ စျေးဝယ်ခိုင်းခြင်း၊ အဖော်မပါဘဲ ကလေးငယ် တစ်ဦးတည်းလွှတ်ခြင်းများရှိတတ်ရာ ယင်းသို့သောဒေသများတွင် သက်ငယ်မုဒိမ်းမှုခင်းများ အများအပြား ဖြစ်ပွားနေသည်ကို တွေ့ရ၏။ မြို့ကြီးများတွင်မူ မိဘအုပ်ထိန်းမှုအောက်တွင်ရှိခြင်း၊ မိဘကိုယ်တိုင် ကျောင်းကြိုပို့လုပ်ခြင်း သို့မဟုတ် အခပေးဖယ်ရီနှင့်ပို့ခြင်း၊ ကလေးငယ်များကိုယ်တိုင် ပြင်ပတွင် ထွက်၍ကစားရန် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ယင်းသို့သော ပြစ်မှုများ ဖြစ်ပွားမှုနည်းပါးသည်ကို တွေ့ရမည်ဖြစ်သည်”**

## ဖယ်ခုံမြို့၌ မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**ဖယ်ခုံ ဇွန် ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် မြို့နယ်အဆင့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါလှုပ်ရှားမှုပြုလုပ်မည့်ဖွင့်ပွဲကို မြို့နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ဇွန် ၁၈ ရက်က ကျင်းပသည်။



ဖွင့်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဦးက မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် ကလေးငယ်တိုင်းအတွက် အခြေခံလူ့အခွင့်အရေးဖြစ်ကြောင်း၊ မွေးဖွားမှုမှတ်ပုံတင်ခြင်းဖြင့် ကလေးငယ်တစ်ဦး၏ မွေးဖွားမှုကို နိုင်ငံတော်က တရားဝင်မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး မွေးဖွားမှုမှတ်ပုံတင်ခြင်းသည် ကလေးငယ်တစ်ဦး ရှင်သန်နေထိုင်မှုအတွက် အမြဲတမ်းတရားဝင်နေမည့် မှတ်တမ်းဖြစ်ကြောင်း၊ မွေးစာရင်းလက်မှတ်တွင် ကလေးငယ်၏ မွေးဖွားသည့်နေ့၊ မွေးဖွားရာနေရာနှင့် မိဘအမည် စသည့်အချက်အလက်များပါဝင်ပြီး နိုင်ငံတော်က ကလေးတစ်ဦးတစ်ယောက်ချင်းစီအတွက် တရားဝင်ပြုလုပ်ပေးသည့် လက်မှတ်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားပြီး အခမ်းအနား တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဖယ်ခုံမြို့နယ်တွင်း မွေးစာရင်းမရှိသေးသော အသက် ၁၀ နှစ်အောက် ကလေးဦးရေ ၁၅၀၀ ကျော်ရှိပြီး မြို့ပေါ်တွင် ၁၄၀ ကျော်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။ အဆိုပါ မွေးစာရင်းမရှိသေးသော ၁၀ နှစ်အောက် ကလေးငယ်များအား မွေးစာရင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ယခု ရက်သတ္တပတ်လှုပ်ရှားမှုအတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## ဇမ္ဗူသီရိမြို့နယ်မှ တောင်သူများအား မြေဆီလွှာအသုံးချရေးဆိုင်ရာများ အသိပညာပေး

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာသစ် ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီနှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြေဆီလွှာအသုံးချရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ရှားတောဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး မြေဆီလွှာအသုံးချရေးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်က မြေဆီလွှာအသုံးချရေးဆိုင်ရာ သိကောင်းစရာများကို ကျေးရွာနေတောင်သူများအား သင်ကြားပို့ချခဲ့သည်။

ယခုကဲ့သို့ မြေဆီလွှာအသုံးချရေးဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် ဒေသအလိုက် ဈေးကွက်ဝင်စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်နိုင်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် အချိန်၊ အရွယ်အစားအလိုက် မြေဩဇာအမျိုးအစားများ သုံးစွဲခြင်းဆိုင်ရာ အသိပညာများကို တောင်သူများကိုယ်တိုင် သိရှိနားလည်လာမည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ ရှားတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသားတောင်သူ ၅၆ ဦး တက်ရောက်ခဲ့သည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ပြိုင်ပွဲများ ကျင်းပပြီးစီး

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ကျင်းပလျက်ရှိရာ ပြိုင်ပွဲ၏နောက်ဆုံးပွဲကို ဇွန် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပပြီးစီးခဲ့သည်။

ဒုတိယပွဲစဉ်မှ ပြိုင်ပွဲများအပြီးတွင် အမျိုးသမီးဝါသနာရှင်အဆင့်ပြိုင်ပွဲ၌ ဒုတိယဆုကို ဖူးပွင့်ရတီခိုင်က စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့်လည်းကောင်း၊ ပထမဆုကို အိန်ဂျယ်လာအောင်က ၂၂၆ ချက်ဖြင့် လည်းကောင်း ရရှိခဲ့ပြီး အမျိုးသားဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် မင်းနိုင်စိုးက ၂၉၆ ချက်ဖြင့် ဒုတိယဆုရပြီး ပထမဆုကို မောင်မဲက ၂၉၅ ချက်ဖြင့် ရရှိခဲ့သည်။ ပညာရှင်အဆင့်ပြိုင်ပွဲတွင် ဟိန်းစည်သူက သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၈၂ ချက်ဖြင့် ပထမဆုကို ရရှိခဲ့ပြီး ဆုရရှိသူများအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် ပညာရှင်အဆင့်၌ ၄၀၊ အမျိုးသားဝါသနာရှင်အဆင့်၌ ၁၂၄ ဦး၊ အမျိုးသမီးဝါသနာရှင်အဆင့်၌ ၁၄ ဦး စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တတိယပွဲစဉ်ကို စက်တင်ဘာလလယ်တွင် မော်လမြိုင်မြို့ ရွှေနတ်တောင် ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




အဆင့်အလိုက် ပထမဆုများရရှိကြသော ဟိန်းစည်သူ၊ မောင်မဲနှင့် အိန်ဂျယ်လာအောင်

# ရထားခဲပေါက်မှုများ မဖြစ်ပွားစေရေးအတွက် ပုဂံဘူတာတွင် အသိပညာပေး ဟောပြော

**ညောင်ဦး ဇွန် ၂၀**

ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တပ်စု(၃)ပုဂံမှ တပ်စုမှူး ဒုရဲအုပ် တင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ ညောင်ဦးမြို့နယ် ပုဂံဘူတာအတွင်းရှိ တပ်စုမှူးရုံးရှေ့တွင် ဇွန် ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တပ်စု(၃)ပုဂံမှ တပ်စုမှူး ဒုရဲအုပ်တင်ထွန်းအောင်က ပုဂံဘူတာတွင် ရထားစီးနင်းရန် စောင့်ဆိုင်းနေသည့် ခရီးသွားပြည်သူများ၊ ပုဂံဘူတာရပ်ကွက်အတွင်း နေထိုင်ကြသည့် ဒေသခံပြည်သူများအား ရထားခဲပေါက်မှုဖြစ်စဉ်များ ဖြစ်ပွားပါက အရေးယူခံရမည့် ပြစ်ဒဏ်များ၊ ရထားနှင့်ယာဉ်တိုက်မိသည့်ဖြစ်စဉ်များ၊ လူနှင့်တိရစ္ဆာန်များ မတော်တဆတိုက်မိ၍ ထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်စဉ်များ၊ ရထားကြိတ်ခြင်း၊ တိုက်ခြင်း ဖြစ်စဉ်များအတွက် မြန်မာ့မီးရထား ပို့ဆောင်ရေးဥပဒေပုဒ်မများနှင့်ပြစ်ဒဏ်များ စသည်တို့ကို ကဏ္ဍအလိုက် အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် ခရီး သွား ပြည်သူများက သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကာ တပ်စုမှူး ဒုရဲအုပ် တင်ထွန်းအောင်က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွ ရဲစခန်းမှူး ရဲအုပ်တင့်ဆန်းဦး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုတစ်ရပ်အဖြစ် မြို့နယ်အတွင်း ချောင်းနှစ်ခွကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းကို ဇွန် ၁၉ ရက်က ဆောင်ရွက်ပေးနေစဉ်။** ၁၃၈



# မိုင်းယောင်းမြို့၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှုကို တောင်သူများအား သရုပ်ပြ

**မိုင်းယောင်း ဇွန် ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်ဘိုးကျေးရွာရှိ တောင်သူများအား တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ဆင်းရေကြီး-၃ စပါးမျိုး စိုက်ပျိုးခြင်းတောင်သူပညာပေးသရုပ်ပြပွဲကို အဆိုပါကျေးရွာရှိ တောင်သူတစ်ဦး၏ စပါးစိုက်ခင်း၌ ဇွန် ၂၀ ရက်က ပြုလုပ်ခဲ့သည်။



အဆိုပါ တောင်သူပညာပေးသရုပ်ပြပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မိုင်းယောင်းမြို့နယ်၏ ဒေသဝမ်းစာဖူလုံမှုသည် လယ်စိုက်တောင်သူများ၏ လက်တွင်ရှိကြောင်း၊ တောင်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်လည်း တောင်သူများ၏ ကြိုးစားမှုအပေါ်တွင် မူတည်ကြောင်း၊ သီးနှံအရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးမှုကို တက်ရောက်လာသော တောင်သူများနှင့်အတူ လက်တွေ့သရုပ်ပြ စိုက်ပျိုးပြသခဲ့သည်။

"မိုင်းယောင်းမြို့နယ်ဟာ များသောအားဖြင့် မိုးကောင်းသောက်လယ်မြေများဖြစ်တဲ့အတွက် ပျိုးထောင်ရတဲ့စရိတ်၊ ကောက်စိုက်ချိန်၌ ပျိုးနုတ်ရတဲ့လုပ်အားခ၊ ကောက်စိုက်ခနဲ့ ကောက်စိုက်သမားရှားတဲ့ အခက်အခဲများသက်သာစေရေးအတွက် ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တောင်သူများ လက်တွေ့အသုံးပြုစိုက်ပျိုးနိုင်ရေး သရုပ်ပြတာဖြစ်ပြီး မြို့နယ်ရဲ့ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနဲ့ သိပ္ပံနည်းကျ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မိုးစပါးမျိုးသန့်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်း တောင်သူများကို စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးက ပြောသည်။

**အားချ(ပြန်/ဆက်)**

# မိုးသည်းထန်ခြင်းနှင့် လေပြင်းကြောင့် ပျက်စီးမှုများကို မြိတ်မြို့၌ အမြန်ရှင်းလင်း ပြုပြင်

**မြိတ် ဇွန် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဇွန် ၁၇ ရက် ညနေပိုင်းက မိုးသည်းစွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သစ်ပင်များကျိုးကျခြင်း၊ စာသင်ကျောင်း အမိုးသွပ်များ ပျက်စီးခြင်းနှင့် လမ်းပေါ်ရေလျှံခြင်းများဖြစ်ခဲ့ရာ တာဝန်ရှိသူများက အမြန်ရှင်းလင်းပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသည်းစွာရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် သမ္မတရုံလမ်းရှိ ကုက္ကိုပင်၊ ရဲသိပ္ပံလမ်းသွယ် (၁) ရှိ ပိတောက်ပင်၊ ဦးမြတ်လေးပန်းခြံဖြတ်လမ်းရှိ ရေတမာပင်၊ လေယာဉ်ကွင်းလမ်းရှိ မန်ကျည်းပင်၊ ရှမ်းချောင်းလမ်းမရှိ မလေးရှားပိတောက်ပင်၊ စပါးရွှေဝါလမ်းရှိ မလေးရှားပိတောက်ပင်များ ကျိုးကျမှုများဖြစ်ခဲ့ကာ လူသွားလမ်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများက အမြန်ရှင်းလင်းခဲ့သည်။



ထို့အပြင် စာသင်ကျောင်းအမိုးများ ပျက်စီးခဲ့သော နန်းတော်ရာ အလကကျောင်းနှင့် တောင်ဖီလာ အထကတို့တွင်လည်း ပျက်စီးခဲ့သော အမိုးသွပ်များကို အမြန်ရှင်းလင်းဖယ်ရှားခဲ့ကြပြီး နန်းတော်ရာ အလကကျောင်းတွင် လိုအပ်သောပြုပြင်မှုများ ချက်ချင်းဆောင်ရွက်ခဲ့သလို တောင်ဖီလာအထကကျောင်းတွင်လည်း ခေါင်မိုး၊ သစ်သား၊ မျှားတန်းများ ပြုပြင်ခြင်း၊ သွပ်များမိုးခြင်းတို့ဖြင့် ပြုပြင်မှုများ ဇွန် ၁၈ ရက်က ဆောင်ရွက်ခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးမင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထို့အတူ မိုးသည်းထန်စွာရွာသွန်းပြီး လမ်းပေါ်ရေလျှံခဲ့သော လမ်းများဖြစ်သည့် ဘုရားကိုင်ချောင်းအနီးရှိ လမ်းများ၊ စပါးရွှေဝါလမ်း၊ ဘိုးဘွားရိပ်သာလမ်း၊ မြေနီလမ်းနှင့် ကြံတောလမ်းဆုံ၊ ဘွားသုခြံလမ်းနှင့် မြိတ်တောင်ကျေးရွာရှိ လမ်းများကိုလည်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကို နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

# ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကလေးမြို့၌ ဆွေးနွေး

**ကလေး ဇွန် ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ဦးဆောင်မှု၊ ကြီးကြပ်မှုတို့ဖြင့် ကလေးစာပေပွဲတော်ကို ဇူလိုင် ၆ ရက်နှင့် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ကလေးစာပေပွဲတော်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း ဇွန် ၁၈ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး လုပ်ငန်းအောင်မြင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားကာ တက်ရောက်လာကြသူများက ကလေးစာပေပွဲတော် စည်ကားစွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ဇွန် ၁၈ ရက်ညနေပိုင်းကလည်း ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များ၊ ကိုယ်ပိုင်ကျောင်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံး၌ ဆက်လက်ကျင်းပခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြလွင်၊ မြို့နယ်ပညာရေးမှူး ဦးစန်းယုနှင့် ခရိုင်ပြန်/ဆက်ဦးစီးဌာနမှ ဒေါ်သန်းထိုက်အောင်တို့က ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရန် အခြေခံပညာအစိုးရကျောင်းများသာမက မြို့ပေါ်ရပ်ကွက်ရှိ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများအပါအဝင် ကျောင်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ဇွန် ၁၉ ရက် နံနက်ပိုင်းတွင်လည်း ကလေးစာပေပွဲတော်ကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီက ကလေးစာပေပွဲတော် မုခ်ဦးတည်ဆောက်မည့်နေရာများနှင့် ဖွင့်လှစ်မည့်နေရာ၊ ဖျော်ဖြေရေးဆောင်ရွက်မည့်နေရာ၊ ပြိုင်ပွဲများကျင်းပမည့်နေရာ၊ စာပေဟောပြောပွဲ ကျင်းပမည့်နေရာ၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်မည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စာပေဟောပြောပွဲ ကျင်းပနိုင်ရေးနှင့် စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ရေးတို့အတွက်လည်း ဒေသခံ စာရေးဆရာများ၊ စာအုပ်အရောင်းဆိုင်များကို ဆက်သွယ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလေးစာပေပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

**ချင်းတွင်းသား**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မြန်မာနှင့် ဒိန်းမတ်နိုင်ငံ အလုပ်အကိုင်ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၂၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး HE.Mr. Peter Lysholt Hansen နှင့် ဇွန် ၂၀ ရက်က နေပြည်တော်ရှိ ဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်မြှင့်တင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ဒိန်းမတ်နိုင်ငံ အလုပ်အကိုင်ဝန်ကြီးဌာနတို့အကြား ၂၀၁၅ ခုနှစ်မှစတင်ကာ သုံးနှစ်တာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၈ ဇွန်လတွင် နားလည်မှုစာချွန်လွှာ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် လေးနှစ်တာကာလ နားလည်မှုစာချွန်လွှာ ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးရန်အတွက် ဆွေးနွေးခြင်းဖြစ်ပြီး ကနဦးဆောင်ရွက်ချက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်မှု သဘောတူညီချက် (Letter of Intent)ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ ပြဋ္ဌာန်းပြီးချိန်တွင် ပေါ်ပေါက်လာမည့် အကျိုးဝင်မှု အခန်းကဏ္ဍအသစ်များအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုစွမ်းဆောင်ရည် တည်ဆောက်ပေးရေး လိုအပ်ချက်ကို ဆက်လက်ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် လေးနှစ်တာကာလ နားလည်မှုစာချွန်လွှာကို ထပ်မံရေးထိုးရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးနှင့် ဦးစီးဌာနများ မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်မှုသဘောတူညီချက်(Letter of Intent)ကို သံအမတ်ကြီးနှင့် မြန်မာနိုင်ငံဘက်မှ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်မှတစ်ဆင့် နားလည်မှုစာချွန်လွှာကို ထပ်မံလက်မှတ်ရေးထိုးပြီးပါက အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုစွမ်းဆောင်ရည် အပေါ် ဒိန်းမတ်နိုင်ငံမှ ကျွမ်းကျင်သူများက စာတွေ့လက်တွေ့ လာရောက်လေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**



## တံတားရေမမျောရေး လုပ်အားဒါနပေးလှူ

**မွန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ မင်္ဂလာဗေယျာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ စေတီတော်သို့ သွားလာရန် ပြုလုပ်ထားသည့် တံတားကို ရေစီးတွင် မျောပါသွားခြင်းမရှိစေရန်အတွက် အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးနေစဉ်။** (ရေကြီးမှုဖြစ်ပွားစဉ် သီဟိုဠ်စမ်း တောရဘုန်းတော်ကြီးကျောင်းမှ ကားတစ်စီးမှာ ရေစီးနှင့်အတူမျောပါသွားသဖြင့် ထိုကားကိုလည်း ရဲတပ်ဖွဲ့ဝင်များက သံဃာတော်များနှင့်အတူ ဝိုင်းဝန်းဆယ်ယူ၍ ရေဘေးကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။)

**တင်ထွန်း**

# မီးလောင်ကျွန်းကျေးရွာ ကမ်းပြိုမှုကွင်းဆင်းကြည့်ရှု၍ ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ရေစကြို ဇွန် ၂၀**

ရေစကြိုမြို့နယ် မီးလောင်ကျွန်းကျေးရွာချင်းတွင်းမြစ်ရေ တိုက်စားကမ်းပြိုမှုကြောင့် နေအိမ်များဖျက်သိမ်းရွှေ့ပြောင်းနေမှုအား မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူး ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေနှင့်တာဝန်ရှိသူများက ဇွန် ၁၈ ရက်က ကွင်းဆင်းကြည့်ရှုပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ အလယ်တန်းကျောင်းခန်းမ၌ ရွှေ့ပြောင်းအိမ်ထောင်စု ၂၅ စုအား အိမ်ဆောက်ပစ္စည်းဖိုးတစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၅သိန်း၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး၊ ဆီနှင့်ဆန်ရိက္ခာဖိုး ခုနစ်ရက်စာ လူတစ်ဦး ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၁၅၃ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၂၁၃၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းကျေးရွာတွင် ဇွန် ၁၅ရက်မှ ၁၇ရက်အထိ ကမ်းပြိုမှုကြောင့် နေအိမ် ၂၃လုံး၊ ပခန်းငယ်ကျေးရွာမှ နေအိမ်တစ်လုံး၊ ဆင်တဲအုပ်စု ခြံယာကျေးရွာမှ နေအိမ်တစ်လုံး စုစုပေါင်း ၂၅ လုံး ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

ယခုအခါ မီးလောင်ကျွန်းကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှု အခြေအနေမှာ မြစ်ရေစီးကြောင်းပြောင်းလဲခြင်းမရှိသေးသည့်အတွက် ကမ်းများ ဆက်လက်ပြိုဖွယ်ရှိနေသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းထိန်ထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကျင်းပသည့် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားလှုပ်ရှားမှုသရုပ်ပြပွဲကို ဇွန် ၁၇ ရက်က ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အားကစားအဖွဲ့များနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးတို့နှင့်အတူ တက်ရောက်လာကြသော ဧည့်သည်တော်များက Zumba Music Dancing အကဖြင့် တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲစဉ်။** တင်စိုး (မြန်မာ့အလင်း)




# ပွင့်ဖြူမြို့နယ်မှ ယာယီပိတ်ထားသည့်ကျောင်း ၃၂ ကျောင်း ပြန်လည်ဖွင့်လှစ်

**ပွင့်ဖြူ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများအနက် ၃၂ ကျောင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းမှစပြီး ပြန်လည်ဖွင့်လှစ်ထားကာ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ပွင့်ဖြူမြို့နယ်တွင် ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီး အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုန်းချောင်းရေများ တိုးမြင့်ခဲ့သည့်အတွက် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုမဖြစ်စေရန် ရေဝင်ရောက်သည့် အခြေခံပညာစာသင်ကျောင်းပေါင်း ၄၆ ကျောင်းကို ဇွန် ၁၁ ရက်မှ စတင်ကာ ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။

ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများမှာ အခြေခံပညာအထက်တန်းအဆင့် ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ၁၃ ကျောင်း၊ အခြေခံပညာ မူလတန်းအဆင့်(၂၆)ကျောင်းဖြစ်ပြီး အဆိုပါကျောင်းများ အနက် ၃၂ ကျောင်းမှာ လက်ရှိအချိန်တွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ ဇွန် ၁၈ ရက်မှ စတင်ပြီး ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေကျင်မြို့၌ လူ့အခွင့်အရေးအကြောင်း ရှင်းလင်း

**ရွှေကျင် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က မြို့နယ်စည်ပင်ခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများအကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ရွှေကျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချမ်းမြေ့ထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## သတင်းတိုများ

### မြို့သစ်မြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ နယ်အတွင်း ခြင်ကြောင့်ဖြစ်ပွားတတ်သောရောဂါများနှင့် မိုးတွင်းရာသီများတွင်အဖြစ်များ၍ ကူးစက်လွယ်သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ်ပေးခြင်းလုပ်ငန်းများကို ဇွန် ၁၉ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့ပေါ်ရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်ပြီး ဖုံး၊ သွန်၊ လဲ၊ စစ်၊ ပြုလုပ်ခြင်းများကို လက်တွေ့သရုပ်ပြကာ ရေတွင်း၊ ရေကန်၊ ရေစည်များတွင် ပိုးလောက်လန်းများမရှိစေရေးအတွက် အဘိတ်ဆေးများ ခတ်ပေးခဲ့ခြင်းဖြစ်သည်။

**ဇော်ဇော်(မြို့သစ်)**

### ဖားကန့်၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆန်းကြွယ်ကျေးရွာ အလယ်တန်းကျောင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီဝင်များစုပေါင်း၍ မြို့နယ်သစ်တောဦးစီးဌာနမှ ဖြန့်ဝေပေးသော ကျွန်း၊ ပျဉ်းကတိုး၊ ကံ့ကော်၊ ခရေ၊ မဟော်ဂနီနှင့် ယူကလစ် ပျိုးပင်ပေါင်း ၃၅၀ ကို စိုက်ပျိုးခဲ့ကြသည်။ **ဗထူး**

### တနင်္သာရီ၌ မီးဘေးသင့်အိမ်ထောင်စုအား ထောက်ပံ့

တနင်္သာရီမြို့နယ် ရေပေါ်ကျေးရွာတွင် ဇွန် ၁၈ ရက်က မီးလောင်မှုကြောင့် နေအိမ်ပျက်စီးခဲ့သည့် ဦးကြည်ရှိန် မိသားစုအတွက် မြိတ်ခရိုင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ကျပ်နှစ်သိန်း၊ မိသားစုဝင်ခုနစ်ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၁၄၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးတို့ကို ဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ဇွန် ၁၉ ရက်က နေအိမ်အရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကျွန်တော်မျှဝေပေးလိုသော မုဒိတာတရားများ

**မြင့်စိုး(နတလ)**

၂၀၁၈ ခုနှစ် ဇွန်လအတွင်းမှာ မိုးကလေးတအေးအေးဖြစ်နေသော်ငြား ကျွန်တော်၏ ရင်ထဲနှလုံးသားထဲအထိ အဆီးအတားမဲ့စွာ ဝင်ရောက်လာသော မုဒိတာတရားအစုစုတို့ကြောင့် သိပ်သည်းနွေးထွေးစွာ ခံစားနေရသည်ကတော့ အမှန်ပင်ဖြစ်၏။ မုဒိတာတရားအားလုံးသည် ပညာရေး ကဏ္ဍနှင့်ဆိုင်သော၊ တစ်နည်းအားဖြင့်ဆိုရသော် နယ်စပ်ဒေသများ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များဆီမှ စီးမျောရောက်ရှိလာသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မင်္ဂလာသတင်းစကားများ၊ လုပ်ငန်းဆောင်တာများကို အရင်းခံခဲ့သည်။

**မုဒိတာတရား ၁**

နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး ဒေါ်ခိုင်မေကြူ ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွင်နှင့်ဇနီး ဒေါ်နီလာလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း) ကျောင်းအုပ်ကြီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၄၆ ဦးပေါ်ထွက်ခဲ့ပြီး ဒသမတန်းလူရည်ချွန်တစ်ဦး၊ နဝမတန်းလူရည်ချွန်နှစ်ဦး အပါအဝင် စုစုပေါင်း ၁၄၉ ဦးတို့အား ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

ဆုရကျောင်းသား ကျောင်းသူများထဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀၁ ဦးဖြစ်ပြီး အဆိုပါဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူလေးများသည် နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများ၊ အထောက်အပံ့ခံကျောင်းများနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်၏ လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကလေးငယ်များပါဝင်သကဲ့သို့ ဝန်ကြီးဌာန၏ ဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များမှဝန်ထမ်းများ၏ သားသမီးများလည်းပါဝင်ကြသည်။ ထိုနေ့အခမ်းအနား၏ အခမ်းအနားမှူးဖြစ်သူ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိကေခိုင်က ဂုဏ်ထူးရကျောင်းသား ကျောင်းသူတစ်ဦးချင်းအား မိဘအမည်နှင့် ရာထူး၊ အလုပ်အကိုင်များဖော်ပြ၍ ဖတ်ကြားကြေညာခေါ် ယူရာတွင် ကျွန်တော်၏နားထဲ၌ အရသာအရှိဆုံးနှင့်စွဲ၍ အသွားဆုံးစကားစုမှာ ယာဉ်မောင်း ဦးဘယ်သူ၏ သမီး၊ စားဖိုမှူး ဒေါ်ဘယ်သူ၏ သားဆိုသည့် ကြေညာသံများပင်ဖြစ်သည်။ ဂုဏ်ယူဖွယ်ကောင်းလေစွ။ မိဘများက ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်များမှ သန့်ရှင်းရေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း၊ စားဖိုမှူး၊ ထမင်းချက် ဝန်ထမ်းဖြစ်နေစေဦးတော့ ၎င်းတို့၏ သားသမီးများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများစွာဖြင့် ဝေဝေဆာဆာ၊ ကြွားကြွားဝင့်ဝင့် အောင်မြင်ခဲ့သောအခါ မိဘများ၏ ဂုဏ်သည်လည်း အတိုင်းအဆမရှိ ဝင့်ထည်လှပါဘိ။

**“မိဘများက ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်များမှ သန့်ရှင်းရေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း၊ စားဖိုမှူး၊ ထမင်းချက်ဝန်ထမ်းဖြစ်နေစေဦးတော့ ၎င်းတို့၏ သားသမီးများသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများစွာဖြင့် ဝေဝေဆာဆာ၊ ကြွားကြွားဝင့်ဝင့် အောင်မြင်ခဲ့သောအခါ မိဘများ၏ ဂုဏ်သည်လည်း အတိုင်းအဆမရှိ ဝင့်ထည်လှပါဘိ”**



**မုဒိတာတရား ၂**

ပြီးခဲ့သည့် မေလ ၂၉ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ကျောင်းသစ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းသင်တန်းကျောင်းဖွင့်လှစ်ပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်၊ ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ သင်တန်းကျောင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်နှင့် ဦးအောင်ခမ်းထီးတို့က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ဖဲကြိုးဖြတ်သည့်မြင်ကွင်းများစွာ၊ ကမ္ပည်းမော်ကွန်းစက်ခလုတ်နှိပ်သည့် မြင်ကွင်းများစွာတို့ကို အခမ်းအနားပေါင်းများစွာ၌ ကျွန်တော်မြင်ဖူး၊ တွေ့ဖူးခဲ့ပါပြီ။ သို့တစေ ယခုအခမ်းအနား၌ ၈၃ နှစ်တည်းဟူသော အသက်နှင့် မိမိ၏ကျန်းမာရေးကိုပင်မငဲ့ဘဲ ဒေသအကျိုး၊ ဒေသတွင်းက ပအိုဝ်းတိုင်းရင်းသားလူငယ်များ အကျိုးအတွက် ဝီးချဲပေါ်မှနေ၍ စက်ခလုတ်နှိပ် ပေးသွားသော အဘဦးအောင်ခမ်းထီး၏ မြင်ကွင်းပုံရိပ်ကို တွေ့လိုက်ရသောအခါ အထူးပင်ကြည်ညိုလေးစားသွားခဲ့ရသည်။ ပအိုဝ်းဒေသထဲ၌ ၁၉၉၁ ခုနှစ်မှစတင်၍ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ နိုင်ငံတော်က ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးလျှင် ၎င်းတို့က ငွေကျပ်သိန်း ၁၀၀ မက ပူးပေါင်းပါဝင်ပြီး ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ခဲ့ကြသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ အဘဦးအောင်ခမ်းထီးသည် ထိုစဉ်ကာလကတည်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုခဲ့သူဖြစ်သည်။

ယခုဖွင့်လှစ်ပေးခဲ့သော နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) ၌ ကျောင်းသား ၈၀ ကျောင်းသူ ၈၀ စုစုပေါင်း ၁၆၀ တို့သည် ၂၀၁၈ ခုနှစ် ပညာသင်နှစ်မှစတင်၍ ပညာသင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုကိစ္စအဝဝတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနက အပြည့်အဝတာဝန်ယူပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။

**မုဒိတာတရား ၃**

ယနေ့ ဇွန်လ ၁၄ ရက် နံနက်ပိုင်းကလည်း မင်္ဂလာရှိသော မြင်ကွင်းတစ်ခုကို တွေ့မြင်ခွင့်ရလိုက်သည်။ နိုင်ငံတော်ဒုတိယသမ္မတ (၂) ဦးဟင်နရီဗန်ထီးယူ၏ ၂၀၁၈ ခုနှစ် မေလ ၁၅ ရက်မှ ၂၀ ရက်အထိ သွားရောက်ခဲ့သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ခရီးစဉ်အတွင်း ဟားခါးပညာရေးကောလိပ် ၊ သားဖွားသင်တန်းကျောင်း၊ အစိုးရနည်းပညာကောလိပ်၊ ဟားခါးကောလိပ်တို့မှ ဝန်ထမ်းများသွားလာရေး အဆင်ပြေစေရန်အတွက် ကူညီဆောင်ရွက်ပေးရေး လမ်းညွှန်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်အရ ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ၂၁ ဦးဆံ့ (Mitsubishi Rosa) အမျိုးအစား မော်တော်ယာဉ်နှစ်စီးအား ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ခင်မြင့်ထံ လွှဲပြောင်းပေးခဲ့ပါသည်။ ကျွန်တော် မကြာခဏဆိုသလို ရေးသားတင်ပြခဲ့ဖူးသည့်အတိုင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နတလ ဗဟိုကော်မတီတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုစလုံးမှ ဝန်ကြီးချုပ်များသည် အဖွဲ့ဝင်အဖြစ်ပါဝင်နေသကဲ့သို့ ဒေသအလိုက်လိုအပ်ချက်များ တင်ပြလာချိန်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာနနှင့်ပတ်သက်၍လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယနေ့အချိန်အထိ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ ၆၁ လုံးကိုလည်းကောင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ စာသင်ကျောင်းများ၌ ဆရာ ဆရာမများအတွက် 90 W ဆိုလာ ၃၅၆ စုံတို့ကိုလည်းကောင်း ကူညီဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ယမန်နှစ်ကလည်း ရခိုင်ပြည်နယ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနသို့ မီနီဘတ်စ်လေးစီး လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**မုဒိတာတရား ၄**

ဤမုဒိတာတရားကတော့ ကျွန်တော်၏ မွေးရပ်မြေ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လှော်ကထားအခြေခံပညာအထက်တန်းကျောင်းမှ စီးမျောလွင့်ပျံ့လာသော မုဒိတာတရားဖြစ်သည်။ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လှော်ကထားအခြေခံပညာ အထက်တန်းကျောင်းသည် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၉၃ ဖြင့် တစ်မြို့နယ်လုံးတွင် ပထမ ရရှိခဲ့ပြီး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး ထူးချွန်စွာ ပေါ်ထွက်ခဲ့သည်။ ငါးဘာသာဂုဏ်ထူးရှင် မသဲသဲဇော်သည် ဝိဇ္ဇာဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ၁၀ ဦးအနက် အဆင့် ၄ ရရှိခဲ့ကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ ကြားသိခဲ့ရသည်။ ပို၍ဝမ်းသာမိသည်မှာ ထိုကလေးသည် လှော်ကထား အထကနှင့် လေး ငါးမိုင်ခန့်ဝေးသော ကညင်တိုင်းကျေးရွာမှ လာရောက်ကျောင်းတက်သူဖြစ်ကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားမှုကို စနစ်တကျ နာယူမှတ်သား ကြိုးစားခဲ့သူဖြစ်ကြောင်း သိခဲ့ရ၍ပင်တည်း။

မမျှော်လင့်ဘဲ ပွားများရရှိခဲ့သော မုဒိတာတရားများကို ရင်ဝယ် ပြည့်သိပ်မို့မောက်စွာ သိမ်းဆည်းခဲ့သည်။ ကြည်နူးဝမ်းသာခဲ့ရသည်။ ဆက်၍ဆက်၍လည်း ဤကဲ့သို့ ကြည်လင်သန့်ရှင်းသော ၊ မွန်မြတ်သန့်စင်သော မုဒိတာတရားများစွာကို ခံစားရရှိလိုပါသေးသည်။ စာဖတ်ပရိသတ်အားလုံးသည် လည်းပဲ ထပ်တူထပ်မျှခံစားရရှိပါစေကြောင်း ထပ်လောင်းမျှဝေရေးသားတင်ပြလိုက်ရပါသည်။ ။

## ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်း ဆွေးနွေး

**မော်လမြိုင်ကျွန်း ဇွန် ၂၀**

မော်လမြိုင်ကျွန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အကြို ကျင်းပသော ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ခန်းမဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာအောင်က ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းတွင် အလှည့်ကျပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသော မြို့ပေါ်ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသားလူငယ်များက ပြည်သူ့စကားဝိုင်းဆွေးနွေးချက်များအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ရေမီတာစနစ်သုံး အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ



**ကျောက်တော် ဇွန် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားသော သရက်တစ်ပင်ကျေးရွာတွင် ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် ရေမီတာစနစ်သုံး အိမ်တိုင်ရာရောက် ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က ကျင်းပခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပြည်နယ်၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာရေကော်မတီဝင်များနှင့် ဒေသခံပြည်သူလူထုများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အမှာစကားနှင့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ရေမီတာစနစ်သုံးလုပ်ငန်းနှင့်ဆက်စပ်၍ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် စနစ်တကျရေရှည်တည်တံ့အောင် ကိုင်တွယ် သုံးစွဲကြရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ကြရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ယူနီဆက်မှ တာဝန်ရှိသူ Mr. Bishnu Pokherl က သရက်တစ်ပင်ကျေးရွာတွင် မိမိတို့ ယူနီဆက်အနေဖြင့် ရေမီတာစနစ်သုံး ကျေးလက်ပြည်သူများ အဆင်ပြေစေရန်အတွက် ကူညီပံ့ပိုးပေးရခြင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ**
**(ရမ်းဗြဲ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သစ်တောရေိယာများတွင် သဘာဝတောတန်ဖိုးမြှင့် ဧက ၂၄၀၀ ကျော်စိုက်ပျိုးမည်

**မုံရွာ ဇွန် ၂၀**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်းဧက ၂၄၂၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်ထုတ်လုပ်သည့် သစ်တောရေိယာများတွင် သစ်ပင်မျိုးဆက် ရေရှည်တည်တံ့နေရန်အတွက် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းအဖြစ် ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

"သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်းဆိုတာက သစ်ထုတ်တဲ့ရေိယာအတွင်းမှာ သစ်ထုတ်လုပ်လိုက်ပြီဆိုရင် သစ်ပင်တွေနည်းသွားတဲ့အတွက် သစ်တောရဲ့ တန်ဖိုးဟာ ကျဆင်းသွားမယ်၊ အဲဒီလိုမဖြစ်အောင် သစ်တောတွေက သစ်ထုတ်လုပ်သလိုပဲ တန်ဖိုးမြှင့်သစ်မျိုးတွေကို ပြန်လည်စိုက်ပျိုးပေးခြင်းဖြင့် သစ်တောရဲ့တန်ဖိုးကို ပြန်လည်မြှင့်တင်ပေးတဲ့အနေနဲ့ စိုက်ပျိုးတာပါ" ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းစိုးက ပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကန့်ဘလူခရိုင်အတွင်း မြို့နယ်နှစ်ခုရှိ သစ်တောကြိုးဝိုင်းနှစ်ခုတွင် ဧက ၅၀၀ ကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း မြို့နယ်နှစ်ခုရှိ သစ်တောကြိုးဝိုင်းနှစ်ခုတွင် ဧက ၃၀၀ ကိုလည်းကောင်း၊ မော်လိုက် ခရိုင်အတွင်း မြို့နယ်နှစ်ခုရှိ သစ်တောကြိုးဝိုင်းနှစ်ခုတွင် ဧက ၂၀၀ ကိုလည်းကောင်း၊ ကလေးခရိုင်အတွင်း မြို့နယ်သုံးခုရှိ သစ်တောကြိုးဝိုင်း သုံးခုတွင် ဧက ၃၇၀ ကို လည်းကောင်း၊ ကသာခရိုင်အတွင်း မြို့နယ်ခုနစ်ခုရှိ သစ်တောကြိုးဝိုင်းခုနစ်ခုတွင် ဧက ၈၅၀ ကိုလည်းကောင်း၊ ခန္တီးခရိုင်အတွင်း ဟုမ္မလင်းမြို့နယ်ရှိ သစ်တောကြိုးဝိုင်းအတွင်း ဧက ၁၀၀ ကိုလည်းကောင်း၊ တမူးခရိုင် အတွင်း တမူးမြို့နယ်အတွင်းရှိ သစ်တော ကြိုးဝိုင်းအတွင်း ဧက ၁၀၀ ကိုလည်းကောင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရပ်ကွက်လမ်းများကွန်ကရစ်ခင်းပေးပါ

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရတနာဒီပရပ်ကွက်၊ မင်္ဂလာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်နှင့်တပင်ရွှေထီးရပ်ကွက်တို့တွင် ၂၀၀၉-၂၀၁၀ မှစ၍ ဝန်ထမ်းအိမ်ရာများ ချပေးထားခဲ့ပါသည်။

ရတနာဒီပရပ်ကွက်နှင့် မင်္ဂလာဒီပရပ်ကွက်များအတွင်း ကွန်ကရစ်လမ်းများ ဖောက်လုပ်ထားပြီးဖြစ်သော်လည်း ဆင်ဖြူရှင်ရပ်ကွက်နှင့် တပင်ရွှေထီးရပ်ကွက်များတွင် ရပ်ကွက်ပတ်လမ်းများသာကွန်ကရစ်လမ်းဖောက်လုပ်ထားရှိပြီး ရပ်ကွက်အတွင်းရှိ လမ်းများအား ယနေ့တိုင်ကွန်ကရစ်လမ်း ပြုလုပ်ပေးထားခြင်းမရှိသဖြင့်မိုးတွင်းကာလများတွင်သွားလာရေး အလွန်ခက်ခဲလျက်ရှိသဖြင့် အခြားရပ်ကွက်များကဲ့သို့ ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### ရပ်ကွက်အတွင်းရှိ ညော့်ရိပ်သာ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅)ရပ်ကွက် မေတ္တာလမ်းနှင့် သတိပဋ္ဌာန်လမ်းထောင့်တွင် တည်ရှိသော ညော့်ရိပ်သာသည် စတင်ဖွင့်လှစ်သည့် အချိန်ကတည်းက ရပ်ကွက်နေသူတို့၏ ခွင့်ပြုချက်တောင်း ခံမှုမပြုခဲ့ပါ။ ထို့ပြင် ရိုးသားအေးချမ်းစွာနေထိုင်သော ရပ်ကွက်သူရပ်ကွက်သား မိကောင်းဖခင်သားသမီးပျိုများ၏ အမြင်တွင်မတင့်တယ်စေသော မဖွယ်မရာစုံတွဲများကြောင့် လူငယ်များ အတုမြင်အတတ်သင်အကျင့်စရိုက် ပျက်စီးစေပါသည်။

ထို့ပြင် ညော့်ရိပ်သာမှ မီးစက်သံကြောင့် အိမ်နီးချင်း သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးထိခိုက်စေနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ထိရောက်စွာအရေးယူပေးပါရန်နှင့် အဆိုပါ ညော့်ရိပ်သာ ကို ရပ်ကွက်တွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**

### ကြက်ခြံမှ အနံ့ဆိုးများကြောင့်ကျန်းမာရေး ထိခိုက်နိုင်

စစ်ကိုင်းမြို့နယ် တဲကြီးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာအတွင်း လုပ်ငန်းရှင်တစ်ဦး မွေးမြူထားသော ကြက်ခြံသည် အနံ့ဆိုးများ ထွက်ရှိနေသည့်အတွက် ပတ်ဝန်းကျင်နေထိုင်သူများက ဖြေရှင်းပေးရန် သက်ဆိုင်ရာသို့ သုံးကြိမ်တိတိစာတင်တိုင်ကြားထားသော်လည်း ယနေ့အထိ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသေးပါ၍ ကျန်းမာရေးထိခိုက်လာနိုင်သောကြောင့် အမြန်ဆုံးဖယ်ရှားပေးရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေပြည်သူများ**





**ဖခင် အမည်မှန်**

အထက(၂)ကျိုက်ထို တက္ကသိုလ်ဝင်တန်း(A)မှ ကျောင်းဝင်အမှတ်(၉၈၇၆) မောင်စိုးသက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းထွန်း ၁၀/ကထန(နိုင်)၁၃၇၂၅၂ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

သာပေါင်းမြို့နယ် အမက ဂုံမင်း စတုတ္ထတန်းမှ နော်ဆာဗလုဖော၏ ဖခင် စောမောင်ချစ်အား စောချစ်ဦး ဟု ပြောင်းလဲခေါ်ပါရန်။

**စောချစ်ဦး**

**အမည်မှန်နှင့်ဖခင်အမည်မှန်**

သာပေါင်း အထက နဝမတန်းမှ နော်သူးလေဖော၏ အမည်မှန်မှာ နော်သူလေးဖောနှင့် ၎င်း၏ဖခင် ဦးစီးနယာအား စောစီးနေဟု ပြောင်းလဲခေါ်ပါရန်။


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ကွင်းအမှတ်(၆၆၄)ဆင်ခေါင်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၉/၂)၊ ဧရိယာ(၁ဒသမ၃၅)ဧကရှိပုံစံ-၇ရရှိထားခြင်းမရှိသေးသည့် မြေကွက်အား ဒေါ်ယဉ်ယဉ်အေး ၁/မညန(နိုင်)၀၇၅၅၀၈က လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် (ပုံစံ-၃၀/ခ)လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည် LL.B., တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၆၄၃၆ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်သဲလွင် ၁/မညန(နိုင်)၁၆၅၈၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိုးညှင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1F/1972, Mitsubishi minicub U6/TVan(4×2)ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလွင် ၇/ကပက(နိုင်)၀၃၇၉၂၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1D/6607 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**အမည်ပြောင်း**

ဦးကျော်ရှိန် ၁၂/လမတ(နိုင်)၀၂၂၉၄၅၏သား မောင်အောင်မြတ်ဘုန်းအား မောင်မင်းမြတ်ဘုန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းမြတ်ဘုန်း**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8K/8038၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6H/2587၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) မီနီဘတ်ဂျက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အောက်ဖော်ပြပါအတိုင်း ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**
**တည်ဆောက်ရေးလုပ်ငန်းများ Lot (၁)ခု**

(၁) မြင်းကင်းလမ်းကတ္တရာခင်းခြင်း (၆၉၀၀'×၁၈'×၆") (တက္ကသိုလ်လမ်းမှ ဘိုးရတနာလမ်းထိ)
(၂) မြင်းကင်းလမ်း (ဘိုးရတနာမှ အောင်မေတ္တာ-ဃ (၆)လမ်းထိ) ကွန်ကရစ်လမ်းသစ်ခင်းခြင်း (အပိုင်း-၁) (၁၀၀၀'×၁၈'×၉")
(၃) မြင်းကင်းလမ်း (ဘိုးရတနာမှ အောင်မေတ္တာ-ဃ (၆)လမ်းထိ) ကွန်ကရစ်လမ်းသစ်ခင်းခြင်း (အပိုင်း-၂) (၂၆၆၀'×၁၆'×၉")
(၄) မြင်းကင်းလမ်း (ဘိုးရတနာမှ အောင်မေတ္တာ-ဃ(၆)လမ်းထိ) ကွန်ကရစ်လမ်းသစ်ခင်းခြင်း (အပိုင်း-၃) (၂၂၆၀'×၁၈'×၉")

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၁-၆-၂၀၁၈ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၇-၂၀၁၈ရက် (သောကြာနေ့)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၃။ အသေးစိတ်သိရှိလိုပါက မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၃-၂၅၀၄၈ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။
၃။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** ၁၇-၇-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၄း၀၀နာရီ

**(တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့)**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၃-၆၄၅၇၅၆၊ ၀၁၃-၆၄၅၇၄၈**

---

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဝန်ရကျေးရွာနေ ဦးဝင်းနိုင် ၈/စလန(နိုင်)၀၄၂၆၉၂နှင့် ဦးအောင်ဆန်းတို့သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးဝင်းနိုင်(ခ)ဦးအောင်ဆန်း**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါင်းတည်မြို့ ရှားပေါင် အထက တက္ကသိုလ်ဝင်တန်း(B)မှမောင်ကောင်းသူရ၊ သတ္တမတန်း(A)မှ မမြတ်နိုးသူတို့၏ဖခင် ဦးဖိုးဝ (ခ)ဦးအောင်တင်ဝင်း ၇/ပတတ(နိုင်) ၀၉၈၄၃၆ မှာ တစ်ဦးတည်းဖြစ်ကြောင်း။

---

## အမည်မှန်

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အထက ကျောင်း ဒုတိယတန်း(ခ)မှ (ဘ) ဦးစိုင်းသက်ဖြိုးဝင်း၏သား မောင်ရှင်မျိုးမင်း၏ အမည်မှန်မှာ မောင်စိုင်းဇင်မျိုးမင်း(ခ) စိုင်းကိုကိုကြီးဖြစ်ပါသည်။

**မောင်စိုင်းဇင်မျိုးမင်း**
**အထက(လွယ်ဂျယ်)**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု၊ တံ့တော်ကျေးရွာနေ မောင်အောင်မြင့်၊ မောင်ဝင်းထွန်း၊ မမာမာအေး၊ မောင်ဝင်းဇော်ထွန်း၊ မတင်ငွေဝင်းနှင့် မမြင့်ငွေးတို့၏ ဖခင်အမည်မှာ ဦးဝင်းမောင်(ခ)ဦးဝင်းရွှေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းမောင်(ခ)ဦးဝင်းရွှေ**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မန္တလေးတီဘီရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်အတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း(consumables)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ဆေးဝါး/ဆေးပစ္စည်းများစာရင်းကို အသေးစိတ်သိရှိလိုပါက မန္တလေးမြို့ တီဘီရောဂါအထူးကုဆေးရုံကြီးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မန္တလေးတီဘီရောဂါအထူးကုဆေးရုံကြီး**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၅၇၀၁၄**

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## မိတ္ထီလာခရိုင်တရားရုံးတော်
## ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၄၀နှင့် ဆက်နွယ်သည့်
## ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၄၂

ဦးမြဇော် နှင့် ဦးကိုကြီး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

(ယခင်လိပ်စာ)မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်နေ ဦးကိုကြီး ဒီဗွီ-၀၁၇၅၄၄ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၄၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမြဇော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်(၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မိတ္ထီလာခရိုင်တရားရုံး**

---

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက (ခွဲ) နဂါးတွင်းကျောင်း ဒုတိယတန်းမှ မယွန်းနဒီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်လှဆွေ ၉/သပက(နိုင်) ၀၄၀၉၉၂ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ဒီပဲယင်းမြို့နယ်၊ အထက(ခွဲ)နဂါးတွင်းကျောင်းတက္ကသိုလ်ဝင်တန်းမှ မောင်သက်နိုင်မိုးနှင့် သတ္တမတန်းမှ မသက်မာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၅/ဒပယ(နိုင်)၀၆၇၂၉၆ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း(B)မှမသိမ့်သဇင်ထူးနှင့် သတ္တမတန်း(C) မှ မယွန်းရွှေရည်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ထူး ၅/ရဉန(နိုင်)၀၆၀၂၃၂ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ မအေးသန္တာသိမ့်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်စိုး ၅/တဆန(နိုင်)၀၉၃၂၄၉ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ စုန်းချောင်းကျေးရွာ အထက နဝမတန်းမှ မငွေနွယ်အေး၏ ဖခင်အမည်မှန်မှာ ဦးငွေးရှိန် ၅/ယမပ(နိုင်) ၀၅၃၀၀၆ ဖြစ်ပါကြောင်း။

---

## အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း($A_1$)မှ (ဘ)ဦးသက်ထွန်း၏သမီး မဝင်းရွှေစင်ထွန်း၏ အမည်မှန်မှာ မဝင့်ရွှေဇင်ထွန်း ဖြစ်ပါသည်။

---

## အမည်မှန်နှင့်ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ ဂူယန်ကျေးရွာ အမက (၃-ဂူယန်)၊ တတိယတန်းမှ မောင်ခေါဇုန်း၏အမည်မှန်မှာ မောင်ယိန်းဇုန်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဇုန်းယိန်း ၁/မကန(နိုင်)၁၃၂၃၆၄ ဖြစ်ပါသည်။

---

## ကုန်သည်စက်မှုအသင်းချုပ်၏ သမိုင်းအချက်အလက်များ ကူညီပံ့ပိုးပေးပါရန် အကြောင်းကြားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် ၁၉၁၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ မကြာမီ ၂၀၁၉ ခုနှစ်တွင် နှစ်တစ်ရာပြည့်သို့ ရောက်ရှိတော့မည်ဖြစ်ရာ နှစ်(၁၀၀)ပြည့် အခမ်းအနားကြီးအား အကြံပေးပုဂ္ဂိုလ်များ၊ နာယကအဖွဲ့ဝင်များ၊ ညီနောင်အသင်းများ၊ အသင်းသူအသင်းသားအပေါင်းနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားတွင် အသင်းချုပ်ကို Burmese Chamber of Commerce (BCC)အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်မှ အစပြု၍ UMFCCI ဖြစ်ပေါ်လာခဲ့သည်အထိ အသင်းချုပ်၏ ပြည်တွင်းပြည်ပဆောင်ရွက်ခဲ့မှုများအားစုစည်း၍ ကုန်သည်စက်မှုအသင်းချုပ်သမိုင်းကြောင်းများ၊ ဖွဲ့စည်းခဲ့မှုများ၊ လှုပ်ရှားဆောင်ရွက်ခဲ့မှုများပါရှိသည့် နှစ်(၁၀၀)ပြည့် ဗီဒီယိုရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်နှင့် ပတ်သက်ဆက်နွယ်မှုရှိခဲ့သော လူကြီးမင်းများအနေဖြင့် အသင်းချုပ်နှင့်စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းသိမ်းဆည်းထားပါက မိမိတို့စုဆောင်းထားသော သတင်းအချက်အလက်များ၊ မှတ်တမ်းများ၊ ဓာတ်ပုံများစသည်တို့ကို ကုန်သည်စက်မှုအသင်းချုပ်သို့ ခေတ္တငှားရမ်းခြင်းဖြင့် ကူညီပံ့ပိုးပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စုဆောင်းထားသော အချက်အလက်များကို ၃၁-၇-၂၀၁၈ ရက် အင်္ဂါနေ့ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့ကူညီနိုင်ပါသည်။

**ဆက်သွယ်ရန်**
**ပြည်သူ့ဆက်ဆံရေးရာဌာန**
**ဖုန်း- ၀၁-၂၃၁၄၃၄၄ ~ ၄၉ (လိုင်းခွဲ-၁၃၅၊ ၃၂၃)၊ ၀၉-၄၅၀၂၀၀၆၄၀**
**အီးမေးလ်- pr@umfcci.com.mm**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)နှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တို့တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | AG Plant | လမ်းနှင့်တံတား | (၁) လုံး |
| (ခ) | Atomic Abosrption Spectrometer | ရေ/သန့် | (၁) စုံ |
| (ဂ) | Laboratory Refrigerator | ။ | (၁) လုံး |
| (ဃ) | Concrete Cutter (16hp), Diesel | ။ | (၃၃) ခု |
| (င) | Generator (5 KVA), Diesel | ။ | (၃၃) လုံး |
| (စ) | Dumping Machine (3ton) | ။ | (၃၃) လုံး |
| (ဆ) | Ultrasonic Flow meter (UFP-20) | ။ | (၄) လုံး |
| (ဇ) | Acorstic Bar (1.5m)(LSP-1.6) Fujitecom | ။ | (၃၅) ချောင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၆-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၄-၇-၂၀၁၈ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း ၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ပစ္စည်းများအတွက် ဖုန်း-၀၉-၅၁၉၄၁၆၃ နှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ပစ္စည်းများအတွက် ဖုန်း-၀၉-၂၅၄၈၂၉၇၀၆ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

---

## တစ်ဦးတည်းဖြစ်ပါသည်

မိတ္ထီလာမြို့နယ် တည်ပင်ကုန်း အထက(ခွဲ)၊ပဉ္စမတန်း(B)မှ မချစ်ဝိုင်းဝိုင်း (ခ) မထက်ထက်စိုးမှာ တစ်ဦးတည်းဖြစ်ပါသည်။

---

## အမည်ပြောင်း

ပျဉ်းမနားမြို့၊ အထက(၂)၊ သတ္တမတန်း(B)မှ (ဘ)ဦးသာရ၏သား မောင်လျှမ်းထက်အောင်အားမောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## စဉ့်ကိုင်မြို့နယ်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၆

မသူဇာထက် နှင့် ကိုသိန်းလွင်(ခ)ကိုချမ်းမွန်
**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ ပေါင်မြို့နယ်၊ အလုပ်ကျေးရွာနေ ကိုသိန်းလွင်(ခ) ကိုချမ်းမွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မသူဇာထက်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဦးပြည့်စုံ)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပခုက္ကူခရိုင်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်ရွှေကြည် နှင့်
၁။ ဒေါ်လေးတင်
၂။ ဒေါ်ဝင်းသန်းငွေ
၃။ ဒေါ်မြစန်းကြည်
၄။ ဦးနေလင်း
၅။ ဒေါ်အေးမြင့်သန်း
၆။ ဦးအောင်စံဖြိုး
၇။ ဒေါ်ညို(ခ)ဒေါ်သောင်းသောင်းအေး
၈။ ဒေါ်ခင်စန်းမြင့်
၉။ ဒေါ်အေးချမ်းမြေ့
၁၀။ ဦးရဲဇာနည်
၁၁။ ဦးဇော်လှိုင်မြင့်
၁၂။ ကိုစန်းသီ
၁၃။ မစန်းမေ
(သဘာဝအုပ်ထိန်းသူ ဒေါ်လေးတင်)

**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ မြင်ကဝကျေးရွာအုပ်စု၊ အောက်ဆိပ်ကျေးရွာအရှေ့ပိုင်းနေ ဦးနေလင်း(ယခုနေရပ်လိပ်စာမသိ)၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ မြင်ကဝကျေးရွာအုပ်စု၊ အောက်ဆိပ်ကျေးရွာအရှေ့မြောက်ပိုင်းနေ ဦးအောင်စံဖြိုး (ယခုနေရပ်လိပ်စာမသိ)နှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ မြင်ကဝကျေးရွာအုပ်စု၊ အောက်ဆိပ်ကျေးရွာအရှေ့ပိုင်းနေ ဒေါ်ခင်စန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

တရားလိုက အဖေတူအမေကွဲ မောင်နှမများ အမွေစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုထားသည်ရှိ၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်မြတ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပခုက္ကူခရိုင်တရားရုံး**

---

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၈-၁၉ ပညာသင်နှစ် ဆဋ္ဌမတန်း(င)မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်အုံးလွင် ၉/မနမ(နိုင်)၁၀၅၈၂၉ ဖြစ်ပါကြောင်း။

**ဦးဉာဏ်အုံးလွင်**

---

## ဖခင်အမည်မှန်

တာချီလိတ် အထကကျောင်း နဝမတန်းမှ မောင်ကျော်ဟန်၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းနိုင် ၈/ရနခ (နိုင်)၀၇၈၁၁၇ ဖြစ်ပါကြောင်း။

**ဦးရဲဝင်းနိုင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/1128, Toyota Mark II Gx10,S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးထွဋ် ၁၂/ပဇတ(နိုင်)၀၀၂၁၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

---

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ စတုတ္ထတန်း(D)မှ မောင်ဂွမ်ဖန်းအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်နော် ၁/မကန(နိုင်)၁၂၀၅၆၂ ဖြစ်ပါသည်။

---

## မိဘအမည်မှန်

နေပြည်တော်၊ ဇေယျာသီရိ၊ အထက(ခွဲ) ခေတ်အေး စတုတ္ထတန်းမှ မောင်ပိုင်ဖြိုးကျော်၏ မိဘအမည်မှန်မှာ ဦးဆန်းမောင် ၉/တကန(နိုင်)၁၀၆၃၃၇ နှင့် ဒေါ်မြင့်မြင့်ခိုင် ၉/ဝတန(နိုင်)၁၃၄၈၃၁ ဖြစ်ပါကြောင်း။

**ဦးဆန်းမောင်-ဒေါ်မြင့်မြင့်ခိုင်**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6038 Forland ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ထွန်း ၁၀/ပမန (နိုင်)၀၃၆၅၄၁ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းစည်းဝေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၀**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လုံခြုံရေးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❑

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၂၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ကြည့်ရှုအားပေးသည်။

ပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်း ပြည်ပကျောက်မျက်ရတနာကုန်သည်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက (၅၅) ကြိမ်မြောက်

*စာမျက်နှာ ၄ ကော်လံ ၁* ❀



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် မြန်မာ့ပုလဲအတွဲများကို ကြည့်ရှုစဉ်။ သတင်းစဉ်

